www.burmeseclassic.com

ရွှေပဒေသာစာပေ

# မိုးစက်ပွင့်

## အချစ်ဟောင်းရဲ့ရင်ခွင်သစ်



( အချစ်လုံးချင်းဝတ္ထုသစ် )

www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

ပုံနှိပ်ထုတ်ဝေခြင်း – ပထမအကြိမ်၊
၂၀၁၅၊ အောက်တိုဘာလ။

ထုတ်ဝေသူ – ဦးအေးလွင် (၀၀၄၀၅)
ရွှေပဒေသာစာပေတိုက်
အမှတ် (၃၃)၊ ကျီတော်လမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်မြို့။

မျက်နှာဖုံးနှင့်
အတွင်းပုံနှိပ်သူ – ဦးအေးလွင် (၀၀၂၄၀)
ရွှေပဒေသာအော့ဖ်ဆက်
အမှတ် ၃၃၊ ကျီတော်လမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်မြို့။

ဖြန့်ချေး – ၁၆၀၀ ကျပ်
အုပ်ရေ – ၅၀၀ အုပ်

၈၉၅ ・ ၈၃

မိုးစက်ပွင့်
အချစ်ဟောင်းရဲ့ရင်ခွင်သစ် / မိုးစက်ပွင့် – ရန်ကုန်၊
ရွှေပဒေသာစာပေ ၊ ၂၀၁၅ ။
၂၈၀ – စာ ၊ ၁၂ ・ ၃ × ၁၈ စင်တီ။
(၁) အချစ်ဟောင်းရဲ့ရင်ခွင်သစ်



မိုးစက်ပွင့်


# အချစ်ဟောင်းရဲ့ရင်ခွင်သစ်

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁)

"ဝုတ် ဝုတ် ဝုတ်"

"ညောင်"

"ဝုတ် ဝုတ်"

"ညောင်"

ခွေးဟောင်သံနှင့် ကြောင်အော်သံကြောင့် ဘေစင်မှာ လက်ဆေးပြီး ကပျာကယာ လက်သုတ်ကာ အပြင်သို့ ပြေးထွက်လာခဲ့၏။ ကြောင်လေးက သူမရဲ့အချစ်တုံးလေးလေ။ ခွေးက ဟိုဘက်အိမ်က ခွေးရုတ်။ လူအလစ်မှာ ကြောင်လေးကိုကိုက်လို့ကတော့ အသေပဲလို့ စိတ်ထဲမှာ ကြိမ်းဝါးရင်း ထွက်လာခဲ့တာ။

အပြင်ကိုရောက်တော့ လှမ်းကြည့်ပြီး ရင်ထိတ်သွားရ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဝုတ် ဝုတ် ဝုတ်"

"ညောင်"

"ဝုတ် ဝုတ် ဝုတ်"

ကြောင်လေးက မလေးရှားပိတောက်ပင်ပေါ်မှာဖြစ်ပြီး ခွေးစုတ်က မော့ကြည့်ပြီးဟောင်နေတာ။ မတော်လို့ ကြောင်ကသာ အောက်ကိုခုန်ချရင် ပြေးကိုက်မယ်ဆိုပြီး အောက်က စောင့်နေပုံ။ ကြောင်က ကိုယ့်ကြောင်လေးမို့ ခွေးကို ဒေါသဖြစ်သွား၏။

ကြောင်သာ တစ်ခုခုဖြစ်လို့ကတော့ ခွေးရော ပိုင်ရှင်ရော အသေပဲ။ ပန်းအိုးဘေးမှာ အုတ်ခဲပိုင်းကိုမြင်တာနှင့် ပြေးကောက်ပြီး ခွေးကိုပစ်လိုက်တော့ . . .

"ဟောင်း"

"အံမယ်"

"ဟောင်း"

ခွေးက အာရုံပြောင်းသွားပြီး သူမကို မာန်ဖီလေလျှင် အုတ်ခဲပိုင်းကို ဘယ်ရော ညာလက်ပါ ကောက်ကိုင်ပြီး နောက်ထပ် ပစ်ပေါက်လိုက်၏။

"ကဲ"

"ဘုတ်"

"ဟောင်း"





"ဘုတ်"

"ဂိန် ဂိန် ဂိန်"

တစ်ခါမှန်ရုံနှင့် အားမရလို့ နောက်ထပ် ထပ်ကောက်ပြီး . .

"ခွေးစုတ် . . . ကဲ"

"ဂိန် ဂိန် ဂိန်"

ခွေးက အော်ပြီးပြေးလေမှ ခါးကိုထောက်ပြီး ကျေနပ်စွာ ကြည့်နေမိသည်။ မတည့်ကြဆို တိရစ္ဆာန်ကာစ မတည့်တာ။ ခွေးပိုင်ရှင်ကလည်း အဲဒီခွေးလိုပဲ လူကိုမြင်တာနဲ့ ရန်ထောင်ပြီးကိုက်ချင်တဲ့ကောင်။ အခုထိ မိန်းမ မရပဲ လူပျိုကြီးဖြစ်နေတာပဲ တွေးကြည့်။ သူကိုက ဘုကန့်လန့်ဝှစာ။ အဲဒါကြောင့် ယူမယ့်သူမရှိတာ။

"ဘယ့်နှယ်လဲ ခွေးစုတ် ခွေးပြုတ် ခွေးဖီနပ်။ ထိတောင် နည်းသေးတယ်။ ငါ့ကြောင်ကို ကိုက်လို့ကတော့ ကိုက်တဲ့ပါးစပ် ဖြတ်ပြီး စွပ်ပြုတ်လုပ်သောက်ပစ်မယ်"

"ဟဲ့ . . . ချစ်ကြိုး"

"ဟာ"

"တစ်ယောက်တည်း ဘာတွေ ဆီမန်းမန်းနေတာလဲ"

"ဟိုဘက်အိမ်က ခွေးစုတ်လေ။ ကြောင်ကို သူက ကိုက်ဖို့ ချောင်းနေတာ"

"အဲဒါနဲ့ ဘာလုပ်လိုက်ရောလဲ"



www.burmeseclassic.com

www.burmeseclassic.com



"အုတ်ခဲနဲ့ ပစ်ထည့်လိုက်တာပေါ့"

"မှန်သွားရောလား"

"ကွက်တိပဲ"

"ချစ်ကြိုးရယ်"

ချစ်နှင်း ညီမဖြစ်သူကိုကြည့်ပြီး ခေါင်းသာခါလိုက်မိတော့သည်။ သူမက အပျိုကြီးဆိုတာ အိမ်ထောင်ရေးကိစ္စ စိတ်ကိုမဝင်စားလို့ အပျိုကြီးဖြစ်နေတာ။ ချစ်ကြိုးကျတော့ အပျိုကြီးစာရင်းဝင်ပြီပေမယ့် အိမ်ထောင်မပြုဘူးဆိုတဲ့စကား လုံးဝမပြောပေ။

"လူဖြစ်ပြီး အချစ်နဲ့ကင်းရင် ဘဝက ကန္တာရလို ခြောက်သွေ့သွားမှာပေါ့။ ချစ်ကြိုးကတော့ အချစ်နဲ့မကင်းနိုင်ပါဘူး။ လိုအပ်ရင် 'ရင်ခွင်တစ်ခု အလိုရှိသည်' လို့ ကြော်ငြာပစ်လိုက်မှာပေါ့"

လို့ပြောတဲ့သူ။ အဲဒီလိုပြောတဲ့ကြားက ဘာလို့ အပျိုကြီးဖြစ်နေသလဲဆိုရင် လူက စိတ်ကြမ်း ကိုယ်ကြမ်းလေ။ ရည်းစားထားသမျှ မြဲသည်မရှိ။ ပြီးတော့ တစ်ဖက်ကောင်လေးတွေက လက်ထပ်ခွင့် တောင်းပြီဆို ဖြတ်ပစ်လိုက်ပြန်ရော။

စိတ်တိုင်းမကျလို့တဲ့လေ။

သူ့စိတ်တိုင်းကျတဲ့လူ တွေ့ရော တွေ့ပါဦးမလားမသိ။ အပျိုကြီးမလုပ်ဘူးလို့လည်း ပြောထားတော့ ဖူးစာမှန်တဲ့လူနဲ့ကျရင် စိတ်ပြောင်းသွားမလားဘဲ။





"ချစ်ကြိုး"

"ရှင်"

"ကွက်တိပဲဆိုတော့ ခွေး ဘာဖြစ်သွားသေးလဲ"

"ခြေကျိုးမလားဘဲ"

"ဟယ်"

ချစ်နှင်း မျက်လုံးပြူးရတော့၏။ ဟိုဘက်ကလည်း သူ့ခွေးကို အထိခံတာ မဟုတ်တော့ ဘာဖြစ်ဦးမလဲ။

"နင်တော့ ပြဿနာကို လျှပ်စစ်နဲ့တွဲပြီး ရှာလာတာပဲ"

"မီးခွက်ထွန်းရှာတယ်ပဲ ကြားဖူးပါတယ် မမရယ်"

"ဟဲ့ ... မီးခွက်က လေတိုက်ရင်သေမှာ၊ လျှပ်စစ်မီးက ၂၅၀၀ နာရီ အော်တိုမစ်တစ် လင်းနေတာပဲဥစ္စာ"

"အဲဒီပြဿနာက အိမ်ကိုရောက်လာတာလေ"

"ဟိုက သိရင်တော့ မိုးမီးလောင်ဦးမယ်"

"အံမာ ... ဘာကြောက်စရာလိုလို့လဲ။ အဲဒီကောင်ဖောက်ကတော့ စာကလေးကို အမွေးနုတ်ပြီး ပြုတ်သုပ်စားလို့တောင် ရသေးတယ်"

"သတ္တိရှိရင် လာနုတ်ကြည့်စမ်း"

"အမ်"

"ဘုရား"



www.burmeseclassic.com

www.burmeseclassic.com



အကျီလက်ကို ခေါက်တင်ရင်း ပြောလိုက်တဲ့လူက ဆီဇာနေသူပေါ့။ ကိုယ့်အာရုံနှင့်ကိုယ် ပြောနေကြလို့ သူလာတာကို မသိလိုက်။ မျက်လုံးတွေက ချစ်ကြိုးကို စားတော့ ဝါးတော့မတတ် ပုံစံနဲ့။

"နင်က ဘယ်အမွေးကို နုတ်ချင်တာလဲ၊ လာနုတ်လေ"

"နင် မမိုက်ရိုင်းနဲ့နော်"

"ခေါင်းလား။ အဝတောင်ပံလားလို့ မေးတာ။ အခု ငှါခွေး ခြေကျိုးသွားပြီ၊ နင် ဘယ်လိုလုပ်ပေးမှာလဲ ပြော"

"ဘာမှလုပ်ပေးစရာမလိုဘူး။ နင့်ခွေးက ငှါကြောင်ကို ကိုက်ဖို့ ချောင်းနေလို့ ပစ်လိုက်တာ ဘာဖြစ်လဲ"

"ကိုက်ရင်ပစ်ပေါ့၊ အခု မကိုက်ဘဲနဲ့ နင်ပစ်လိုက်တာ"

"ပစ်တယ် ... နင် ဘာလုပ်ချင်လဲ ပြော"

"ဟာ"

"ဟဲ့ ဟဲ့ ... နေကြပါဦး။ နင်တို့နှစ်ယောက်ဟာလေ မတွေ့လိုက်နဲ့ တွေ့လိုက်တာနဲ့ တကျက်ကျက်ပဲ"

"အဲဒီလို ကျက်အောင် မမနှင်းညိုမပဲ လုပ်နေတာ"

"စိတ်ညစ်လိုက်တာဟာယ် တကယ်ပဲ"

နှင်းက ရှုံ့မဲ့မဲ့နှင့် ညည်းညူလေသည်။ ဒီနှစ်ယောက်က ခြံချင်းကပ် ငယ်သူငယ်ချင်းတွေဖြစ်ပြီး မတည့်ကြ။ ခွေးချစ်သူနဲ့ ကြောင်ချစ်သူ။ ကိုစွာတေးနဲ့ မဂျမ်းပုံလေ။ ခွေးသမားက ခွေးထိရင်





မခံသလို ကြောင်သမားကလည်း သူ့ကြောင်ကို အထိမခံ။

နေသူကလည်း ချစ်ကြိုးကို မိန်းကလေးရယ်လို့ အလျှော့မပေး။ သူတို့နှစ်ယောက်တူတာတစ်ခုက နေသူဆိုတဲ့ကောင်က ချစ်ကြိုးလိုပဲ ရည်းစားများပြီး မိန်းမ မယူ၊ လူပျိုကြီးဖြစ်နေတာ။

"ဘာမှစိတ်ညစ်စရာမလိုဘူး မမ။ ချစ်ကြိုးကြောင် သူ့အိမ်သွားတုန်းက ဟင်းခိုးစားမှာစိုးလို့ဆိုပြီး ရိုက်လွှတ်တာ"

"ဒါဆို နင်က လက်စားချေတာပေါ့ ဟုတ်လား"

"ဟုတ်တယ်"

ချစ်ကြိုးက လက်ပိုက်၍ ခေါင်းမော့ကာ ပြောလေလျှင် ...

"နင်တော့ ... တောက်"

"ကဲပါ ... နေသူရယ်၊ ချစ်ကြိုးအစား မမ တောင်းပန်ပါတယ်"

"မမတောင်းပန်ရုံနဲ့ ကျွန်တော့်ခွေး ခြေကျိုးသွားတာ ပြန်ကောင်းမလာဘူး"

"အဲဒီတော့ ရိုက်သတ်ပစ်လိုက်ပေါ့"

"ဘာ ... မိဂျမ်း"

နေသူ ရှေ့လည်းမတိုး နောက်လည်းမဆုတ်၊ လက်သီးကို သာဆုပ်၍ အော်လေ၏။ ချစ်ကြိုးက ရှေ့တိုးပြီး ...

"ဘာ ... မိဂျမ်းလဲ"



www.burmeseclassic.com

www.burmeseclassic.com



“နင်ကြမ်းလို့ မိဂျမ်းခေါ်တာ ဘာဖြစ်လဲ”

“မခေါ်နဲ့”

“ခေါ်မယ်”

“နင်”

“ဟဲ့ . . . တော်ကြစမ်း”

ဒီတစ်ခါ နှင်းအသံက မာမာပြတ်ပြတ် ဖြစ်သွားသည်။ သူမမှ ဝင်မပါရင် ဒီနှစ်ယောက်ရန်ပွဲက ပြီးမှာမဟုတ်တော့။ တစ်ရစ်ပြီး တစ်ရစ် ရှည်နေကြတာ စကားနဲ့သာဖြစ်ပြီး လက်ပါကြတာလည်း မဟုတ်။ ပါလို့ရော ဘယ်ဖြစ်ပါ့မလဲလေ။ ယောကျ်ားနဲ့မိန်းမပဲဥစ္စာ။

“ဦးစီးတော့ ပဲ့ကထောင်၊ ပဲ့စီးတော့ ဦးကထောင် ဘယ်လို ဖြစ်နေကြတာလဲ။ ဒီလောက်တောင်ဖြစ်ချင်နေကြရင် ပါးစပ်နဲ့တင် မဖြစ်ကြနဲ့ အဲဒီမှာ နပန်းလုံးကြ”

“ဟင်”

“မမ”

“တုတ်ယူမလား။ ဓားယူမလား ပြော”

“ဘာမှမယူဘူး”

ပြိုင်တူပြောပြီး တစ်ယောက်ကိုတစ်ယောက် ကြည့်ပုံက ပေစောင်းစောင်း ရွဲ့တဲ့တဲ့။ ဒီနှစ်ယောက်က တည့်လည်းမတည့် တစ်ယောက်ဒုက္ခရောက်ရင် တစ်ယောက်က မကူညီဘဲ နေနိုင်တာ





လည်း မဟုတ်။

“ဒီမှာ မိဂျမ်း”

“ဘာလဲ”

“ဒီတစ်ခါတော့ ရှိပါစေ၊ နောက်တစ်ခါ ငါ့ခွေးကို ထိရင် နင် မလွယ်ဘူးမှတ်”

“နင့်လည်း ကိုယ့်ခွေး ကိုယ်နိုင်အောင်ထိန်း။ ငါ့ကြောင်ကို လာထိလို့ကတော့ ဒီတစ်ခါ အသေပဲ”

“ဒီမှာ”

နှင်း ဒီမှာဆိုတော့ နှစ်ယောက်စလုံး စိတ်ဝင်စားသလိုကြည့်သည်။ ကိုယ်က လူကြီးဆိုတော့ ချော့မရရင် ကြမ်းဆုံးမရတော့မှာပဲ ပေါ့။

“မေ့တာက ခြံချင်းကပ်၊ အိမ်နီးနားချင်းဆိုတာ သူ့ခွေး တောင် အိုးကင်းပုံ့ အငှားမကင်းဘူးလို့ ဆိုရိုးရှိတယ်လေ။ နင်တို့ တင်းကြလို့လား။ ကင်းနိုင်ရင်ဖြစ်ကြ”

ပြောတဲ့သူကပြောပြီး ခြေဆောင့်ထွက်သွားလေလျှင် မကျေနပ်နိုင် ကျန်ခဲ့ရသူနှစ်ဦးမှာလည်း ဆွဲသူရှိတုန်းက ဆင်ဖမ်းမယ် ကျားဖမ်းမယ်ဖြစ်ပြီး ဆွဲသူမရှိတော့မှ ဆွဲလေဆိုတဲ့အဖြစ်မျိုး။

“နင် ကြပ်ကြပ်သတိထား”

“အောင်မယ်”



www.burmeseclassic.com

www.burmeseclassic.com



"ကြောင်ကိုပြောတာ"

"ဘာ"

တစ်ခုခုပြန်ပြောမလို့ပြင်တော့ နေသူက ထွက်သွားပြီ။ ဒါ ကိုယ့်ကို ကြောင်မလို့ပြောတာနဲ့ ဘာထူးသလဲ။ ခွေးကောင် နေသူ . . . နောက်နေ့မှ တွေ့ဦးမယ် . . . သင်း။

❋ ❋ ❋



## အခန်း (၂)

ဆီဇာပိုင်ဖြိုးသူ့ စာကျက်နေရင်း ကြောင်လေးကိုမြင်လိုက်ရသဖြင့် စာအုပ်ကိုချပြီး လိုက်ဖမ်းပေမယ့်မရ။ ဒီကြောင်ကလည်း မနာလိုတာ။ သူ့အိမ်မှာ ဘယ်လောက်ပဲဟင်းကောင်းနဲ့ကျွေးကျွေး သူတို့အိမ်က ဟင်းတွေကို ခိုးစားရမှ ကျေနပ်သလားမသိ။

ကိုကြီး ခဏခဏရိုက်လွှတ်လို့ လူမြင်ရင် အကပ်မခံဘဲ ပြေးသည့်တိုင် ဒီအိမ်ကိုတော့ မလာဘဲမနေ။ ကိုကြီးကလည်း အမြင်ကတ်။

"လာ လာ မီ မီ မီ"

"ညောင်"

"မီ မီ မီ"



www.burmeseclassic.com

www.burmeseclassic.com



"ညောင်"

"လာ လာ လာ"

ကြောင်က ပြန်ကြည့်ပြီးအော်လိုက် ပြေးလိုက်ပါပဲ။ ပိုင်ပိုင်ကလည်း မိမလားလို့ လိုက်နေတာ။ မမကြောင်နဲ့ ကိုကြီးခွေးကို တည့်အောင်လုပ်ပေးမလို့လေ။ ခွေးနဲ့ကြောင် တည့်သွားရင် လူချင်းလည်း . . .

"ဟာ . . . ဟော့ကောင်"

"ဟင်"

ကုန်းကုန်းနဲ့ ကြောင်နောက်ကိုလိုက်နေတဲ့ ပိုင်ပိုင့်ကို မြင်တော့ . . .

"မင်း . . . အဲဒါ ဘာလုပ်နေတာလဲ"

"ကြောင်ဖမ်းမလို့"

"ကြောင်သူခိုးကို မိတော့ ဘာလုပ်မှာလဲ"

"ရိုက်ချက်စားမှာပေါ့ ကိုကြီးရ"

"ဘာ"

နေသူ အော်လိုက်ပေမယ့် ပိုင်ပိုင့်ရုပ်က စပ်ဖြီဖြီရယ်။

"အေး . . . အဲဒါမှ မိုးတင်မကဘူး သမုဒ္ဒရာခုနစ်စင်း မြစ်မင်းတစ်ဆယ့်သုံးသွယ်ပါ မီးလောင်မှာ"

"အဲဒီတော့လည်း မီးသတ်တွေရောက်လာလိမ့်မယ်ပေါ့"





"ဟော့ကောင်"

"ဗျာ"

"ဟိုက စွာလန်တေးမနေနဲ့"

""မကြောက်ပါဘူး"

"အံမယ်"

"ဝုန်း"

"ဟာ"

"အင်"

နေသူအခန်းထဲကထွက်လာတဲ့အသံမို့ နစ်ယောက်သား သွားကြည့်လိုက်စဉ် . . .

"ခွမ်း"

"အမေ့"

"ဗုဒ္ဓေါ"

ကြောင်ခုန်ချလေသဖြင့် စာအုပ်တွေပြိုကျ၊ ပန်းအိုးကလည်း မှောက်ကျတာကို မြင်လေလျှင် . . .

"ကုန်ပြီ . . . ကုန်ပြီ"

"ဟော . . . ကိုကြီး"

"ဘာလဲကွ"

"ဖမ်း ဖမ်း . . . ညှပ်ဖမ်းရအောင်"



www.burmeseclassic.com

www.burmeseclassic.com



"တောက် . . . တွေ့မယ်ကြောင်စုတ်"

"ငီ ငီ ငီ"

ဗီရိုပုလေးနောက်ကွယ်ရောက်နေတဲ့ ကြောင်ကို နှစ်ယောက် ဖမ်းကြလေလျှင် နေသူ ကြောင်ကိုမိသွားပေမယ့် . . .

"ဒုတ်"

"အား"

ဗီရိုနဲ့ခေါင်း ဆောင့်မိသွားပြီး မျက်နှာရှုံ့မဲ့သွားပေမယ့် ကြောင်ကိုတော့ လွှတ်မပေးပေ။ ဒီကြောင်ကို ပညာပေးဖို့အတွက် လူက အရင်အနာခံလိုက်ရတာ။ တွေ့မယ်ဒီကြောင်။ ကြောင်ရုပ်မပေါက်အောင် လုပ်လွှတ်လိုက်ဦးမယ်။

အဲဒါမှ ကြောင်မမ အသည်းကိုကွဲခတ်တာထက် ဆတ်ဆလူးခါသွားမှာ။ တွေ့ကြသေးတာပေါ့ ချစ်ကြိုးရယ်။ သူများခွေးကို ခြေကျိုးအောင်လုပ်လွှတ်တာ သူ့ကြောင်လည်း ဒီလောက်တော့ ခံရမှာပေါ့။ ချစ်ကြိုးမ သူကပဲ ချည်နိုင်မလား ကိုယ်ကပဲ ကျိုးအောင် ချိုးနိုင်မလားဆိုတာ။

"ကျွန်တော့်ကိုပေး ကိုကြီး"

"ဘာလို့ပေးရမှာလဲ မပေးဘူး"

"ဗျာ"

"သွား . . . ဖေဖေ့ဆံပင်ဆိုးဆေးဘူးနဲ့ မင်းဆံပင်ကိုဆိုးတဲ့





ဆေးဘူး ယူလာခဲ့"

"ဘာလုပ်မလို့လဲ"

"ဒီကြောင်ကို အဖြူကနေ အကျားဖြစ်အောင် လုပ်ပေးမလို့"

"မိုးကြိုးတွေ ပစ်ကုန်တော့မှာပဲ"

"ပိုင်ပိုင်"

"ဗျာ"

"ငါနိုင်းတာကိုပဲလုပ်"

"ဟုတ်"

ပိုင်ပိုင် ထသွားလေတော့ နေသူ ကြောင်မွေးတွေကို ဟိုတစ်ကွက် ဒီတစ်ကွက် ကတ်ကြေးနဲ့ညှပ်ပစ်လိုက်၏။ ဒါမှ ဒီကြောင် အလှပျက်မှာ။

အင်း။

ချစ်ကြိုး . . . ချစ်ကြိုး။ ငါ့ခွေးလို ခြေထောက်မကျိုးပေမယ့် နင့်ကြောင် အရုပ်ဆိုးတာကိုမြင်ရင်တော့ မယ်မင်းကြီးမ ငိုခြင်းချမှာ မြင်ယောင်ပါသေးရဲ့။ ရည်းစားထားပြီး အိမ်ထောင်မပြုတာ ဒီကြောင်နဲ့ ညားနေသလားမှ မသိတာ။ ကြောင်က ရှုန်းတော့ ဗိချုပ်ထားကာ . . .

"ပိုင်ပိုင်"

"ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"မြန်မြန်လာကွ"

"ကိုကြီးကလည်း ခြေထောက်က စက်တပ်ထားတာမှ မဟုတ်တာ"

"ဆင်ခြေမပေးနဲ့ မြန်မြန်လာ"

"လာပြီ"

ပိုင်ပိုင်ရောက်လာတော့ ကြောင်ကိုကြည့်ပြီး မှဲ့သွားကာ..

"အလှုပျက်ပါပြီ"

"မင်းက ဘုန်းကြီးပစ္စည်း ဒကာမနှမြော လုပ်နေတာလား"

"မမကြိုးကို သနားလို့ပါ"

"အဲဒါဆို သူ့ရှေ့သွားပြီး လဲသေပြလိုက်"

"ဟာ ... ဘာလို့သေရမှာလဲ"

"အဲဒါဆိုလုပ် ဆေးစပ်"

ကိုယ့်ဂါထာနဲ့ကိုယ် အာပြီတယ်ဆိုတာ ဒါမျိုးပေါ့။ ပိုင်ပိုင် ကြောင်လေးကို လိုက်မဖမ်းခဲ့ရ အကောင်းသား။ ခုတော့ သူ့ခမျာ ဝိန္ဓပင်တောင်မှ ခေါင်းပြောင်ရသလေးဆိုတာမျိုး။ အမွေးတွေက ညှပ်ထားလို့ ဟိုတစ်ကွက် ဒီတစ်ကွက်။ ကိုကြီးကို မလွန်ဆန်နိုင်လို့ ဆေးစပ်ပေးရပေမယ့် စိတ်မကောင်းဘူး။ လက်တွေကတုန်နေလျှင်..

"ဟော့ကောင်"

"ဗျာ"





"ဘာလဲ နတ်ပူးနေတာလား"

"အဟဲ"

"ခွီး"

ကြောင်က ရုန်းမရလို့ ခွီးခနဲလုပ်လေလျှင် ...

"ကြောင်စုတ် ငြိမ်ငြိမ်နေစမ်း"

"ခွီး"

"ကိုကြီး ကုတ်ပြေးနေဦးမယ်နော်"

"ငါ့ကုတ်ရင် ဓွပ်ပြုတ်ပြုတ်သောက်ပစ်မယ်"

"ခွီး"

"တောက် ... ကဲ"

ကြောင်ကိုချုပ်ပြီး ဆေးသုတ်ခြင်းအလုပ်ကို စတင်လေတော့သည်။ ကြောင်ရဲ့ဘေးမှာ အနက်ရောင်နှင့် ၂၀၁၅ ဆိုတဲ့စာတန်းကို အရင်ဖော်ပြီး မညှပ်ပဲထားတဲ့နေရာမှာ အဖြူအတိုင်းထားတော်။ ညှပ်ထားတဲ့နေရာတွေမှာ အနက်ရောင်ရွှေရောင်ကို ကွက်တိကွက်ကြားဆိုးပေးပြီး မျက်နှာကို တစ်ပြင်လုံး အနက်ရောင်သုတ်ပေးလေလျှင် ချစ်စရာကောင်းတဲ့ ကြောင်ဖြူလေး အရုပ်ဆိုးသွားပြီပေါ့။

"ခွီး"

"အာ"

"ခွီး"



www.burmeseclassic.com

www.burmeseclassic.com



"အား ... ကုတ်ပြီ ကုတ်ပြီ"

"ကိုကြီး ... လွှတ်ပေးလိုက်တော့လေ"

"လွှတ်ပေးလိုက်ရင် ပိုကုတ်မှာပေါ့"

"ခွီး"

"အား"

ဆေးဆိုးပြီးလို့ လက်ကိုဖွပေးလိုက်တာနှင့် ကြောင်က ရင်ဘတ်ကိုကုတ်ပြီး ခုန်ထွက်ပြေးလေသဖြင့် နေသူ ငယ်သံငယ်ရင်းပါ အောင် အော်ကာ ကျန်ခဲ့လေတော့၏။

❋ ❋ ❋



## အခန်း (၃)

"ညောင်"

"..............."

"ညောင်"

"ဟင်"

ပန်းပွင့်ကြော်အိုးကိုချပြီး ကြောင်သံကြားရာသို့ ချစ်ကြိုး လှည့်ကြည့်လိုက်သည်။ မတွေ့တာနှင့်။

"မိတုတ်"

"ရှင်"

"နောက်တစ်အိုး နင်ပဲ တည်လိုက်တော့"

"ဟုတ်"



www.burmeseclassic.com

www.burmeseclassic.com



အသံကြားပြီး ကြောင်ကို မတွေ့ရ။ ဘယ်က အော်နေပါလိမ့်။

"ညောင်"

"ဟင်"

"ညောင်"

"ဟော"

ကိုယ့်အနားက အော်နေပြီး ခြေထောက်ကို ပွတ်သီးပွတ်သပ် လာလုပ်တာမို့ ငုံ့ကြည့်လိုက်စဉ် . . .

"အမယ်လေး"

". . . . . . . . . . . . . . . . ."

"ဘာကောင်ကြီးလဲ လုပ်ပါဦး"

"ညောင်"

"ကြောက်တယ် ဘာကောင်ကြီးလဲ"

"မမလေး"

"လုပ်ပါဦး မိတုတ်ရဲ့ ဘာကြီးလဲ"

"ဒုတ်"

"အား"

မျက်စိစုံမှိတ်ပြီး ပြေးမိပြေးရာပြေးလေတော့ စားပွဲစွန်းကို ဝင်တိုက်မိလေသည်။ နာတာနဲ့ ကြောက်တာရောပြီး ဒူးကမနိုင်။





ထိုင်ချလိုက်တော့ ကြောင်က လိုက်လာပြီး ခြေထောက်နားမှာ ပွတ်သီးပွတ်သပ်။

"ညောင်"

"ဘာကောင်လဲ မလာနဲ့သွား"

"မမလေး"

"လုပ်ပါဦး မိတုတ်ရဲ့ ဘာကောင်ကြီးလဲ"

"ကြောင်ပါ မမလေးရဲ့ ကြောင် . . . ကြောင်"

"ကြောင်"

"ဟုတ်တယ်"

ကြောင်ဆိုလို့ မျက်လုံးကို ဖွင့်ကြည့်လိုက်တော့ ဟုတ်ပါရဲ့။ ကြောင်မှကြောင်အစစ်ပါပဲ။ ဒါပေမဲ့ . . . သူမကြောင်လေး ဖြူစွတ်တော့ မဟုတ်ပေ။ ဒါ . . . ဘယ်သူ့ကြောင်လဲ။

"ညောင်"

သူမကို မော့ကြည့်ပြီး အော်နေတဲ့ကြောင်လေးကို ပွေ့ယူလိုက် တော့ . . .

"ဟယ်"

လက်ကို တစ်စုံတစ်ရာတွေက ပေကျံသွားလေလျှင် ချစ်ကြီး အံ့သြသွားရ၏။

"ဘာတွေလဲ"



www.burmeseclassic.com

www.burmeseclassic.com



လက်ကိုထောင်ကြည့်ပြီး ပြောလိုက်တော့ မိတုတ်ကပါ ကြောင်ကို ကိုင်ကြည့်ကာ လက်မှာပေတဲ့အရာတွေကို နမ်းကြည့်ပြီး . . .

"ဆံပင် . . . ဆံပင်ဆိုးဆေးတွေထင်တယ် မမရဲ့"

"ဟောတော့"

"ဒီမှာကြည့် . . . ဆံပင်ဆိုးဆေးတွေဆိုးထားတာ"

"ဟုတ်ပါရဲ့အယ် . . . ဒီမှာ ကြောင်မွေးတွေမရှိတော့ဘူး။ ဒါ ဒါ . . . ကတ်ကြေးနဲ့ကိုက်ထားတဲ့ပုံပဲ"

"ဟုတ်တယ်"

"ဒါ . . . ဘယ်သူ့ကြောင်ပါလိမ့်"

"ကြောင်ရုပ်ကို သေသေချာချာကြည့်ပါဦး မမလေးရဲ့။ မမလေးရဲ့ကြောင်လားလို့။ မျက်လုံးနဲ့မျက်နှာဝိုင်းပုံကိုကြည့်"

ချစ်ကြိုး ကြောင်ကို စေ့စေ့ကြည့်လိုက်တော့ အရောင်ပြောင်းသွားတာကလွဲရင် သူ့မကြောင်မှ သူ့မကြောင်လေး အစစ်ပါပဲ။ သူ့မကို ကြည့်နေတဲ့ အကြည့်တွေက သူ့မနဲ့ ရင်းနှီးနေတာပဲလေ။

"ဟုတ်တယ် . . . ဒါ ငါ့ကြောင်လေးပဲ"

"ညောင်"

"အမယ်လေး သားရယ်။ သားကို ဘယ်သူကများ ဆေးဆိုးပြီး ရုပ်ဖျက်ပစ်လိုက်ပါလိမ့်။ ဒါကြောင့် သူ ငါ့ကို ပွတ်သီးပွတ်သပ် လုပ်နေတာ။ သွားပါပြီ . . . ငါ့ကြောင်လေး အမွေးတွေ မရှိတော့ဘူး။





ရုပ်ဆိုးကြီးဖြစ်သွားပြီ။ ငါ စိတ်မကောင်းလိုက်တာ ဖြူစွတ်ရယ်"

ကြောင်လေးကို ပွေ့ချီလိုက်တော့ ရင်ခွင်ထဲမှာ ငြိမ်သက်နေတာကိုကြည့်ပြီး စိတ်မကောင်းစွာနှင့် ငိုချင်စိတ်ပေါက်လာကာ . . .

"ဖြစ်ရလေ ဖြူစွတ်ရယ်၊ အီ အီ ဟီး"

"ဟင် . . . မမလေး"

"ဒါ နဲ . . ဟို ခွေးကောင်နေသူ့လက်ချက်ပဲ ဖြစ်ရမယ်။ သူ့ခွေး ခြေကျိုးသွားလို့ ငါ့ကြောင်ကို လက်စားချေတာ။ တွေ့မယ် သင်းငါနဲ့ကို တွေ့ဦးမယ်"

"မမလေး"

"ဘာလဲ"

"ရန်မဖြစ်ပါနဲ့ မမလေးရယ်"

"နင် ဆရာကြီးမလုပ်နဲ့ ဖြစ်ကိုဖြစ်ဦးမှာ"

"မမလေး"

". . . . . . . . . . . . . . . ."

"မမလေး"

ခေါ်တာကို လှည့်မကြည့်ဘဲ ဘောက်ဆတ်ဆတ်နှင့် ထွက်သွားတာကိုကြည့်ပြီး မိတုတ် ခေါင်းကုတ်၍ ကျန်ခဲ့လေတော့သည်။

ချစ်ကြိုးကတော့ လှမ်းနေတဲ့ခြေလှမ်းတွေ အားပြင်းသမျှ ဆံပင်က လွင့်ခနဲ လွင့်ခနဲပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ . . . ချစ်ကြိုး"

". . . . . . . . . . . . . ."

"ချစ်ကြိုး"

အသံကိုမြင့်ပြီးခေါ်မှ ခြေလှမ်းတွေ တန့်သွားကာ လှည့်ကြည့်၏။

"အဲဒါ ဘယ်ကိုလဲ"

"ဒီမှာ ချစ်ကြိုးကြောင်လေးကို ကြည့်ပါဦးမမရဲ့ . . . အဟင့်"

"ဟောတော့"

ငိုသံပါကြီးနှင့်ပြောလေသဖြင့် ရင်ခွင်ထဲမှာ ပိုက်ထားတဲ့ ကြောင်လေးဆီသို့ အကြည့်ရောက်သွားလေလျှင် လက်ညှိုးတထိုးထိုးနှင့်ဖြစ်ပြီး . . .

"ဒါ ဒါက ဘယ်လိုဖြစ်တာလဲ"

"ဟိုကောင်နေသူ လုပ်လိုက်တာပဲ ဖြစ်မှာပေါ့"

"မြတ်စွာဘုရား"

ပြောပြီးလှည့်ထွက်သွားပုံက လူသတ်တော့မည့်အတိုင်းပါပဲ။ ချစ်နှင်း သက်ပြင်းချပြီး ဘုရားသာ တလိုက်မိတော့၏။ ကိုယ့်ညီမစိတ်ကို ကိုယ်သိနေတာမို့ ဘယ်လိုတားရမလဲ။ ဒီနှစ်ယောက်ကတော့ ဘယ်တော့မှ ရန်ပွဲရပ်မည်မသိပါဘူး။





ခွေးနဲ့ကြောင်ကိစ္စအတွက်ပဲ ရန်ဖြစ်နေကြတာ။ ခွေးနဲ့ကြောင်မရှိမှပဲ အေးမှာပါ။

ချစ်ကြိုး။

တစ်ဖက်ခြံသို့ လှမ်းနေတဲ့ခြေလှမ်းတွေကို နေးတယ်ထင်ပြီး ကိုယ့်ခြေထောက် ကိုယ်ရိုက်ချိုးချင်စိတ် ပေါက်၏။

"ပိုင်ပိုင်"

"ဗျာ"

"စာမကျက်ဘဲ အဲဒါ ဘာလုပ်နေတာလဲ"

"ခွေးကိုကြည့်နေတာ"

"ဘာ"

"ကိုကြီးရဲ့ခွေးကို ကြောင်လိုလုပ်ပေးရင် ကောင်းမလားလို့"

"ဟော့ကောင်"

သူ့ခွေးထိမှာကျတော့ နာတတ်လိုက်တာ။ ပိုင်ပိုင့်အနားကိုရောက်လာတာ လွှားခနဲပါပဲ။

"မင်း မဟုတ်တာတွေ မလုပ်နဲ့နော်"

"ဟုတ်လို့ အကောင်သေးတဲ့ကြောင်တောင်"

"ဟော့ကောင် . . . မင်း"

ပိုင်ပိုင် ရယ်လိုက်ပြီး . . .

"အစ်ကိုကြီးက တကယ့် ရောမလိပ်ကြီးပဲ သိလား"



www.burmeseclassic.com

www.burmeseclassic.com



"ဘာကွ"

"သူများကြောင်ကျ ထင်တိုင်းလုပ်ပြီး သူ့ခွေးကျ သိတယ်။ ညစ္စာခြောက်မနေနဲ့၊ ကိုကြီးခွေးကို ဘာမှမလုပ်ဘူး။ ကျွန်တော်က ကိုကြီးလို့မှ စိတ်မပုပ်တာ"

"ဟော့ကောင် ... မင်း"

နေသူက လက်သီးရွယ်လေလျှင် ...

"ဘာမှ သူများကို ရွယ်မနေနဲ့။ ပိုင်ပိုင်ပြောတာမှန်တယ် နေသူ။ နင့်လောက် စိတ်ပုပ်တာနင်ပဲ ရှိတယ်"

"ဟာ ... မိဂျမ်း"

ပွဲကတော့ ပွဲကြီးပွဲကောင်းဖြစ်ဦးမည်။ ပိုင်ပိုင် လက်ပိုက်၍ ကြည့်နေလိုက်၏။

ဒီနှစ်ယောက် ရန်ဖြစ်ရင် တကယ်ရယ်ရတာ။ ဒီအခွင့်အရေးကို ပိုင်ပိုင် အကောင်းဆုံး အသုံးချရဦးမှာပေါ့။

"နင် ငါ့ကြောင်ကို ဘယ်လိုလုပ်လိုက်တာလဲ။ ဒီမှာကြည့်စမ်း ... ရုပ်ပျက်ဆင်းပျက်ပဲ"

"ဆေးဆိုးပေးလိုက်တာလေ။ အဲဒါ စတိုင်လ် စတိုင်လ် ... ဟဲ ဟဲ"

"ဘာစတိုင်လ်လဲ"

"ကြည့်လေ ... နင့်ကြောင်ဒီဖိုင်းက ဘယ်လောက်





မိုက်သွားလဲ"

"အေး ... ကြောင်ရော ငါရော မိုက်ပြမယ် ... ကြည့်"

"ဟာ"

"ကဲ ... ရော့"

"ဟား ဟား ... အား"

ချစ်ကြိုး ကြောင်ကို နေသူ့ရင်ဘတ်တည့်တည့်ဆီ ပစ်ပေးလိုက်တော့ ကြောင်က နင်လား ငါ့ကို ရုပ်ဆိုးအောင်လုပ်တာဆိုသည့်နှယ် ရင်ဘတ်ကို ကုတ်ပြေးလေ၏။ နေသူ ကြောင်ကုတ်သွားတဲ့နေရာကို လက်နှင့်ဖိပြီး ရှုံ့မဲ့သွားလေလျှင် ...

"ကိုကြီး"

"ကောင်းတယ်"

"အား ... သေပါပြီဗျာ"

ချစ်ကြိုး ပြုံးစစမျက်နှာနှင့် ...

"အဲဒါ ငါ ဆုံးမစရာမလိုအောင် ကြောင်က ဆုံးမသွားတာ"

"ချစ်ကြိုး ... နင်"

"ဝမ်းသာလိုက်တာ ... ဟား ဟား ဟား ဟား"

သရော်ရယ်တာခံရတော့ ဒေါသက ပိုဖြစ်သွားပြီး ...

"နင် အသားချင်းမစာမနာနဲ့။ ဆေးဆိုးတုန်းက နင့်ကြောင် ငါ့ကို ကုတ်သွားသေးတာ ဒီမှာကြည့်"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... နေသူ နင်နော်"

နေသူက အကျီချွတ်ပြမယ်လုပ်လေတော့ ချစ်ကြိုး မျက်နှာကို လက်ဝါးနဲ့အုပ်ပြီး အော်လေသည်။

"ဟာ ... ကိုကြီး အဲဒီလို မလုပ်နဲ့လေဗျာ"

"ဟ ... ကြောင်ကုတ်တဲ့ဒဏ်ရာ ပြရမယ်လေ"

"မပြနဲ့ ... မကြည့်ဘူး"

"ကိုကြီး တော်ပါဗျာ၊ မမကြီး ရှက်နေပြီဗျ"

"မရဘူး ကြည့်ရမယ်"

"ကိုကြီး"

ပိုင်ပိုင် နှစ်ယောက်ကြားမှာ ဝင်ရပ်လိုက်၏။ မမကြီးက အပျိုဖြန်းလေး မဟုတ်ပေမယ့် အပျိုကြီးက ပိုလို့တောင် ရှက်တတ်သေးသည်လေ။

"မမကြီး"

"ဟင်"

"မမကြီး ပြန်ပါတော့ဗျာနော်။ ကျွန်တော့်သူငယ်ချင်းအိမ်မှာ ကြောင်လေးတွေ ပေါက်နေတယ်။ အဲဒါ မမကြီးအတွက် ကျွန်တော် တောင်းလာပေးမယ်၊ ကျေနပ်ပါဗျာ"

"တကယ်"

"အင်း"





ချစ်ကြိုးမျက်နှာ ပြုံးသွားသည်။ ပိုင်ပိုင်က သူ့ကို ကြောင်အစားရှာပေးမယ်ဆိုတဲ့ သဘောပေါ့။ အစားရလည်း ဖြူစွတ် ဘယ်လိုဖြစ်ဖြစ် သံယောဇဉ်ကြီးက အရှုံဆိုးလည်း စွန့်မပစ်နိုင်။

"အို အို အို ဘိုနီ ဘိုနီ"

"ဟင်"

"ကိုကြီး ဘာလုပ်မလို့လဲ၊ ကိုကြီးရဲ့ခွေးက မမကြီးနဲ့ တည့်တာမဟုတ်ဘဲနဲ့"

"မတည့်လို့ကို ခေါ်တာ"

"နေသူ ... နင်"

"အို အို အို"

"ဟာ ... လာပြီ"

ချစ်ကြိုး မျက်စိမျက်နှာပျက်ပျက်နဲ့ အော်ပေမယ့် ခွေးက ရောက်လာပြီ။ ချစ်ကြိုးကိုမြင်တာနှင့် နင် ငါ့ကို ခြောက်ချီးအောင်လုပ်ခဲ့တာဆိုပြီး အငြိုးကြီးကြီးပုံစံနှင့်။

"ဟောင်း"

"ဟဲ့ ... ခွေး ဘိုနီ သွားစမ်း"

"ဟောင်း"

"အမယ်လေး"

"ဘိုနီ"



www.burmeseclassic.com

www.burmeseclassic.com



ချာခနဲလှည့်ပြီး ချစ်ကြိုး သုတ်သုတ်ပါအောင် ပြေးလေတော့ ပိုင်ပိုင် ခွေးကိုဆွဲထားတဲ့ မမြင်။ နေသူကတော့ ချစ်ကြိုး ပြေးပုံကို ကြည့်ပြီး ...

"ဟား ဟား ဟား ဟား"

❋ ❋ ❋

## အခန်း (၄)

အသံလေးညှက်ညှက်နှင့် အော်နေတဲ့ ကြောင်ပေါက်စလေး ကို ပွေ့ပိုက်ရင်း ပိုင်ပိုင် ပြုံးနေမိသည်။ ဒီကြောင်လေးက ကြောင်ဝါ လေးဆိုတော့ တစ်မျိုးချစ်စရာကောင်းတာပါပဲ။ မမမြင်ရင် ချစ်မှာပါ ဆိုပြီး တစ်ဖက်ခြံသို့ ကူးလာခဲ့သည်။

ကိုကြီးသိရင်တော့ ဆူမလားပဲ။

ဆူလည်း မတတ်နိုင်ဘူးလေ။ သူ့ကြောင်လေး အရုပ်ဆိုး သွားလို့ ငိုထားတဲ့မျက်နှာနဲ့ ရောက်လာတဲ့ မမကြိုးကို ကိုယ်ကသနား မိတာကိုး။ ဒီလောက်လှတဲ့ မမနဲ့ မတည့်အောင်နေတဲ့ ကိုကြီးကို အံ့တော့အံ့သြပါရဲ့။

အလှအပကို မခံစားတတ်တာလား။ မျက်လုံးက ညှို့ငယ်အိမ်



www.burmeseclassic.com

www.burmeseclassic.com



လွဲနေတာလား မပြောတတ်တော့။

“ပိုင်ပိုင်”

“............”

“ဟဲ့ ... ပိုင်ပိုင်”

“ဗျာ”

“အမယ်လေးဟယ် ... အောက်ကို ငုံ့ကြည့်လာလိုက်တာ များ အစ်ပျောက်လို့ရှာနေတဲ့အတိုင်းပဲ”

“အစ်မရှာဘူး ... ကြောင်ဖမ်းလာလို့ မမနှင်းရဲ့”

“ကြောင်”

“ဟုတ်တယ်လေ”

“ဘာလုပ်ဖို့လဲ”

“မမကြီးကို ပေးဖို့ပေါ့”

မမနှင်းက ကြောင်ကိုကြည့်ပြီး စိတ်ပျက်သွားဟန်နဲ့ ...

“ပိုင်ပိုင်ရယ်”

“ဗျာ ... မမနှင်း”

“ဒီကြောင်နဲ့ ခွေးကိစ္စ တကျက်ကျက်ဖြစ်နေရတဲ့အထဲ နင် အဲဒီကြောင်ကို ဖမ်းလာတာ ဘာနဲ့တူသလဲ သိလား”

“ဟင် ... ဘာနဲ့တူလဲ”

“နားပန်းပွဲမှာ ချကြပေတော့လို့ ဝီစီမှုတ်လိုက်တာနဲ့ အထ





တူပဲ ပိုင်ပိုင်ရဲ့”

“မမနှင်းကလည်း”

ပိုင်ပိုင် ကြောင်လေးခေါင်းကို ပွတ်သပ်ပေးပြီး ရယ်လိုက်၏။ ပြီးမှ ...

“မမနှင်း စိတ်ချပါ။ သူတို့နှစ်ယောက် စစ်ပြေငြိမ်းရေးအတွက် ကျွန်တော် တာဝန်ယူတယ်”

“အံမယ်”

“မမကြီး ရှိတယ်မို့လား”

“ရှိတယ် ... ရှိတယ်”

“ဒါဆို သွားလိုက်ဦးမယ်”

မမနှင်းကို ကျောခိုင်းခဲ့ပြီး ပိုင်ပိုင် အိမ်ထဲသို့ ဝင်လာခဲ့၏။ ဒဏ်ရာတစ်ခု မြဲနေပြီဆိုရင် ကျက်အောင်ကုဖို့အတွက် အဟောင်းကို အသစ်ဖြစ်အောင် ပြန်ဆွရတာပဲ မဟုတ်လား။ ကိုကြီးနဲ့မမကြီးက ဟိုတုန်းကဆိုရင် သိပ်ချစ်ကြတဲ့ သူငယ်ချင်းတွေ။ နောက်မှ ဘာတွေ ဖြစ်ပျက်ကြပြီး မတည့်ကြသည်မသိ။

အခုလည်း တွေ့ရင်သာ မတည့်ကြတာ တစ်ယောက် ပြဿနာတစ်ခုဖြစ်ပြီဆိုရင် တစ်ယောက်က မနေနိုင်။ သံယောဇဉ် မပြတ်တဲ့ ဘယ်အရာက ဆက်ထုံးဖြစ်သွားသည်မသိ။

“မမကြီး ... မမကြီးရေ”



www.burmeseclassic.com

www.burmeseclassic.com



"..............."

"မမကြီး"

ခေါ်သံကြောင့် ချစ်ကြိုး ပြေးမတတ်နှင့် ထွက်လာခဲ့သည်။ ဒါ ပိုင်ပိုင့်အသံဆိုတာ သူမသိသည်လေ။ ဒီကောင်လေး ဘာလာလုပ်ပါလိမ့်။ သူ့အစ်ကိုများ လွှတ်လိုက်လို့လား။ ဘာလွှတ်စရာရှိလို့လဲ။ သူနဲ့ကိုယ်ကြားမှာ ဆက်သွယ်စရာအကြောင်းမှ မရှိတာ။ ပိုင်ပိုင် သူ့ဘာသာလာတာပဲ နေမှာပေါ့။ သူ့မှာလည်း လာခွင့်ရှိသည်လေ။

ခါတိုင်းလည်း လာနေတာပဲဥစ္စာ။

"ပိုင်ပိုင်"

"မမကြီး"

"ဆိုပါဦး ဘာကိစ္စ"

"ဒီမှာလေ"

"ဟယ်"

ပိုင်ပိုင်ပြလိုက်တဲ့ ကြောင်လေးကိုမြင်တော့ ချစ်ကြိုးမျက်နှာလေး ဝင်းပသွားသည်။

"ဒါ ... ပိုင်ပိုင် မမအတွက်"

"ဟုတ်တာပေါ့။ မမအတွက် သူငယ်ချင်းအိမ်ကနေ မရမက တောင်းလာရတာ"

"ပေး ပေး မမကို"





ဝမ်းသာအားရနှင့် ကြောင်လေးကိုပွေ့ချီလိုက်တဲ့ ချစ်ကြိုးမျက်နှာက မှိုရထားတဲ့အတိုင်းပါ။ ဟိုဘဝက ကြောင်သေလို့ ဝင်စားသလားမသိအောင် ကြောင်ချစ်တတ်လွန်းပါရော။

"ညောင်"

"ကြည့်စမ်း ... အသံလေးညှက်ညှက်နဲ့အော်တာ ချစ်စရာကောင်းလိုက်တာ။ ဝါဝါလေးဆိုတော့ နင့်ကို ရွှေဝါလို့နာမည်ပေးရမယ် သိလား"

"မမကြီး"

"ဟင်"

"ကျွန်တော့်ကို ကျေးဇူးမတင်ဘူးလား"

"တင်တာပေါ့ ပိုင်ပိုင်ရယ်။ ခုလို ကြောင်လေးဖမ်းလာပေးတဲ့ ပိုင်ပိုင့်ကို မမက အရမ်း အရမ်းကို ကျေးဇူးတင်ပါတယ်ကွယ်"

"ဒီအတိုင်း တင်လို့တော့ရမလား"

"ဟင် ... ဒါဆို ဘာလဲ၊ မမ မုန့်ဖိုးပေးရမှာလား"

"ဟင့်အင်း"

"မဟုတ်ရင် ... ဘာလဲ"

"တောင်းဆိုစရာတစ်ခုရှိတာ"

ချစ်ကြိုး မျက်ခုံးလေးနှစ်ဖက် မြင့်တက်သွားသည်။ သူကဘဲ တောင်းဆိုစရာရှိလို့တဲ့။



www.burmeseclassic.com

www.burmeseclassic.com



"မင်းအစ်ကိုနဲ့ ရန်မဖြစ်ဖို့ကလွဲရင် ပြောလေ။ ကြိုက်တာ တောင်းဆိုလို့ရတယ်"

"တကယ်နော်"

"အင်း"

ပိုင်ပိုင်က သူမကို စေ့စေ့ကြည့်ပြီး ပြုံးလေသည်။ ဒါ ... ဘာသဘောလဲ။ ချစ်ကြိုး မလုံမလဲပုံစံနှင့် ကိုယ့်ကိုယ်ကိုယ် ပြန်ကြည့်ပြီး ဟောက်ရမလား။ ငြိမ်နေရမလား မပြောတတ်တော့။

"ရင်မတုန်ပါနဲ့ ... ကျုန်တော်က မမလုပ်တဲ့အကြောင်း ထက်မြက်တဲ့အကြောင်းတွေ သူငယ်ချင်းတွေရှေ့မှာ ကြွားထားတာ"

"ဟင်"

"အဲဒါ ... သူတို့က မယုံဘူးဆိုလို့ မမကို ခေါ်သွားပြီးပြမလို့"

"ဘယ်ကိုလိုက်ရမှာလဲ"

"မွေးနေ့ပွဲ"

"အေးလေ ... သူ့ဆန္ဒစားမိတော့ ရဲရမှာပေါ့"

ဘယ်သူ့မွေးနေ့ပွဲလဲ ဘယ်နေ့လဲဆိုတာ ချစ်ကြိုး ဆက်မမေး တော့။ ကိုယ်က သူပေးတဲ့ကြောင်လေးကို လိုချင်တော့ သူ့ဆန္ဒကို ပြန်ပြီးလိုက်လျှောပေးရမှာပေါ့။ ဘယ်အရာမဆို ဝန်ဆောင်မှုဆိုတာ ရှိသည်ပဲလေ။

❋ ❋ ❋



# အခန်း (၅)

မကြီးမငယ်နဲ့ အင်းယားကန်ပေါင်ပေါ်ရောက်လာခဲ့မိတာ ရှက်သလိုလို ဘာလိုလို။ အရင်တုန်းက လာခဲ့ဖူးတာတွေက တစ်မျိုးပေါ့။ အသက်အရွယ် ငယ်ရွယ်စဉ်ကလေ။ အဲဒီတုန်းကတော့ အင်းယားကန်ပေါင်ပေါ်မှာ ချစ်သူနဲ့ ချိန်းတွေ့ရတာ ပျော်စရာပေါ့။

အခုကျတော့ ချစ်သူနဲ့ချိန်းလည်း ဒီကန်ပေါင်ကို မချိန်းဖြစ်တာကြာပြီ။ အသက်အရွယ်က လူလတ်ပိုင်းမရောက်တရောက် ဆိုတော့ ဆင်ခြင်သင့်ပြီထင်လို့လေ။ ခုရောက်လာတာက ချစ်သူ ငယ်ငယ်လေးရွေးမိလို့ သူမအလိုကျ သူမ ချိန်းတဲ့နေရာကိုရောက် လာခဲ့တာ။

"ဦး"



www.burmeseclassic.com

www.burmeseclassic.com



"..................."

"ဦးလို့"

"ဟင်"

"မျက်နှာကြီးက မှုန်ကုပ်ကုပ်နဲ့ ဘယ်လိုဖြစ်နေတာလဲ"

"ဦးက ဒီနေရာကိုလာချင်တာ မဟုတ်ဘူး ရာရာရဲ့"

"ဟင် ... ဘာဖြစ်လို့လဲ"

"ကျွတ်"

စိတ်ပျက်သလို ခေါင်းခါပြလေလျှင် ...

"ဘာလဲ ရည်းစားဟောင်းကို သတိရလို့လား"

"မဟုတ်ပါဘူး၊ ဦးအရွယ်နဲ့လာရတာ ကန်ရေပြင်ကြီးကို အားနာလို့ပါ"

"ဟာ ... ဦးကလည်း ဦးအရွယ်က ဘယ်လောက်ကြီးလို့လဲ"

"ဘယ်လို"

"အသက်သုံးဆယ်ဆိုတာ အိုမင်းရွတ်တွနေတာမှ မဟုတ်တာကို။ ပြီးတော့ ဦးက နုတယ်လေ။ မသိရင် ရာရာနဲ့သက်တူရွယ်တူလို့တောင်ထင်ရတာ"

"အား ချဉ်လိုက်တာ ချဉ်လိုက်တာ"

မှုန်ကုပ်ကုပ်မျက်နှာကိုပြင်ပြီး ရယ်ပြောလိုက်တော့ မဟူရာက





ကလေးသာသာပဲလေ။ သူ့လက်မောင်းကို တွဲခိုပြီး ရယ်တော့တာပေါ့။ သူ ဒီကောင်မလေးနဲ့ ငြိခဲ့ပြီးကာမှ ကိုယ့်ကိုယ်ကိုယ် စိတ်မလုံချင်သလို ပါပဲ။ ကလေးကို မုန့်ပေးကြိုက်သလိုဖြစ်နေလို့ပဲလေ။ ရာရာက ခုမှ ဆယ့်ရှစ်နှစ်ပဲရှိသေးတော့။

ငြိခဲ့တာလည်း ကိုယ်က ဘာမှ ဖြူဆွယ်ဖြားယောင်းခဲ့တာ မရှိ။ သူ့ကိုက အလိုလို မဆွတ်ခင်က ညွတ်နေတာလေ။

"ဦးက[illegible]လေ တကယ်ပဲ"

"ဘာဖြစ်လဲ"

"အရမ်းချစ်ဖို့ကောင်းတာပဲလို့"

"တကယ်"

"အင်း"

"မင်းလည်း ချစ်ဖို့ကောင်းပါတယ်"

ပြောပြီး မေးစေ့လေးကို ကိုင်လိုက်တော့ ...

"ဦး"

"ဟင်"

"ဦး ရာရာကို တကယ်ချစ်တာရော ဟုတ်ရဲ့လားဟင်"

"တကယ်ပေါ့"

"ရာရာတော့ သိပ်မယုံချင်ဘူး သိလား"

"ဘာဖြစ်လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဦးက မျက်နှာများတယ်တဲ့"

"ဘယ်သူပြောလဲ"

"ဒီလိုပဲပေါ့၊ ရာရာက ချစ်တဲ့သူဆိုတော့ ဦးအကြောင်းကို စုံစမ်းရတာပဲလေ"

နေသူ ရာရှာ့လက်ကလေးကို ဆုပ်ကိုင်ထားလိုက်၏။ သူ့ရင်ထဲမှာ အချစ်ပန်းတွေကတော့ တစ်ပွင့်ပြီးတစ်ပွင့် ပွင့်နေတာ ရင်ဘတ်တစ်ခုလုံး အချစ်ရနံ့တွေ မွှေးနေတာပါပဲ။ ပန်းမြို့တော်ပြင်ဦးလွင် ရင်ဘတ်ကြီး ဖြစ်နေပြီ။

ဒါပေမဲ့ . . .

ချစ်သူဆိုတဲ့ မိန်းကလေးတွေထဲမှာ ရာရာ့အပေါ်ကျတော့ အရင်သူတွေထက် ပိုမိသည်။ ဘာကြောင့်လဲဆိုတာတော့ သူမသိ။ ငယ်လည်းငယ် ချောလည်းချောလို့ ထင်ပါရဲ့။

"ဦး"

"ခဏ ခဏ မခေါ်နဲ့လေကွာ"

"ဟင် . . . ဘာဖြစ်လို့လဲ"

"ခဏ ခဏ ထူးရမှာပျင်းလို့"

"ဟာ . . . ဦးကလည်း၊ ကိုယ့်ချစ်သူခေါ်တာပဲဥစ္စာ။ ဘယ်လောက်ခေါ်ခေါ် နားဝင်ချိုရမယ့်ကိစ္စကို"

မဟူရာ နှုတ်ခမ်းလေး စူလေပြီ။ သူများတွေများ ကိုယ်က





အသက်ကြီးလို့ ချစ်သူငယ်ငယ်လေးရထားရင် အရမ်းအလိုလိုက်တာပဲတဲ့။ ဦးကတော့ အဲဒီလို အရမ်းကာရော အလိုမလိုက်။

"ဘာလဲ စိတ်ကောက်သွားတာလား"

"ကော့က်တယ်"

နေသူ ရယ်ပြီး မဟူရာပခုံးလေးကို ဖက်လိုက်သည်။ ဖက်တာကို မရုန်းတော့ မျက်နှာချင်းနီးကပ်သည်အထိ ငုံ့ကြည့်ပြီး . . .

"စိတ်မကောက်နဲ့လေ၊ ဦးက စတာကို"

စတာဆိုပေမယ့် ကောက်သွားတဲ့စိတ်က လွယ်လွယ်နဲ့ ဘယ်ပြေလို့ ဖြစ်ဦးမှာလဲ။ နည်းနည်းတော့မှုထားမှ အချော့ခံရမှာ။ မဟူရာ မျက်နှာလေး လွှဲပစ်လိုက်တော့ . . .

"ဟော့"

"ဖယ်ပါ"

"ဘာဖြစ်လို့လဲ ချစ်လို့စတာကို"

"ချစ်လို့"

"ဟုတ်တယ်၊ မာရဇ္ဇသီချင်း မဟုတ်ဘူး။ အမှန်တကယ် ချစ်လို့"

"ရာရာက ဘယ်နှစ်ယောက်မြောက်လဲ"

"အဲဒါတော့ မမှတ်မိတော့ဘူး"

"တွေ့လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... ဘာလဲ"

"ဦး ရည်းစားထားခဲ့တာ ဘယ်နှစ်ယောက်ရှိမှန်းတောင် မသိတော့ဘူးလေ။ ဘယ်လောက်များလဲ မေးစရာကို မလိုတော့တာ"

"ဒါတော့ ရာရာရယ်"

"ဘာပဲဖြစ်ဖြစ်ပါ ရာရာကတော့ ဦးရဲ့ နောက်ဆုံးချစ်သူပဲ ဖြစ်ချင်တယ်"

နေသူ ရာရာကို စိုက်ကြည့်မိလိုက်၏။ အချို့မိန်းကလေးတွေက ကိုယ်သာအချစ်ဦး အဖြစ်ခံချင်ကြပြီး အချို့ကျတော့ နောက်ဆုံးဖြစ်ချင်တယ်တဲ့။ နောက်ဆုံးချစ်သူဖြစ်ချင်တယ်ဆိုတဲ့စကားက ကိုယ့်ကို ချုပ်ပြီးတုပ်ပြီးပြောတာ။

"ဦး"

"ဟင်"

"ရာရာ့ကို ကတိပေးနိုင်မလား"

"ကတိ"

"ဘာကတိလဲ"

"ရာရာ့ကိုထားပြီး နောက်ထပ်ချစ်သူသစ်မရှာတော့ပါဘူး ဆိုတဲ့ ကတိပေါ့"

"အင်း"

"အင်း ... ဘာအင်းလဲ"





"ပေးတယ်လို့"

"တကယ်"

"ဟုတ်ကဲ့"

သူ ခေါင်းညိတ်လိုက်တော့ ရာရာ့မျက်နှာလေး ပြုံးသွားသည်။ ကတိတွေ အထပ်ထပ်ပေးတဲ့သူက ဖောက်ဖျက်ဖို့ အလားအလာများတဲ့သူတဲ့။ သူကရော ဒီတစ်ခါ ကတိပေးခြင်းက ဖောက်ဖျက်ဖို့လား။ သူများအတွက်မပြောနဲ့။

ကိုယ်တောင် ...

ကိုယ့်စိတ်ကို ကိုယ်မယုံ။ ဒီလိုပဲလေ ဒီတစ်ယောက်ကိုတော့ အတည်လို့တွေးပြီးတဲ့လိုက်တိုင်း မတည်နိုင်တဲ့ကိုယ့်စိတ်ကို ကိုယ်တိုင် သည်းမခံနိုင်။

"ဦးကို ရာရာ အရမ်းချစ်တယ် သိလား"

"မှန်မှန်တာတပဲလေ"

"ဦး ဘာကိုပြောတာလဲ"

"ဦးလည်း ရာရာ့ကို ချစ်တယ်လို့"

ပါးစပ်က 'အဲဒါကြောင့် ဦးကိုချစ်တာ' လို့ ဖွင့်မပြောပေမယ့် မျက်လုံးလေးတွေ ရွှန်းလဲ့တောက်ပနေခြင်းသည် ထိုအဓိပ္ပာယ်ကို ဆောင်နေသည်သာပေါ့။

❋ ❋ ❋



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

အားလုံးပြင်ဆင်ပြီး အဆင်သင့်ဖြစ်ပြီမို့ ကိုယ့်ရှုပါကို မှန်ထဲမှာ နောက်ဆုံးအပြီးသတ် ကြည့်လိုက်ချိန်မှာပဲ ဖုန်းသံကမြည်လာသဖြင့် ကောက်ကိုင်လိုက်တော့ . . .

"ဟင် . . . ပိုင်ပိုင် ဆက်တာပဲ"

ဘာများပါလိမ့်လို့ နားထောင်လိုက်ပြီး . . .

"ပြော . . . ပိုင်ပိုင်"

"မမ . . . အဆင်သင့်ဖြစ်ပြီလား"

"အင်း . . . အဆင်သင့်ပဲ"

"အဲဒါဆို မမကိုပြောရမှာ အားတောင်နာတယ်"

ချစ်ကြိုး စိတ်ထဲမှာ ထင့်ခနဲဖြစ်သွား၏။ မသွားဖြစ်တော့ဘူး





များလားလို့လေ။

"ဘာလဲ မသွားဖြစ်တော့ဘူးလား ပိုင်ပိုင်"

"သွားဖြစ်ပါတယ် မမရဲ့"

"ဒါဆို ဘာလဲ"

"ဒီမှာ ကျွန်တော်က အဝတ်လဲတုံး။ နောက်ကျနေမှာစိုးလို့ မမ ကျွန်တော်တို့အိမ်ကို လာခဲ့လေ။ မမလာတာနဲ့ ကျွန်တော်ပြီးရင် အဆင်သင့်ပေါ့"

"ဟယ် . . . မလာချင်ပါဘူး"

"ဘာဖြစ်လို့လဲ"

"ခွေးကြောက်လို့ပေါ့။ နင်တို့အိမ်ကခွေးနဲ့ ငါက တည့်မှ မတည့်တာ"

"ခွေးက ချည်ထားပါတယ် မမရဲ့"

တွေခနဲဖြစ်သွားပြီးမှ ပိုင်ပိုင်မြင်တော့မယ့်အတိုင်း ခေါင်းညိတ်လိုက်မိ၏။ ကတိပေးပြီးမှတော့ ဘာတတ်နိုင်မှာလဲ။ ကတိမပျက်အောင် သွားရတော့မှာပဲပေါ့။ ခွေးထက်ပိုပြီး မျက်နှာချင်းမဆိုင်ချင်တာက ဟိုကောင်နဲ့လေ။

"မမ"

"ဟင်"

"လာခဲ့နော် မမ"



www.burmeseclassic.com

www.burmeseclassic.com



"အေးပါ . . . အေးပါ"

"ဒါဆို . . . ဒါပဲနော်"

"ဒါပဲ . . . ဒါပဲ"

ဖုန်းချသွားတာနှင့် ချစ်ကြိုး လက်ကိုင်အိတ်ရှားရောင်လေးကို ကောက်ယူပြီး ထွက်လာခဲ့တော့သည်။ အသက်အရွယ်အရ ချစ်ကြိုး ဟော့ဟော့ရမ်းရမ်း အဝတ်အစားတွေမဝတ်။ လက်ကိုင်အိတ်အရောင်နဲ့ မတူညီသော ဖက်ဖူးရောင်ဝမ်းဆက်ကလေးနှင့် ဝင်းနှစ်သော သူမ အသားအရေက လိုက်ဖက်နေသည်။

ကျောလယ်သာရှိသည့် ဆံပင်တွေကို ဖြန့်ချထားပြီး ဘေးက နေ ကျောက်ပွင့်လေးတွေစီထားသည့် ကလစ်ကို ညှပ်ထားတာက တော့ လှူငယ်ဆန်နေမလားပါပဲ။ ကျောက်ပွင့်လေးတွေကလည်း အဝတ်အရောင်ထက်နည်းနည်းတော့ရင့်၏။ လူငယ်လေးတစ်ယောက်နဲ့ တွဲသွားရမယ်ဆိုတော့ အရင့်ကြီးလည်းမဟုတ် အနုကြီးလည်းမပြင်း

"ဟာ မမ"

"အဆင်သင့်ဖြစ်ပြီလား"

ပိုင်ပိုင် ဟုတ်ကဲ့လို့ ချက်ချင်းပြန်မဖြေနိုင်။ နှုတ်ခမ်းနီအရောင်က မထင်မရှားမှာ စိုလဲ့လဲ့လေးဖြစ်နေပြီး ပင်ကို မျက်ခုံးတန်းလေး နှစ်သွယ်က နက်နေတဲ့မမ။ မျက်တောင်က အရမ်းရှည်တာမျိုးမဟုတ် ဘဲ အရမ်းကြီးလည်း မတိုတာကို ကော့နေတော့ မျက်လုံးလေးက





လည်း တောက်ပလို့။ ဘာဝက်ခြံ, မှဲ့ခြောက်မှ မရှိတဲ့မျက်နှာလေးက ဖူးစင်ပြီး လှပနေတဲ့မမ။

"လှလိုက်တာ မမရယ်"

"ဒါတောင် ရေမချိုးခဲ့ရသေးဘူး"

နေသူ့ သတင်းစာဖတ်နေရင်းက မဲ့ပစ်လိုက်၏။ ဒီကောင် မြစ်မမြင်ဖူး မှုးမြစ်ထင်နေတာ။

"ကိုကြီး"

ကြားပေမယ့် မထူးပေ။

"ကိုကြီး"

". . . . . . . . . . . . ."

"ကိုကြီး"

အသံကို မြှင့်ခေါ်လိုက်မှ . . .

"ဘာလဲကွ"

"တကတဲဗျာ ခေါ်နေတာကို မကြားဘူး"

"ကြားသားပဲ"

"ဒီမှာ ပြောစရာရှိလို့ ကိုကြီးရဲ့"

"ဘာလဲ ပြော"

ပိုင်ပိုင့်မျက်နှာ ရယ်ကျဲကျဲဖြစ်သွားပြီး . . .

"ကိုကြီး မမကိုကြည့်လိုက်စမ်း"



www.burmeseclassic.com

www.burmeseclassic.com



ဖျတ်ခနဲ ကြည့်လိုက်ပြီးမှ ...

"ဘာဖြစ်လို့လဲ"

"မမ မလှဘူးလား"

"အပေါ်ယံလှတာ ဘာလုပ်ရမှာလဲ။ အပုပ်ကောင်ရုပ်ဆောင်နေတာ"

"ဘာ"

"လှဆိုတာ စိတ်ထားလှမှ လှလှတာကွာ"

"ပိုင်ပိုင်"

"ဗျာ"

"သူမိုက လူပြိန်ဟာစ်တဲ့လူတွေနဲ့ ငါ စကားမပြောချင်ဘူးလာသွားမယ်"

မျက်စောင်းမှာ ကျည်ဆံထည့်ပစ်လို့ရရင် နေသူဆိုတဲ့ကောင်အနိစ္စသဘောနဲ့ကိစ္စချောပြီ။ ချစ်ကြိုးထွက်သွားတော့ ပိုင်ပိုင်လည်း လိုက်ခဲ့ရသည်သာပေါ့။

❋ ❋ ❋



## အခန်း (၅)

ပိုင်ပိုင် မမလက်ကိုဆွဲပြီး မွေးနေ့ပွဲထဲကို ဝင်သွားသည်ဆိုနေ်ပဲ ...

"ဟာ ... ငပိုင် လာပြီဟေ့"

"ပိုင်ပိုင်"

"ဟေး ... ပိုင်ကြီး"

ပိုင်ပိုင့်သူငယ်ချင်းတွေ ဆီးကြိုကြသလို ပိုင်ပိုင်လာပြီဆိုတာနှင့် ကောင်မလေးတွေလည်း စုပြုံရောက်ရှိလာကြ၏။ အစကတော့ အကြည့်တွေက ပိုင်ပိုင့်ဆီမှာသာ။ နောက်တော့ ပိုင်ပိုင့်ဘေးက ချစ်ကြိုးဆီသို့ အာရုံတွေ ပြောင်းလာကြပြီး ...

"ပိုင်ကြီး"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

"မင်း တော်တော်လျှိုတဲ့ကောင်ပဲ"

"ဘာလဲကွ ... ငါက ဘာလျှိုလို့လဲ"

"အတွဲရတာ ဘာလို့ တို့ကိုမပြောလဲ။ မင်း တော်တော် နှုတ်လုံတဲ့ကောင်ပဲ"

"ဟေ့ကောင်"

ပိုင်ပိုင် သူငယ်ချင်းဖြစ်သူကို တံတောင်နှင့်တွတ်ပြီး မမ မျက်နှာကိုငုံ့ကြည့်လိုက်တော့ မမမျက်နှာလေး ရှက်သွေးဖြာနေသည် ထင်ပါရဲ့။ မဟုတ်ဘူးလို့ မငြင်းမိသည့်အတွက် ဟုတ်သည်လို့ ထင် သွားကြပုံရကာ ...

ကောင်မလေးတွေ နောက်ဆုတ်သွားကြ၏။

ကောင်းလိုက်သည့်ဖြစ်ခြင်း။ ပိုင်ပိုင် စိတ်မညစ်ရတော့ဘူး ပေါ့။ မမကိုတော့ အားနာပါသည်လေ။

"ငပိုင်"

"ဘာလဲကွ"

"မင်းမမနဲ့ မိတ်ဆက်ပေးဦးလေ"

"ဟ ... ထိုင်တောင်မထိုင်ရတော့ဘူးလား။ ဘယ်လိုဖြစ် တာလဲ"

"ဆော ... ဆောရီးကွ။ လာ လာ ... ဟိုဘက်ဝိုင်းမှာ





ထိုင်ရအောင်"

"မမ"

"ဟင်"

"လာလေ"

"အင်း"

လူငယ်တွေကြားမှာဆိုတော့ ချစ်ကြိုး ဘာမှဝင်မပြောချင်။ ဒီအရွယ်နဲ့ ဒီအရွယ် ထင်စရာလား။ ပိုင်ပိုင်ကရော ဘာဖြစ်လို့ မငြင်း ထာလဲ။ နောက်မှရှင်းပြမှာလား။ ချစ်ကြိုး လိုက်လာခဲ့မိတာ မှားပြီ ထင်ပါရဲ့။

"ကောင်းကင်နဲ့ ဝီရ"

"ဟင်"

"ကဲ ... မှတ်ထားကြ။ မမရဲ့နာမည်က ချစ်ကြိုးမျှင်တဲ့။ သူများတွေကတော့ မိန်းကလေးချင်းဆို အချို့က ချစ်ချစ်တဲ့ကွ။ မမ က ယောက်ျားလေးတွေဆိုရင် အဲဒီလို အခေါ်မခံဘူး။ အချို့တော့ ချစ်ကြိုးကြိုး အမျိုးမျိုး ခေါ်ကြတယ်"

"ဪ"

"မင်းတို့လည်း ကြိုက်သလိုခေါ်ကြပေါ့ကွာ။ ချစ်ချစ်ကလွဲ ရင်ပေါ့။ တားမြစ်နာမည်ကိုမှ ခေါ်ချင်တယ်ဆိုရင်တော့ တစ်ခုပြီး ရိုက်က ကျိန်းသေတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲကွ ... ဘာမြည်းရမှာလဲ"

"လက်ဝါး"

"အမ်"

ကောင်းကင်က သူ့ပါးကို လက်ဝါးနှင့်အုပ်ပြီး ရှုံ့မဲ့သွားလေသည်။ ဝီရကတော့ ...

"မမက ဒီလောက်နုဖတ်ပြီး လှနေတာ၊ အဲဒီလောက် လက်သံပြောင်ပါ့မလား"

"မယုံရင် မင်းမျက်နှာစောင်းပေးလိုက်လေ"

"အမယ်"

ဝီရပုံစံက ကောင်းကင်နည်းတူ ဖြစ်သွားလေသဖြင့် ပိုင်ပိုင်က ရယ်လေသည်။

ချစ်ကြိုးက ပြုံးရုံသာ။ ကိုယ်ကလူကြီးဆိုတော့ လူငယ်တွေကြားမှာ ဟေးလားဝါးလား ဝင်လုပ်လို့ ဘယ်ရမှာလဲ။

"မမ"

ချစ်ကြိုး ပိုင်ပိုင့်ကို ကြည့်လိုက်လေလျှင် ...

"မမလည်း မှတ်ထားလေ။ ဒါ ကျွန်တော့်သူငယ်ချင်းတွေ။ သူက ကောင်းကင်၊ သူက ဝီရတဲ့"

"အင်း ... မှတ်ထားပါ့မယ်"

"တွေ့ရတာ ဝမ်းသာပါတယ် မမ"





ခေါင်းညိတ်ပြီးပြုံးပြလိုက်တဲ့ ချစ်ကြိုးစိတ်ထဲမှာ မွန်းကျပ်လာသလိုလို။

ရည်းစားထားရင် လွတ်လွတ်လပ်လပ်သွားလာတာရှိပေမယ့် အခုက ပိုင်ပိုင့်သူငယ်ချင်းတွေကြားမှာ။ ပိုင်ပိုင့်သိက္ခာကိုတော့ ထိန်းပေးရမှာပေါ့။

"ဟို မမ"

"ဟင်"

ခေါ်လိုက်သူက ကောင်းကင်ဖြစ်ပြီး ...

"မမအသက် ဘယ် ... ဘယ်လောက်ရှိပြီလဲဟင်"

"ဟာ ... ကောင်းကင်"

ပိုင်ပိုင် ချက်ချင်းမျက်နှာပျက်သွား၏။ ဒါ မေးစရာလား။ ဒီကောင် မမနဲ့ သူ့ကို တစ်မျိုးထင်ပြီး အသက်ကွာခြားမှုကို သိချင်လို့ မေးတာလား။ သူ ဒေါသဖြစ်သွားပေမယ့် မမက အပြုံးမပျက်သော မျက်နှာနှင့်။

"မမအသက်က သုံးဆယ်ရှိပါပြီ"

"သုံးဆယ်"

"ဟုတ်တယ်လေ၊ ဘာဖြစ်လို့လဲ"

"ဘာမှမဖြစ်ပါဘူး"

"ဘာမှမဖြစ်ပါဘူးလို့ မင်းမပြောနဲ့ ကောင်းကင်။ မင်း စပ်စု



www.burmeseclassic.com

www.burmeseclassic.com



ရတဲ့အကြောင်းကို ငါသိတယ်။ မမနဲ့ငါ အသက်ဆယ်နှစ်တောင် ကွာတယ် ... အဲဒါ ဘာဖြစ်လဲ"

"မဟုတ်ပါဘူး ... ငါက"

"တော်ပြီ ... မင်း ဆက်မပြောနဲ့တော့"

"ငါ ငါ တောင်းပန်ပါတယ် ပိုင်ပိုင်ရာ။ ငါက အဲဒီသဘောမျိုးနဲ့ပြောတာ မဟုတ်ဘူးကွ။ မမက အရမ်းနုပြီးလှတော့ အသက်သုံးဆယ်လို့ လုံးဝမထင်ရဘူး။ ငါက လွန်ခဲ့ရှိမှ မမကို အသက်အစိတ်ဝန်းကျင်လောက်ပဲ ထင်ထားတာ။ အဲဒါ ... အဲဒါပါကွာ"

ဒေါသလုံးကို ဟင်းခနဲထွက်သက်နှင့်အတူ ထုတ်ပစ်လိုက်၏။ ဘာပဲဖြစ်ဖြစ် ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ ဒီလိုပြောလိုက်တာက ကျေနပ်စရာတစ်ခုပဲပေါ့။ မမက ရင့်ကျက်နေသူမို့ သူထက်သည်းခံပါရမီရှိတာ။

ပြီးတော့ ...

မိန်းမတွေက ပြောရရင် အပျိုကြီးတွေပေါ့လေ။ အသက်ကြီးလာလေလေ သူတို့အသက်ကို အမှန်ဝန်ခံရမှာ ကြောက်လေလေတဲ့။ ဒါကို မမက အတိုးအလျော့မရှိ အမှန်ကိုဝန်ခံလိုက်တာ။ ဒါကို ချီးကျူးရမလား။

"မမက ပွင့်လင်းတယ်နော်"

"အသက်ကို အမှန်ပြောလို့လား ကောင်းကင်"





"ဟုတ်ကဲ့"

ချစ်ကြိုးက ရယ်လိုက်ပြီး ...

"ညာနေစရာမှ မလိုပဲကွာ။ လူတွေကိုသာ ညာလို့ရမယ်။ သေမင်းကို ညာလို့မှမရဘဲ"

"မမလို အမှန်ကိုဝန်ခံမယ့်သူက နည်းတယ်ဗျ"

"ဒါနဲ့ မမကို ကျွန်တော် တစ်ခုလောက်မေးချင်သေးတယ်။ မမ စိတ်မဆိုးဘူးဆိုရင်ပေါ့"

ဝီရက သဘောကောင်းတာကို အသုံးချပြီး သူသိချင်တာကို ဆက်မေးဖို့ ကြိုးစားနေတော့။ ခက်တော့ခက်ပြီ။ မမကို မမေးကြနဲ့တော့လို့ အော်ရမလား။ မမလက်ကိုဆွဲပြီး ညှော်ပွဲထဲကနေ ထွက်သွားရမလားမသိတော့။

"မေးလေ ... ဘာမေးမှာလဲ"

"ဟို မမက ဒီလောက်လှနေတာတောင် ဘာလို့ အိမ်ထောင်မပြုဘဲ အပျိုကြီးလုပ်နေရတာလဲ"

"အရှင်းကြီး မယူချင်လို့ မရတာပေါ့ကွာ။ မင်းတို့ တော်တော် စပ်စပ်စုစုနိုင်တဲ့ကောင်တွေပဲ။ မင်းတို့စောင့်ကြည့် နှစ်မကူးစေရဘူး မမမင်္ဂလာပွဲဖြစ်ရင် မင်းတို့ကို ဖိတ်မယ်"

"ပိုင်ပိုင်"

"လာ ... မမ သွားမယ်"



www.burmeseclassic.com

www.burmeseclassic.com



ပိုင်ပိုင် သည်းမခံနိုင်တော့ဘွာ မမှလက်ကို ဆွဲခေါ်လာခဲ့တော့၏။ သူ မမကို ခေါ်လာမိတာ မှားပြီလား။ သူငယ်ချင်းတွေရှေ့မှာ အရှက်ခွဲသလို ဖြစ်တဲ့အတွက် တောင်းပန်ပါတယ် မမ။

"ပိုင်ကြီး"

"ငပိုင်"

❋ ❋ ❋



## အခန်း (၈)

"ပိုင်ပိုင်"

"ဗျာ"

ညဉ့်ခန်းထဲကိုအဖြတ်မှာ ဖေဖေ့ရဲ့သြဇာသံကြီးကို ကြားလိုက်ရသဖြင့် ပိုင်ပိုင့်ခြေလှမ်းတွေ ရပ်တန့်သွား၏။ ထိုင်နေကြတာ ဖေဖေ၊ မေမေနဲ့ ကိုကြီး။ ပြီးတော့ ကိုကြီးရဲ့ကောင်မလေး မဟူရာ။ ဟွန်း နာမည်က မဟူရာဆိုမှတော့။

"လာ ထိုင်ဦး"

"ဘာပြောစရာရှိလို့လဲ ဖေဖေ"

"ငါ့ကို ပြန်မမေးနဲ့ ထိုင်ဆိုရင်ထိုင်"

ဖေဖေ့အမိန့်မို့ ပိုင်ပိုင် ဝင်ထိုင်လိုက်ရ၏။



www.burmeseclassic.com

www.burmeseclassic.com



"မင်း မွေးနေ့ပွဲကိုသွားတာ မဟုတ်လား"

"ဟုတ်ပါတယ်"

"ဘယ်သူ့မွေးနေ့လဲ"

"ဝီရပါ"

"ဘယ်သူနဲ့သွားတာလဲ"

ဒီမေးခွန်းကို မေးလိုက်တာနဲ့ အကြည့်က ကိုကြီးဆီသို့ ရောက်သွားသည်။ မကြီးမငယ်နဲ့ ဘာတွေ ကုန်းချောထားပြီ မသိဘူး။ သူမပြောရင် ဘယ်သူနဲ့သွားတယ်ဆိုတာ ဖေဖေ သိစရာမှမလိုတာ။ အခု ဖေဖေ့မျက်လုံးတွေက တစ်ခုခုကိုသိပြီးလို့ မညာနဲ့ဆိုတာမျိုး ဘာလဲ။

ကိုကြီးက မနာလိုတာလား။ သူနဲ့မမက တည့်မှမတည့်တာ ဘာမနာလိုဖြစ်စရာရှိလဲ။

"ဟော့ကောင်"

"ဗျာ"

"ငါ မေးနေတယ်လေကွာ၊ မင်း ဘယ်သူနဲ့သွားတာလဲလို့"

"မမကြီးနဲ့ပါ"

"ဘာကွ"

"တိုးတိုးပြောလည်း ဒီစကားပါပဲ ကိုဖြိုးရယ်။ ကလေး အေးအေးဆေးဆေး ပြောမှပေါ့"





"မင်း ဝင်မပါနဲ့"

"ကျွန်တော် မမကြီးနဲ့အတူတူသွားတာ ဘာများမှားလို့လဲ ဖေဖေ"

"မှားတာပေါ့။ မှားတာမှ အကြီးကြီးကိုမှားတာ"

"ဗျာ"

ပိုင်ပိုင် နားမလည်နိုင်စွာ ဖေဖေ့ကို မော့ကြည့်လိုက်၏။ အကြီးကြီးမှားရအောင် သူနဲ့မမက ဘာတွေလုပ်ပြီး ဘာများဖြစ်နေလို့လဲ။ ပိုင်ပိုင်က မဟုတ်တာပြောရင် ငြိမ်ခံမနေတတ်တဲ့ကောင်။ အဖြူထဲကို အမည်းစက်ချပေးကြတော့မလို့လား။

"ဖေဖေ ဘာကိုပြောချင်တာလဲ"

"မင်းနဲ့ချစ်ကြီး အသက်ဘယ်လောက်ကွာသလဲ"

"ဆယ်နှစ်"

"အဲဒီလောက်ကွာတာကို မင်း သိသိနဲ့"

"အသက်ကွာတာနဲ့အတူတူ သွားလာခွင့် မရှိဘူးလား ဖေဖေ"

"မင်းတို့နှစ်ယောက်တွဲပြီး ပွဲတက်ရအောင် မင်းတို့က ဘာတွေလဲ ပိုင်ပိုင်"

"ရိုးရိုးပဲ"

"ယုံရမှာလား"



www.burmeseclassic.com

www.burmeseclassic.com



"ဖေဖေ"

ဒါတော့ မမသိက္ခာနဲ့ သူ့သိက္ခာကို စော်ကားလွန်းပြီ။ ကိုကြီးက ဘယ်အတိုင်းအတာထိ ပြောထားလို့လဲ။ သူကျတော့ တည့်အောင်မနေစဲ သူများနဲ့ သင့်မြတ်နေတာကို ဖျက်လိုဖျက်ဆီးလုပ်တာ။ ဒါဘာစိတ်လဲ။ ဖေဖေတို့သိအောင်တိုင်မယ့်သူဆိုလို့ သူ့အပြင် အခြားသွေးထိုးမယ့်သူ ဘယ်သူမှမရှိ။

ထမင်းချက်ကေကေက ...

ဘာမဆို သူနဲ့မဆိုင်ရင် စကားအရောင်းအဝယ် ဝင်လုပ်တတ်တာမဟုတ်။ သူတို့ထွက်သွားတဲ့အချိန်က ဖေဖေနဲ့မေမေလည်းအိမ်မှာမှ မရှိကြတာ။ ခုတော့ သတင်းက အင်တာနက်ထက်တောင်ပိုမြန်သေးတယ်။

"ဖေဖေ ... သားကို တွန်းအားပေးလိုက်တာလား"

"မဖြစ်သင့်လို့ ပြောနေတာကွ"

"ဖေဖေက ဖြစ်နေတယ်လို့ တစ်အစ်စွပ်စွဲသလိုပဲ"

"အေး ...ငါက မဖြစ်စေချင်လို့ ကြိုပြီးတားနေတာ။ မင်းမိုက်ရူးရဲဆန့်တဲ့အရွယ်။ ချစ်ကြိုးက မြင်သူတိုင်း ဝေးလောက် အောင်လှတဲ့မိန်းကလေး။ အသက်က ဆယ်နှစ်တောင်ကွာတော့ ဘယ်လိုမှမဖြစ်နိုင်ဘူး"

"အဲဒါဆိုရင်တော့ သေချာသွားပြီ"





"ဘာသေချာတာလဲ"

"မမဘက်ကတော့ မသိဘူး၊ သားဘက်က ရှေ့တိုးဖို့"

"ဘာ"

"ပိုင်ပိုင်"

ဖေဖေ့ရဲ့ ဘာသံနောက်မှာ ကိုကြီးခေါ်သံကို ဆက်ကြားရပြီး

"မင်း ဖေဖေ့ကို စံပြောနေတာလား"

"ခံမပြောဘူး။ အမှန်ကို ပြောတာ"

"ဟောကောင် ... မင်း"

ကိုကြီးကရော လူကြီးဆန်လို့လားလို့ မေးချင်လိုက်တာ။ ကိုယ်ချစ်ခင်လေးစားခဲ့ရသမျှကို အလကားဖြစ်အောင် လုပ်တာ။

"ကိုကြီး"

"ဘာလဲ"

"ကိုကြီး ကျွန်တော့်အတွက် စိုးရိမ်လို့ပြောတာလား"

"ဟုတ်တယ်"

"မသိပါဘူး။ မမကြိုးကို စိတ်ဝင်စားလို့ J ဝင်သလားလို့ပါ"

"လုံးဝပဲ ... ငါ့မှာ ချစ်သူနဲ့"

ပိုင်ပိုင် မဲ့ပစ်လိုက်၏။ ဒါပေါ့ လက်ရှိနာမည်ပေါက်ထားတဲ့ချစ်သူက အနားမှာ ငုပ်တုတ်ကြီးရှိနေတာပဲ ဥစ္စာ။ ဒီစကားပဲပြောတော့မှာပေါ့။



www.burmeseclassic.com

www.burmeseclassic.com



"ဒါနဲ့များ"

အကြည့်က ပိုင်ပိုင့်ဆီသို့ ဖျတ်ခနဲပြန်ရောက်လာကာ ...

"ချစ်ကြီးက မင်းအမေလောက် ရှိတယ်ကွ"

"ဘာဖြစ်လဲ ကိုကြီးတောင် ကိုယ့်သမီးအရွယ်လောက်ကို ကြိုက်သေးတာပဲဥစ္စာ"

"မင်းစကားကို ကပ်မပြောနဲ့ ပိုင်ပိုင်။ ငါက ဘာဖြစ်လဲ ယောက်ျားမှာ ပဋ္ဌင်း မိန်းမပုခက်တွင်းဆိုတဲ့စကားပုံပဲရှိတာ"

"အဲဒီလိုပြောကြကြေးဆို"

"ဘာဖြစ်လဲ"

"မမကြီးကို ကျွန်တော်ကြိုက်လို့ ယူလည်း မဆန်းပါဘူး မမကြီးက အိမ်ထောင်ရှင်မပီသတဲ့ နမန်ဲ့တူသောမယား။ မအေနဲ့ သောမယားဖြစ်မှာ"

"ဟော့ကောင်"

"ပိုင်ပိုင်"

"သားငယ်"

ခပ်ရင့်ရင့်ပဲ ပြန်ပြောတော့ ခေါ်လိုက်ကြတာ အသံဗလံ ဒီစကားတွေကို မမကြီးကြားလို့ကတော့ သူ့သိက္ခာကိုစော်ကားတ ဆိုပြီး ဘယ်လောက် ဆွေ့ဆွေ့ခုန်လိုက်မလဲ။ ဟိုက နုသင့်တဲ့နေ နုပေမယ့် ကြမ်းပြီဆို အမေဂျမ်းဝင်တာထက်တောင်ဆိုးသေး။ မ





ကာလံဒေသကြည့်ပြီး အနုအကြမ်း လျော်ညီစွာသုံးတာ။

ကိုကြီးကျတော့ ...

မိန်းမစပ်ကာမဃီလေး။

"ခီဇာပိုင်ဖြိုးသူ"

"ဟုတ်ကဲ့ ... ပြောပါ ဖေဖေ"

"မင်းကွာ ... မင်း ... တောက်"

"ကိုကြီး"

လက်ညှိုးကြီးထိုးလိုက်ပေမယ့် တက်ခေါက်ခြင်းနှင့်သာ အဆုံးသတ်သွား၏။ ဖေဖေ ခြေနင်းကြမ်းကြမ်းနှင့်ထွက်သွားလေတော့ မေမေကပါ နောက်တော်ပါးမှ တစ်ဖဝါးမခွာ။

"လူတွေများ ခက်လိုက်တာ။ သူများမျက်ချေး ထွက်တာကျ မြင်ပြီး ကိုယ့်မျက်ချေးထွက်တာကျတော့ မျက်လုံးဒေါက်ထောက်ပြီး မမြင်ကြတာ"

ပိုင်ပိုင် ဆတ်ခနဲထပြီး ထွက်သွားလေတော့၏။ ဘာမဟုတ် တဲ့ကိစ္စလေးကို ပုံကြီးချဲ့တာလောက် ဒေါသဖြစ်စရာကောင်းတာ မရှိ တော့။ တွဲသွားတာနဲ့ပဲ ချစ်ကြ ညားကြရောတဲ့လား။

"ဦး"

"ဟင့်"

"အဲဒါ ... ဦးရဲ့ညီလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်"

"တော်တော်ရိုင်းတာပဲ"

"သူ့အကြောင်း ပြောမနေပါနဲ့တော့"

"ဟုတ်တယ် ... မပြောတာပဲ ကောင်းတယ်"

နေသူ မျက်နှာကို အတတ်နိုင်ဆုံး ပြုံးလိုက်ရပေမယ့် စိတ်ထဲမှာတော့ ထင့်နေ၏။ ပိုင်ပိုင်က ဘာစိတ်မှန်ပြီး ခံပြောနေတာလဲ။ အဲဒါကို သူ မကျေနပ်ပေ။ ဒါ ချစ်ကြိုးနဲ့တွဲလို့လား။ တကယ် ဒီကောင် ချစ်ကြိုးကို စိတ်ဝင်စားနေပြီလားမသိ။ ပိုင်ပိုင်က အရွယ်ရောက်လာပြီလေ။ သူ့စိတ်နဲ့သူကိုယ် ဆုံးဖြတ်ပိုင်ခွင့် ရှိသင့်သလောက်ရှိနေပြီဆိုတော့ ...

တကယ်ဟုတ်နေမလား။

ချစ်ကြိုးက အသက်သုံးဆယ်လို့ မထင်ရလောက်အောင် လှနေတော့ ဒီကောင် စိတ်ဝင်စားချင် ဝင်စားမှာပေါ့။ ချစ်ကြိုးက ကိုယ့်သူငယ်ချင်းမို့ သဘောမတူစရာအကြောင်းတော့ မရှိပါဘူး။ ခက်တာက အသက်အရမ်းကွာနေတာလေ။

"ဦး"

ရာရာက သူ့လက်မောင်းကို ဖက်တွယ်ပြီးခေါ်ကာ ...

"ခြံထဲဆင်းပြီး စကားပြောရအောင်လေ"

"ကောင်းသားပဲ"





နေသူနဲ့ရာရာ ခြံထဲဆင်းသွားချိန်မှာ ဒေါ်ပပဇော်တစ်ယောက်လည်း စိတ်ဆိုးသွားတဲ့ သားငယ်အခန်းထဲသို့ဝင်ကာ ...

"သားငယ်"

မကျေနပ်ခြင်းက မျက်လွှာပင့်ကြည့်ခြင်းသာဖြစ်လျှင် ...

"သားငယ်နဲ့ချစ်ကြိုး ဘာလို့ မွေးနေ့ပွဲကို အတူသွားဖြစ်တာလဲ"

"မမကြိုး သားခေါ်သွားတာ"

"သားငယ်ခေါ်တိုင်း သူကလိုက်တာပဲလား"

"လိုက်ရမယ့်အကြောင်းပြချက် ရှိလို့လို့ပေါ့ မေမေ"

"ဘာလဲ ... အဲဒီအကြောင်းပြချက်က"

"သူနဲ့သား အပေးအယူရှိလို့ပေါ့"

"ဟင်"

ဒေါ်ပပဇော် တွေခနဲဖြစ်သွား၏။ သူမလည်း ချစ်ကြိုးကိုဆုံပါသည်။ ချစ်ကြိုးက ပေါက်လွှတ်ပဲစားမိန်းကလေးမှ မဟုတ်တာ။ အရင်တုန်းက ချစ်ကြိုးကို သားကြီးနဲ့တောင် သဘောတူတာ။ အခြေအနေက ထင်သလိုဖြစ်မလာဘဲ အခုဆို သူတို့နှစ်ယောက်က ဆားချေးနဲ့ တောက်တဲ့။

သားငယ်နဲ့ကျတော့ ...

သားငယ်ဘက်က စိတ်ဝင်စားတာလား။ ဒါဆိုလည်း



www.burmeseclassic.com

www.burmeseclassic.com



အသက်အရွယ်တွာတာကလွဲရင် သဘောမတူစရာ အကြောင်းမှမရှိ ပဲလေ။

"သားငယ်"

"ဗျာ"

"သားငယ် ချစ်ကြိုးကို စိတ်ဝင်စားနေတာလား"

"စောစောက အိမ်ပြန်မရောက်ခင်အထိ မမအပေါ်မှာ သား ကိုယ့်အစ်မရင်းလိုပဲ ချစ်တာ"

"ဒါဆို"

"အခု ရှေ့တိုးဖို့ ဆုံးဖြတ်လိုက်ပြီ"

"ဟင်"

သားငယ် အိုးပဲ့တာကို စလောင်းရွဲနဲ့ ဖုံးတော့မှာလားလို့ တွေးပြီး စိတ်ပူသွားမိသည်။ တကယ်ချစ်လို့ဆိုရင် ကိစ္စမရှိပေမယ့် ရွဲ့တာဆိုရင် တစ်ဖက်က နစ်နာမှာက မိန်းကလေးလေ။

ကိုယ်လည်း မိန်းမမို့။

မိန်းမချင်း ကိုယ်ချင်းစာစွာဖြင့်။

❋ ❋ ❋



## အခန်း (၉)

ချစ်ကြိုး လက်မှနာရီကို တစ်ချက်ငုံ့ကြည့်ပြီး ဆက်လှမ်းတဲ့ ခြေလှမ်းတွေက ဝိုမြန်သွားသည်။ အရေးထဲကျမှ ကားကလည်း ကျော်နေလို့ တက္ကစီနဲ့ပဲ ပြန်ရမှာ။ အိမ်အပြန်မှောင်ရင် မိန်းမသား တစ်ယောက်အတွက်က မသင့်တော်ဘူးလေ။ မြန်မြန်လှမ်းမှ။

"ပလုတ်တုတ်"

ဘာကို ခလုတ်တိုက်မိသလဲဟု ငုံ့ကြည့်လိုက်စဉ် ...

"ဟင်"

ဖိနပ်ကပါ ပြတ်သွားလေသဖြင့် စိတ်ညစ်သွား၏။

"အရေးထဲမှာနော် ဒုက္ခပါပဲ"

ညည်းတွားရင်း ဖိနပ်ကို ငုံ့ကောက်တာ မျက်နှာချေး ရှုံ့မဲ့



www.burmeseclassic.com

www.burmeseclassic.com



သွားသည်။ အဲဒါမှဒုက္ခ။ ဖိနပ်ကို လက်ကကိုင်သွားလို့လည်းမဖြစ်။ ချွတ်ခဲ့ပြီး ခြေဗလာချည်းပဲ သွားဖို့လည်းမသင့်တော်။ ဖိနပ်ကို စိတ်ပျက်စွာ ကြည့်နေရင်းပဲ ငုတ်တုတ်ကလေး ထိုင်နေမိစဉ် . . .

သူ့မရှေ့ကို လာရပ်တဲ့ ခြေတစ်စုံကို မြင်လိုက်ရ၏။ ဝေါ့လ်ကင်းရှူးအဖြူရောင်နှင့်မို့ ယောက်ျားလေးဆိုတာ သိပြီးမော့ကြည့်လိုက်တော့ . . .

"မမ ဖိနပ်ပြတ်သွားတာဆင်တယ်"

"ဟုတ်တယ်"

"ကျွန်တော် ဘာကူညီရမလဲ"

"ရပါတယ်"

"ရတယ် မလုပ်နဲ့လေ။ မမဖိနပ်မပါဘဲ ဘယ်လိုသွားမလဲ ကဲပါ . . . ကျွန်တော် ကူညီပါ့မယ်"

"မင်းက ဘယ်လိုကူညီမှာလဲ"

"ကျွန်တော့်မှာ ကားပါပါတယ်၊ မမ လိုက်ခဲ့လေ။ ဖိနပ်ဝယ်မယ်ဆိုလည်း ဝယ်ပေါ့။ ပြီးရင် . . . မမလိုရာခရီးကို ကျွန်တော် လိုက်ပို့ပါ့မယ်"

"ဖိနပ်က ဝယ်မနေတော့ပါဘူး။ မမအိမ်ကိုပဲ ပြန်ချင်တယ်"

"ဒါဆိုလာ မမ"

မတတ်သာတော့ ချစ်ကြိုး ကောင်လေးနောက်သို့လိုက်ခဲ့





တော့သည်။ ဒီလိုမှမဟုတ်ရင် ဒီနေရာတင် မိုးချုပ်သွားတော့မှာ။ ကားပေါ်ရောက်လို့ မောင်းထွက်လာပြီးမှ . . .

"မမ"

"ဟင်"

"ကျွန်တော် ဘယ်ကိုမောင်းရမလဲ"

"ခြေဖွ် . . . ဟုတ်သားပဲ"

ဆိုပြီး ချစ်ကြိုး သူ့မ နေရပ်လိပ်စာကို ပြောပြလိုက်၏။

"ဒါနဲ့ မမနာမည်က ဘယ်လိုခေါ်လဲဟင်"

"မင်းနာမည်သိဖို့ လိုအပ်လို့လား"

"လိုအပ်တာပေါ့ မမရဲ့။ ကားနဲ့တင်ခေါ်လာပြီး အိမ်အထိ လိုက်ပို့ပေးပြီးမှ နာမည်လေးတောင် မသိရရင် ကျွန်တော့်လောက် ညံ့တဲ့သူ ရှိပါဦးမလား"

"အင်း . . . ဟုတ်ပါတယ်။ မမနာမည်က ချစ်ကြိုးမျှင်တဲ့ မှတ်ထားလေ"

"လှလိုက်တာ"

"ဟင် . . . ဘာ"

"ခြေဖွ် . . . နာမည်က လှတယ်လို့ပြောတာ"

အလိုမကျခြင်းများနှင့် ချစ်ကြိုး မျက်စောင်းထိုးမိသွားသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော့်နာမည်လည်း မမမှတ်ထားလေ။ လမ်းမှာတွေ့ရင် မမ ခေါ်ခေါ် မခေါ်ခေါ် ကျွန်တော်က ခေါ်မှာဆိုတော့ နာမည်လေးတော့ သိထားသင့်တာပေါ့"

"ပြော ... ဘယ်သူလဲ"

"ကျွန်တော့်နာမည်က ဉာဏ်သွေးသျှံပါ။ မမက သျှံလို့ပဲ ခေါ်ပေါ့"

ချစ်ကြိုး ခေါင်းညိတ်လိုက်၏။ ဒီထက်ပိုပြီး ဘာမှပြောစရာ မလိုဘူးထင်ပါရဲ့။ ဒါပေမဲ့ ... သူက ကိုယ့်ကို အိမ်တိုင်ရာရောက် လိုက်ပို့ပေးတဲ့သူဆိုတော့ ...

"မင်းကို မမ အရမ်းကျေးဇူးတင်ပါတယ်"

"ခုလိုလိုက်ပို့တဲ့အတွက်လား"

"ဟုတ်တယ်"

"အဲဒီအတွက် ကျေးဇူးမဆပ်ချင်ဘူးလား"

"ပြောလေ ... မမ ဘာလုပ်ပေးရမလဲ"

"ခင်မင်ခွင့်လေးပေးရင် ကျေနပ်ပါတယ်"

လွန့်ခနဲ ပြုံးလိုက်မိ၏။ ကောင်လေးဆိုပြီး လျှော့တွက်လို့ မရပါလား။ ချစ်ကြိုးက ရည်းစားများခဲ့သူမို့ ယောက်ျားတွေရဲ့ အထာကို သိနေပြီလေ။ အကောင်သေးသေး ရေမြွေလေးဆိုပြီး အထင်သေးလို့ မရ။ သူတို့မှာလည်း အဆိပ်ရှိတာပဲ မဟုတ်လား။





"မမ"

"ဟင်"

"ဘယ်လိုလဲ"

"အင်း ... ရပါတယ်၊ မိတ်ဆွေတစ်ယောက်တိုးတာ ဝမ်းသာစရာပဲပေါ့။ ခင်မင်မှုဆိုတာ တွန့်တိုကောင်းတဲ့အရာမှ မဟုတ်တာ"

"ကျေးဇူးပဲ မမ"

"ရှေ့မှာ ရှေ့ကခြံပဲ"

"ဟုတ်"

ကားကို ဟွန်းတီးလိုက်တာနှင့် ခြံတံခါးဖွင့်ဖို့ရောက်လာတာ ဒါတိုင်းလို ဦးပန်းညွန့်မဟုတ်။ ဝိုင်ဝိုင်လာဖွင့်ပေးတာမို့ ချစ်ကြိုး အံ့သြသွား။

"ဝိုင်ဝိုင်"

တိုးဖွဖွသာ ခေါ်လိုက်မိ၏။ ကားလေးရပ်သွားလို့ ကားပေါ်က ဆင်းလိုက်တော့ ...

"မမ"

"ဟင်"

"ကျွန်တော့်ကို အိမ်ထဲဝင်ဖို့ မခေါ်တော့ဘူးလား"

"ခေါ်မလို့ပါ ဝင်လေ"

သျှံက ရယ်လိုက်ပြီး ...



www.burmeseclassic.com

www.burmeseclassic.com



"မမစိတ်ကိုစမ်းတဲ့အနေနဲ့ စတာပါ။ မိုးချုပ်နေပြီဆိုတော့ မဝင်တော့ပါဘူး"

"ဒါတော့ မင်းသဘောပဲ"

"နောက်ဆိုရင်တော့ လေ့နဲ့လာမယ်။ ကိုက်ချင်တဲ့ခွေးသာ မွေးထားပေတော့။ သွားမယ်နော်"

သူ့ လက်ပြလို့ ချစ်ကြိုးက ပြန်ပြီးလက်ပြတာကိုကြည့်ပြီး မျက်မှောင်ကြုတ်သွားသူက ပိုင်ပိုင်။ ကားလေး ခြံထဲကနေထွက်သွားပြီဆိုမှ ပိုင်ပိုင် ချစ်ကြိုးအနားသို့ရောက်လာကာ...

"မမကြီး"

"ပြောလေ"

"အဲဒါ ဘယ်ကကောင်လဲ"

"လမ်းပေါ်ကကောင်"

"ဘာ"

"လမ်းမှာတွေ့လာတာ၊ လမ်းပေါ်ကကောင်ပေါ့ မဟုတ်ဘူးလား"

ပြောပြီး ချစ်ကြိုးအိမ်ထဲဝင်လာတော့ ပိုင်ပိုင် နောက်က ကပ်လိုက်လာကာ...

"မမ"

"ဘာလဲ"





"မမ အဲဒီကောင်နဲ့ ဘယ်လိုတွေ့ပြီး ဘယ်လိုပါလာတာလဲ"

"ပိုင်ပိုင်"

"............"

ခပ်ဆောင့်ဆောင့်ခေါ်လိုက်တော့ သူကပဲ မျက်နှာတင်းသွားရတယ်ရှိသေး။

ဒါက... ဘာသဘောလဲ။

"ငါ ဘာပဲလုပ်ခဲ့လုပ်ခဲ့ မင်းကို သံတော်ဦးတင်နေရဦးမှာလား"

"ကျွန်တော်က စိုးရိမ်လို့မေးတာ"

"မမေးနဲ့"

"မမေးလို့မရဘူး"

"ဘာ"

ချစ်ကြိုး သူ့ကို ခပ်စူးစူးကြည့်လိုက်သည့်တိုင် မျက်မှောင်ကြုတ်ရာကမပြေ။

သူနဲ့ချစ်ကြိုးက ဘာဆိုင်လို့ အဲဒီလိုဖြစ်နေတာလဲ။

"မမကို ကျွန်တော် တစ်ခုပဲပြောမယ်"

"ပြောစမ်း"

"မမ ရည်းစားကူးသန်းရောင်းဝယ်ရေးအလုပ်ကို ရပ်တန်းက ရပ်တော့"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

မထင်မှတ်တဲ့စကားကို ပြောလိုက်လို့ အံ့ဩသွားစဉ်မှာပဲ သူက ထွက်သွားပြီ။ သူမှာ အဲဒီလိုအမိန့်ပေး တားမြစ်ပိုင်ခွင့် ရှိလို့လား။

❋ ❋ ❋

# အခန်း (၁၀)

"ဟုတ်ရဲ့လား နေသူရာ"

ဆန်းလင်းစကားကြောင့် နေသူမျက်နှာက နေလောင်သရက်သီးတစ်လုံးလို။ ယောက်ျားတန်မဲ့ အတင်းတုတ်တယ်ပဲ ပြောပြော ကိုယ့်ညီဘက်ကို ဦးလှည့်ဒသမချိင်တော့ မခံနိုင်။ မျိုးချစ်ပုဂ္ဂိုလ်ဆိုရင်လည်း မမှားပါဘူး။

ညီကရော . . .

စိတ်ဝင်စားစရာမိန်းမ ဒီလောက်တောင်ပဲရှားသလား။ ကိုယ်နဲ့အသက်အရမ်းကွာတဲ့ ချစ်ကြိုးကိုမှ စိတ်ဝင်စားသတဲ့။ ဒေါသဖြစ်မိ ဆောင်းလိုက်တာ။

ခုဆိုရင် . . .





www.burmeseclassic.com

www.burmeseclassic.com



အားတာနဲ့ အချိန်တိုင်း ချစ်ကြိုးတို့အိမ်ဘက် ကူးကူးသွားတာ မသိမသာကနေ သိသိသာသာဖြစ်နေပြီ။

"အခု မင်းညီဘက်က စိတ်ဝင်စားတာလား"

"ဟုတ်ပါတယ်ဆိုကွာ"

"ချစ်ကြိုးကရော"

"ကိုယ့်သားလေးဘက်ဆိုပြီး ချမ်းသာပေးမယ် ထင်လို့လား"

"မင်း အဲဒီလောက်အထိတော့ ချစ်ကြိုးကို အထင်မသေးသင့်ဘူး နေသူ"

"ဟ ... မင်း ချစ်ကြိုးအကြောင်း မသိတာမဟုတ်ဘဲနဲ့"

"အေး ... သိတယ်လေ။ သိလို့ မင်း ပြောတာကို လက်မခံနိုင်တာ"

"ဘာ"

"ချစ်ကြိုးက ရည်းစားများပေမယ့် စည်းကမ်းရှိတယ်ကွ။ မင်းညီကို တုံ့ပြန်မှာမဟုတ်ဘူး။ ငါ အာမခံရဲတယ်"

တကယ်တမ်း ဖြစ်သွားကြပြီဆို အာမခံတဲ့လူတွေက တာဝန်ယူတာ ဘာရှိလဲ။ ခေါင်းရှောင်သွားကြတာပဲလေ။

"ဒီမှာနေသူ"

"ပြော"

"မင်းရယ် ... ငါရယ် ချစ်ကြိုးရယ်က အချစ်ဆုံးသူငယ်ချင်းတွေပါကွ"

"အဲဒါ ဘာဖြစ်လဲ"

"မင်းတို့နှစ်ယောက်အကြောင်း ငါအသိဆုံးပဲဟာ"

"ဘာသိတာလဲ"

"မင်းတို့နှစ်ယောက် တစ်ယောက်ကိုတစ်ယောက် ရွဲ့နေကြတာ"

"ဘာမှမဆိုင်ဘူး"

သူ ဘယ်လောက်ပဲငြင်းငြင်း လျှို့ဝှက်အရပ်ဒေသကနေ ခေါင်းညိတ်ပြတာ ဆန်းလင်းသိတာပေါ့။ ရင်ဘတ်ချင်းမငြိပေမယ့် နှလုံးသားချင်း ရိုတီတီဖြစ်ခဲ့ကြသည့်နှစ်ယောက်။ ဘာကြောင့် ရန်သူတွေမဟုတ်ဘဲ မတည့်ကြသလဲဆို။

နှလုံးသားတံခါးပေါက်ကို အလင်းရောင်မှမပေးကြတာ။ ဒီတံခါးကို ပိတ်ထားလို့ ဒီလိုတွေဖြစ်ကြတာ။ ခုတော့ ကိုယ်စီ ရည်းစားတွေကြရင်း ရှေ့ ဘယ်လိုဆက်ကြမည်မသိ။

"ဒါဆို မင်းက ချစ်ကြိုးနဲ့ပတ်သက်ပြီး ဘာမှ မခံစားရဘူးပေါ့ ဟုတ်လား"

"ဘာခံစားစရာလိုလို့လဲ။ သူကြင်မှ ကိုယ်ကြင်ပဲဥစ္စာ"

"ကြင်လျက်နဲ့ အမြင်ခက်လို့ သစ္စာအရင်စဖောက်ခဲ့တာဘာကြောင့်လဲ"







www.burmeseclassic.com

www.burmeseclassic.com



"တောက် ... တော်တော့ဆန်းလင်း"

နေသူ အတိတ်ကိုပြန်ပြီး သတိမရချင်တော့ပါဘူး။ ဟိုတုန်းက တစ်ယောက်ကိုတစ်ယောက် မျက်စိအောက်က အပျောက်မခံချင်အောင် သံယောဇဉ်တွယ်ခဲ့ကြပေမယ့် အခုက မျက်နှာချင်းဆိုင်လို့ မရအောင်ဖြစ်နေတာ မုန်းလို့တော့မဟုတ်။

"သူများကို ညာတာထက် ကိုယ့်ကိုယ်ကိုယ် ညာတာက လက်နက်မဲ့သတ်တာနဲ့ အတူတူပဲ"

"တော်တော့ဆိုကွာ"

"မတော်နိုင်ဘူးကွ"

"ဒါဆိုလည်း ပြော"

ပြောဆိုတော့ မျက်နှာကိုစေ့စေ့ကြည့်ပြီး ...

"အခု မင်းစိုးရိမ်နေတာ ပိုင်ပိုင့်ကိုလား ချစ်ကြိုးကိုလား"

"အဲဒီနှစ်ယောက်ဖြစ်မှာစိုးလို့ ပြောနေတာလေ"

"အေး ... ဘာလို့မဖြစ်စေချင်တာလဲ။ ငါသိချင်တာ အဲဒါ"

"ကျုတ်"

နေသူ ဆံပင်တွေကို ထိုးဖွပ်လိုက်ပြီး ...

"ဒီလောက်အသက်ကွာနေတာကိုကွာ"

"ဟော့ကောင် ... အသက်ကွာတာ ဘာဖြစ်လဲ။ အသက်အရွယ်ကွာလို့ မချစ်ရ မညားရလို့ ဘုရားဥပဒေရော တရားဥပဒေ





ရော ကန့်သတ်သတ်မှတ်ထားတာ မရှိဘူးလေ"

"ဆန်းလင်း"

"ပြော"

"မင်းပုံစံက ပိုင်ပိုင်နဲ့တွေ့ရင် မြှောက်ပေးမယ့်ပုံပဲ"

"ငါက အမှန်တရားကို ပြောပြတာပါ"

"ဆယ့်ယောက်တစ်ယောက် မစဉ်းစားတဲ့အမှန်တရားကို"

ဆန်းလင်း သဘောပေါက်စွာ ရယ်လိုက်မိ၏။ ဒီကောင် မေခွဲတတ်တဲ့အရာကို ကိုယ်က ဝေခွဲတတ်သည်ပဲလေ။

❋ ❋ ❋



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၁)

ချစ်ကြိုး ဆိုင်မှာ ကာစတန်မှာ သုံးလေးဦးရှိနေသဖြင့် နောက်ထပ်ဝင်လာသူကို ဂရုမစိုက်မိဖြစ်သွား၏။ အထည်ဆိုင်ဆိုတာ မျိုးက ကာစတန်မာနဲ့ ကိုယ်မလည်လို့ပါသွားလည်း ဘာမှဖြစ်သွားမှာ မဟုတ်။ ရွှေဆိုင်ဆိုတော့ . . .

မျက်စိ လျှင်လျှင်ထားရသည်လေ။

ထုတ်ပြတာ ပြန်သိမ်းတာ၊ ငွေချေလက်ခံရတာ။ ကာစတန်မာကို ကြိုဆိုတာ။ အလုပ်သမားနှစ်ယောက်နှင့် သူမသာ လည်အောင် လုပ်နေရတာ ဖြစ်၏။

"ဒီကြိုးလေး ဘယ်လောက်လဲညီမ"

"တွက်ကြည့်ပေးမယ်လေ ခဏနော်"





ချစ်ကြိုး ရွှေအလေးချိန်အရ ကျသင့်ငွေကို တွက်ချက်ကြည့်ပြီး . . .

"လေးသိန်းရှစ်သောင်းနှစ်ထောင် အစ်မ"

"ဒါဆို . . . အဲဒါလေးပဲ ယူမယ်"

ယူတဲ့သူကျတော့ ငွေချေတာလက်ခံပြီး နောက်ထပ်ဝင်ရွှေးတဲ့ သူကို ပြုံးနှင့် ဧည့်ခံရင်း မော့ကြည့်လိုက်ပါ... ချစ်ကြိုး မော့ကြည့်လိုက်တော့မှ . . .

"ရောင်းကောင်းနေပါလား"

"ဟင်"

"မေးတဲ့သူကိုမော့ကြည့်ပြီး ချစ်ကြိုး အံ့သြသွားရသည်။ ထင်မှတ်တဲ့လူ ရောက်လာတာဆိုတော့ . . .

"နင် ဘာလာလုပ်တာလဲ"

သူက မှန်ပေါ်ကို လက်နှစ်ဖက်တင်ပြီး ချစ်ကြိုး မျက်နှာကို စေ့စေ့ကြည့်၍ ခပ်ထေ့ထေ့ပြုံးကာ . . .

"ရွှေဆိုင်ကိုလာမှတော့ ရွှေဝယ်မလို့ပေါ့"

"ရွှေဝယ်မလို့"

"ဟုတ်တယ်"

"ဘာလိုချင်တာလဲ ပြော"

အသံက တိုပြတ်ပြတ်မို့ . . .



www.burmeseclassic.com

www.burmeseclassic.com



"ဒါ ... ကာစတန်မာကို ဆက်ဆံတဲ့လေသံလား"

"ဒီအသံက နင့်အတွက် သီးသန့်ကြိုဆိုမှုပဲ"

"ဘာ"

"မကျေနပ်ဘူးလား"

"ဝယ်ချင်စိတ်ကို မရှိတော့တာ"

"ဒါဆို သွားလေ၊ သွားပေါ့။ နင့်ကို ဘယ်သူက လာဝယ်ပါ လို့ ခယနေလို့လဲ။ နင့်ဆီကပိုက်ဆံကို ရွှေထဝ်ကွပ်ပေးမယ်ဆိုရင် တောင် မလိုချင်ဘူး သိလား"

"ငါကလည်း ဝယ်ချင်လှလို့ မှတ်နေလား"

"မဝယ်ချင်ရင် မဝယ်နဲ့ပေါ့"

ပြောပြီး ချစ်ကြိုး ပြန်ထည့်စရာရှိတဲ့ ရွှေထည်တွေကိုသာ သူ့နေရာနှင့်သူ နေရာကျအောင် ပြန်ထည့်နေလိုက်သည်။ ထည့်ပြီး တော့လည်း ဟိုရွှေ ဒီရွှေ၊ အလုပ်သမားကောင်မလေးနှစ်ယောက်က ချစ်ကြိုးတို့နှစ်ယောက်အဖြစ်ကိုကြည့်ပြီး ကျိတ်ရယ်နေတဲ့အဖြစ်က တောင်မသိ။

ဝယ်ချင်ဝယ် မဝယ်ချင်နေ။

သူ့ကို ဘယ်သူကဖိတ်ခေါ်လို့လဲ။ ဖြစ်နိုင်ရင် ပက်ပက်စက် စက် ပြောလွှတ်လိုက်ချင်သေးတာ။ ကိုယ့်အိမ်မှာမဟုတ်လို့သာပေါ့။

"ဒီမှာ"





ထွက်မသွားသေးပါလားလို့ မော့ကြည့်လိုက်တော့ ...

"ငါ့ကောင်မလေးက ဒီဆိုင်ကရွှေကိုမှ ဝတ်ချင်တယ်ဆိုလို့ လာဝယ်တာ။ သိပ်အထာကြီးမနေနဲ့။ ပေါက်ဈေးထက်နှစ်ဆပိုပေးပြီး ဝယ်မယ်"

"မလိုဘူး ပုံမှန်ဈေးပဲ"

မရောင်းဘူးလို့ပြောလိုက်ချင်ပေမယ့် သူ့ကောင်မလေး အတွက်ဆိုတော့ ပြောလို့မဖြစ်ပြန်။ ပြောလိုက်ရင် ၂ ဝင်တာလားဆိုတဲ့ မျက်လုံးနဲ့ ကြည့်မှာကို အကြည့်မခံနိုင်ဘူးလေ။ ကိုယ်က အလုပ်လုပ် နေတာ ရန်ဖြစ်နေလို့ အလုပ်ပျက်ရင် ဆုံးရှုံးစရာရှိတော့ ကိုယ်ပဲ ဆုံးရှုံးမှာ။

ဘာဆိုင်လဲ။

ဝယ်လို့ရောင်းတာ ရောင်းမှာပဲ။ ကိုယ်က သူ့ကို မျက်နှာချို သွေးပြီး ဝယ်နိုင်းနေတာမှမဟုတ်တာ။ သူ့ကောင်မလေးအတွက်တဲ့။ သူ့မှာ ပိုက်ဆံပေါလို့ဝယ်ပေးတာ တစ်ပိဿာလောက် ဝယ်ပေးစမ်းပါ စေ၊ ကိုယ်က ရောင်းရဖို့အဓိကပဲ မဟုတ်လား။ အလုပ်နဲ့လူမှုရေး ရောထွေးပစ်လို့ မဖြစ်ပါဘူး။

ဒါကြောင့် ...

"ရောင်းမှာလား"

"ဘာယူမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကြိုးလေးတစ်ကုံးလောက်"

"ကြည့် . . . ကြိုက်တာတွေ့ရင်ပြော"

နေသူ တစ်ခုပြီးတစ်ခုပြနိုင်းနေတော့ ချစ်ကြိုး စိတ်မရှည် ချင်။ အတန်ကြာမှ . . .

"ဒါလေး"

ယူဖြစ်တော့ ခပ်သေးသေးပဲမို့ . . .

"ဟွန်း . . . ချီတော့ ရောမ၊ ယူတော့ အသေးဆုံးလေး"

"ချစ်လို့သာ လက်ဆောင်ပေးရမှာ၊ အလကားရတာမဟုတ် ဘူးလေ"

"ဟာ . . . မမ"

"ဟင် . . . သျှံ"

ဝမ်းသာအားရ နှုတ်ဆက်သံနှင့် ချစ်ကြိုးမျက်နှာ ဝင်းပသွား ပြီး ခေါ်လိုက်တာကြောင့် နေသူ နောက်ကလူကို အလိုလိုလှည့်ကြည့် ပြီးသားဖြစ်သွား၏။ ရုပ်ကတော့ မဆိုးပါဘူး။ အသက်ကတော့ ပိုင်ပိုင် တို့လောက်ပဲ ရှိဦးမှာ။ မဆိုးဘူးဆိုပေမယ့် ပိုင်ပိုင့်လောက်တော့ မချော ပေ။ ဒီကောင်လေးမျက်နှာက မှုရနေတဲ့အတိုင်းပါပဲ။

ဘာတဲ့။

သျှံဆိုလားပဲ။ ချစ်ကြိုးဆိုတဲ့မိန်းမ ဒါလေးတွေတော့ အလွတ်မပေးဘူး ထင်ပါရဲ့။ ဒါပေါ့လေ မိန်းမမာယာ သဲကိုးဖြာဆို





တော့ သူ့ရဲ့မာယာ သဲပွထဲမှာ လူးပေဦးတော့ ကောင်လေးရေ။

"ဒါ . . . မမရဲ့ဆိုင်လား"

"ဟုတ်တယ်လေ သျှံရဲ့"

"ရောင်းလို့ကောင်းရဲ့လား"

"ဒီလိုပဲပေါ့။ ကောင်းတဲ့နေ့လည်းရှိ မကောင်းတဲ့နေ့လည်း ရှိပေါ့ကွယ်"

"အင်း . . . အိမ်ရောက်ရင် မေမေ့ကို ဒီဆိုင်မှာ အားပေးဖို့ ပြောရဦးမယ်"

"တစ်ဆွေလုံးတစ်မျိုးလုံးကို ကြော်ငြာပေးရင် ဗိုက်ကြီးကျေးဇူး ဆင်ရမှာပေါ့"

"ကြော်ငြာပေးမယ်လေ"

"ဒါနဲ့ . . . သျှံ ဘယ်လိုကနေ မျက်စိလည်ပြီး ရောက်လာ တာလဲ"

"ဒီလိုပါပဲ လျှောက်ရင်းနဲ့ ရောက်လာတာလေ"

ရုပ်ကိုက အရူးထန်းလျက်ခဲစားမိတဲ့အတိုင်း။ ဒါ တမင်ပဲ သေနေတာ။ ဒီမှာ ကြာကြာရပ်နေရင် အကုသိုလ်များတော့မှာပဲလို့ သုည်ထွက်မယ်ပြင်ပြီးမှ နောက်ကျောမလုံစွာ စိတ်ကလည်း မချချင်။ အားခဲနေသူ။ မင်းနဲ့ ဘာဆိုင်လို့လဲ။ ကိုယ့်ညီနဲ့ဖြစ်မှာစိုးနေတာ ဒီကောင်လေးနဲ့ ဖြစ်ရင် စိတ်ပူစရာမလိုတော့ဘူးပေါ့။



www.burmeseclassic.com

www.burmeseclassic.com



သူ့ဘာသာ ဘာဖြစ်ဖြစ်။

ကိုယ်နဲ့မဆိုင်တာကို ထားခဲ့လိုက်စမ်းပါ။ ဒီအကြောင်း ပိုင်ပိုင်ကို ပြောပြရမယ်။ ဒါမှ ဒီကောင်နောက်ဆုတ်သွားမှာ။

"ဟဲ့ ... နေသူ"

"ဟင်"

"မပြန်သေးဘူးလား ဘာရစ်လုပ်နေတာလဲ"

"ပြန်မှာ"

"ပြန်မယ်ဆို ပြန်လေ"

ကိုယ့်ကို နှင်ထုတ်နေပုံထောက်တော့ လွတ်လွတ်လပ်လပ် စကားပြောချင်လို့ပဲနေမှာပေါ့။

နေသူ ဥပေက္ခာပြုနိုင်အောင် ကြိုးစားပြီး လှည့်ထွက်လာ တော့၏။ တကယ်တော့ သူ ဒီဆိုင်ကိုလာခဲ့တာ ဘယ်ကောင်မလေး တောင်းဆိုမှုမှမပါ။ ကောင်မလေးအတွက်ဆိုတာကတော့ ဟုတ်တယ် လေ။ ဒီနေ့ ရာရာ့မွေးနေ့မို့ မွေးနေ့လက်ဆောင်ပေးဖို့ ရည်ရွယ်ပြီး ကြိုးလေးကို ဝယ်ခဲ့တာ။ ကားဆီကိုရောက်လာတော့ ...

"ဦး"

"............"

"ဦး"

"ဟင်"





"ဘယ်လိုဖြစ်လာတာလဲ စိတ်နဲ့ကိုယ်မကပ်ဘူးလား"

သူ အတတ်နိုင်ဆုံးပြုံးပြပြီး ...

"ကပ်ပါတယ် ရာရာရဲ့"

"ကပ်လို့သာ တော်တော့တယ်။ မကပ်များမကပ်ရင် မတ်တတ်ကနေ လဲကျမလား မပြောတတ်ဘူး"

"ဆီလို့အပေါက်ရှာပြီး မပြောနဲ့ကွာ။ ဒီမှာ အစာမကြေရတဲ့ အထဲ"

"ဟင်"

သူပြောတာကတစ်မျိုးပေမယ့် ရာရာက ရိုးရိုးလေးပဲ သဘော ပေါက်ကာ ...

"ဦး ဘာတွေစားထားလို့လဲ"

"ဘာမှမစားပါဘူး"

"ဆေးခန်းသွားမလား ဦး"

"ရပါတယ်"

"မဟုတ်တာ"

"ဟုတ်ပါတယ်၊ ခဏနေရင် ကောင်းသွားလိမ့်မယ်"

"ဒါဆို ... ဦး မှိန်းနေလိုက်လေ။ ကားကို ရာရာမောင်းမယ်"

"ကိုယ်ပဲ မောင်းပါ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ရလို့လား"

"ရတယ်"

ရတယ်ဆိုပြီး ကားကို မောင်းထွက်လာသည့်တိုင် ရာရာက သူ့မျက်နှာကို ခဏခဏကြည့်၏။ ထားခဲ့ဖူးတဲ့ရည်းစားအားလုံးထဲမှာ ရာရာက သူ့အပေါ် ဂရုအစိုက်ဆုံးပါ။ ဒါကြောင့် ရာရာ့အပေါ်မှာ သူလည်း သံယောဇဉ်အတွယ်ဆုံးပါပဲ။ ဒီကောင်မလေးကို မရက်စက်လို့ တကယ်လက်ထပ်ရမှာလား။

နောက်တစ်ယောက်ထပ်ရှာဖို့တော့ စိတ်ကုန်နေပါပြီ။ စိတ်မပါတဲ့တွဲရင် စိတ်ညစ်ဖို့အကောင်းဆုံးပဲလေ။ သူ့အသက်အရွယ်က ငယ်တော့တာမှ မဟုတ်တာ။

"ရာရာ"

"ပြောလေ ဦး"

"ကိုယ်တို့ လက်ထပ်ကြရအောင်"

"ရှင်"

ရာရာ အံ့သြသလိုလေးဖြစ်သွား၏။ ပြီးမှ . . .

"လက်ထပ်ဖို့ပြောတာ ဦး ရာရာ့ကို တကယ်ချစ်လို့ပေါ့နော်"

"အင်း"

"ဝမ်းသာလိုက်တာ ဦးရယ်။ ဦး ဘယ်တော့ထားခဲ့မလဲလို့ ရာရာက စိတ်ပူနေတာ"





"မင်းကို ဘယ်တော့မှ မထားခဲ့ဘူး ယုံနော်"

"ဦးရယ်"

သူ့ပခုံးကို မှီလာတဲ့ခေါင်းလေးကို ပွတ်သပ်ပေးမိရင်း . . .

"ဘယ်တော့လက်ထပ်ကြမလဲ ပြောဦးလေ"

"ရာရာက ကျောင်းမှမပြီးသေးတာ ဦးရဲ့"

"စောင့်ရမယ်ပေါ့"

"သိပ်အကြာကြီးမစောင့်ခိုင်းပါဘူး။ ကျောင်းပြီးတာနဲ့ လက်ထပ်မယ်လေ"

ခုတော့လည်း သူ့နှုတ်ခမ်းပေါ်မှာ အပြုံးရိပ်ထင်လို့၊ စောစောက ဘာမှမဖြစ်ခဲ့သည့်နှယ်။ အချစ်က စိတ်၏ညစ်ညမ်းမှုကို ဆေးကြောပဲ့ ရေလားတော့မသိ။

❋ ❋ ❋



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၂)

"မမ"

ဘေးမှာဝင်ထိုင်ရင်း ခေါ်လိုက်တော့ ချစ်ကြိုးက လှည့်ကြည့်

သည်။

"မနေ့က . . . မမကို အိမ်ပြန်ပို့ပေးတာ ဟိုတစ်ခါကောင်

လား"

"ဟုတ်တယ်လေ . . . သူ့ လိုက်ပို့ပေးတာ"

"ကျွတ်"

"ဘာဖြစ်တာလဲ"

"မမ အဲဒီကောင်နဲ့ ငြိနေပြီလား"

"မငြိသေးပါဘူး ဘာဖြစ်လို့လဲ"





"မမေးနဲ့ . . . ဒီနေ့ကစပြီး မမကို ကျွန်တော် အကြိုအပို့

လုပ်မယ်"

"ဘုရားရေ"

ရှုပ်ပုပ်ဖြစ်နေတဲ့မျက်နှာကိုကြည့်ပြီး ချစ်ကြိုး ရယ်ချင်သွား

သည်။ သူ ဘာကိုမနာလိုဖြစ်နေတာလဲ။ ဒီကလေးက ငယ်ငယ်ကတည်း

က သူမတို့ ထိန်းကျောင်းလာတဲ့ကလေးမို့ ချစ်ကြိုး မောင်လေးအရင်း

လို ချစ်ပါသည်။ ငယ်ငယ်တုန်းကဆိုရင် မျက်ရည်ကို ညှစ်ချိုတတ်တဲ့

ခုံလေးက ချစ်စရာကောင်းလို့ဆိုပြီး . . .

နေသူနဲ့ချစ်ကြိုး သူ့ကိုစခဲ့ကြတာ။

အခု သူလည်း အရွယ်ရောက်လာပြီဆိုတော့ ဟိုတုန်းကလို

လူပေလဲနေဖို့ မသင့်တော်တော့ဘူးဆိုတာ သူ မသိဘူးလား။ သူ့နဲ့

ချစ်ကြိုး တွဲသွားတွဲလာရှိတာ သူနဲ့ ဘာဆိုင်လို့လဲ။

"ပိုင်ပိုင်"

"............."

"မင်း ဘယ်လိုဖြစ်နေတာလဲ"

"သဝန်တိုနေတာ"

"ဟယ်"

"ဒါပဲနော် . . . မမ နောက်ထပ် အဲဒီကောင်နဲ့ မပတ်သက်

ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"မင်း ငါ့ကို အမိန့်ပေးနေတာလား"

"ဟုတ်တယ်"

"မင်းမှာ အဲဒီလိုအခွင့်အရေး မရှိဘူး ပိုင်ပိုင်"

"မမ"

"အဲဒီလိုတားဆီးပိတ်ပင်မှုတွေ ပြုနေရအောင် မင်းနဲ့ငါက ဘာလဲ။ ဘာပတ်သက်လို့လဲ"

"ပတ်သက်တယ်"

"ဘာ"

"ခု မပတ်သက်ဘူးဆိုရင်လည်း နောက်ပတ်သက်ဖို့ ရှိတယ်ဆိုတာ မမမှတ်ထားလိုက်"

"ဘာတွေလာပြောနေတာလဲ"

"မမ"

ပိုင်ပိုင် မမနဲ့မဆိုင်ဘူးဆိုတဲ့ မျက်ဝန်းတွေကြောင့် ဒေါသ ဖြစ်ချင်ချင်။ မဆိုင်တာကို ဆိုင်အောင်လုပ်လို့မရဘူးလား။ မမက ဥပေက္ခာပြုနိုင်လွန်းတာ။ ကိုကြီးလည်း အတူတူပဲ။ အဲဒါတွေကို ပိုင်ပိုင် မကြိုက်တာ။ အသက်အရွယ်လည်း ငယ်ကြတော့တာ မဟုတ် ဘဲနဲ့ စိတ်ကို အလိုလိုက်နေကြတာ ကောင်းသလား။

တကယ်ဆို သူတို့ အသက်အရွယ်တွေနဲ့ တည်တည်တံ့တံ့ တန့်နေသင့်နေပြီ။ ဒါကို အခုထိ မပြုပြင်နိုင်ကြသေးတာ လွန်တာပေါ့





သည်လွန်းတဲ့ဘီး၊ ချေးပေတတ်တယ်တဲ့။ ဘယ်ဘီးက ဘယ်လိုချေး ပေမယ်တော့မသိ။

"မင်း ငါ့ကို ဘာမှ ဆရာလုပ်နေစရာမလိုဘူး ပိုင်ပိုင်။ ငါ ကလေးမဟုတ်ဘူး။ ငါ့မှာ ကိုယ်ပိုင်လွတ်လပ်ခွင့်ရှိတယ်"

"ကျွန်တော် မမကို လွတ်လပ်ခွင့်မပေးနိုင်ဘူး"

"မင်းက ငါ့အဖေလား"

ပြောပြီး ချစ်ကြိုး ထရစ်လိုက်၏။

"မမ သူ့ဆိုတဲ့ကောင်နဲ့"

"တော်တော့ ပိုင်ပိုင်"

လက်သီးဆုပ်လိုက်မိပြီးမှ ပြန်ဖြေချလိုက်ကာ . . .

"သူ့နဲ့ငါ ဘယ်လိုပဲပတ်သက်ပတ်သက် မင်းသိဖို့ မလိုဘူး။ မင်းပြန်တော့ သွား"

"ကျွန်တော်က စိုးရိမ်လို့ပြောနေတာ မမရဲ့"

ပိုင်ပိုင်ပါ ထရစ်လိုက်ကာ မမပခုံးကို ဆုပ်ကိုင်၍ . . .

"ကျွန်တော် တောင်းပန်နေတာပါ မမ။ မမ အဲဒီကောင်နဲ့ မပတ်သက်ပါနဲ့ဗျာနော်"

"ဖယ်စမ်း"

"မမ ကတိပေး"

"ဖယ်လို့ ငါပြောနေတယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော့်စကားကို ဆုံးအောင်နားထောင်ပေးပါ မမ"

"ပြော . . . ဘာလဲ"

"သျှံဆိုတဲ့ကောင်က မမထက် အများကြီးငယ်တယ်"

မင်းကရော မငယ်လို့လား။ ဆယ်နှစ်တောင် ကွာတာလို့ ပြောချင်ပေမယ့် မပြောဖြစ်။

"မမလုတာ မှန်ပါတယ်။ အဲဒီအလုပေါ်မှာ ခဏတာပဲ ယစ်မူးကြမှာ။ ရေရှည်မှာ အဆင်မပြေဘူးမမ။ အဲဒီကောင်က မမကို အတည်လို့ မမထင်နေလား"

"မထင်ပါဘူး၊ ငါကရော သူ့ကို မရမက အတည်တွဲပါလို့ ပြောမယ့်သူမှ မဟုတ်တာ။ ချစ်ကြိုးမျှင်ဆိုတာ ဘယ်လိုမိန်းမလဲ မင်း သိတယ်"

"မမအရွယ်က တည်ငြိမ်သင့်နေပြီ မမ"

သူ့ကိုတောင် ဆရာတင်ရမလိုပါလား။ ချစ်ကြိုး လျှင့်ခနဲ ပြုံးလိုက်မိသည်။ သူကဘာလို့ သျှံနဲ့သူမကို အပိုင်တွက်ပြီး ခုံးမင်း ဖွင့်နေတာလဲ။ ဒီကောင်လေး အရင်က ဒီလိုမဟုတ်ပါဘူး။ ... သူမအနားက မခွာချင်ဖြစ်နေတာကို နားမလည်နိုင်။

"မင်းက မိကျောင်းမင်းကို ရေကင်းပြနေတာလား ပိုင်ပိုင်"

"စေတနာနဲ့ ညွှန်ပြချက်ပါ"

"စေတနာ"





"ဟုတ်တယ်"

"ငါက ဘာဖြစ်နေလို့လဲ"

"မမကိုယ်မမ သိမှာပေါ့"

"မင်းမှတ်ထား ပိုင်ပိုင်။ ငါဆိုတဲ့မိန်းမက ကျန်ရစ်ခဲ့သူ ဘယ်တော့မှ အဖြစ်မခံဘူး။ ကျောခိုင်းသူပဲ ဖြစ်ချင်တာ"

ချစ်ကြိုးပြောတဲ့အဓိပ္ပာယ်က တစ်မျိုး။ ပိုင်ပိုင်နားလည်တာ က တလွဲဖြစ်ကာ . . .

"မမက မျက်နှာများတာကို ဂုဏ်ယူစရာလို့ ထင်နေတာ လား"

"ဒီမှာ ပိုင်ပိုင်"

"ဗျာ"

"စိတ်ရောဂါကို စိတ်နဲ့ပဲ ကုရတယ်ဆိုတာ မင်း နားလည် ပေါ့"

"မမ ဘာပြောတာလဲ၊ ကျွန်တော်နားမလည်ဘူး"

"မင်း ငယ်ပါသေးတယ်၊ နောက်တော့ သိလာမှာပါ"

နားလည်ရခက်စွာ ပိုင်ပိုင် စိတ်တောင်ရှုပ်သွားမိ၏။

"ပိုင်ပိုင်"

"ဟင်"

ပိုင်ပိုင် လှည့်ကြည့်လိုက်တော့ တံခါးဝမှာ ရပ်နေတာ



www.burmeseclassic.com

www.burmeseclassic.com



ကိုကြီးပါ။ နေသွေကို မြင်တာနှင့် ချစ်ကြိုးမျက်နှာက တင်းသွား၏။

"ကိုကြီး"

"မင်း ဒီမှာ ဘာလာလုပ်နေတာလဲ"

"ကိုကြီးက ဘာလာလုပ်တယ်ထင်လို့လဲ"

"မင်း ငါ့ကိုပြန်မပြောနဲ့"

"ကျွန်တော် မမနဲ့အချစ်အကြောင်း ဆွေးနွေးနေတာ"

"ဘာ"

နေသွေမျက်နှာ ရဲခနဲဖြစ်သွား၏။ ဒီကောင် သူ့ကို ပမာမ[illegible] လုပ်ပြီး ရွဲ့နေတာလား။ ကိုယ့်သားလောက်ကလေး အချစ်အကြော[illegible] ပြောတာကို ချစ်ကြိုးကရော လက်ခံနားထောင်ပေးသတဲ့လား။ [illegible] ပြန်ရင် ကိုယ့်ကိုပဲ မနာလိုဖြစ်နေသလား၊ အမေးခံရဦးမယ်။

အဲဒီတော့ . . . မပြောတာဘဲ ကောင်းပါတယ်။ လိုရင်းကို[illegible]

"မင်းကို မေမေ ရှာနေတယ်"

"ဘာကိစ္စရှိလို့လဲ"

"အဲဒါ . . . မေမေ့ကို သွားမေး"

ချာခနဲလှည့်ထွက်သွားတဲ့ ကိုကြီးကျောပြင်ကိုကြည့်ပြီး [illegible] ပိုင် လွန့်ခနဲ ပြုံးလိုက်မိသည်။ ရင်ဘတ်တိုင်းမှာ အချစ်ရှိလို့ အချ[illegible] စရန်ကပ်တဲ့အကြောင်း ပြောပြတာ ဘာဖြစ်လဲ။

❋ ❋ ❋

# အခန်း (၁၃)

နေသွေ ညီဖြစ်သူ၏အကြောင်းကိုတွေးရင်း သက်ပြင်းချမိ၏။ [illegible]ကောင် ချစ်ကြိုးကို တကယ်ချစ်နေတာလား။ နေ့ရှိသရွေ့ ဟိုတက်ခြ[illegible] [illegible] ကူးကူးသွားနေတာဆိုတော့ ဟုတ်မှာပါ။ ချစ်စရာကောင်းလောက် [illegible]ကောင် ချစ်ကြိုးကလည်း လှတာကိုး။ ကိုယ်လည်း ဒီပုပ်ထဲက ဒီပဲပဲ [illegible]ယ့် မာနမျဉ်းပြိုင်ကြားမှာ ကိုယ့်မျဉ်းက ခပ်နွဲ့နွဲ့ပါပဲ။

ဒီအရွယ်ကြီးရောက်မှ . . .

ချစ်ကြိုးရယ်၊ ငါမှားပါတယ်လို့ ဝန်ချတောင်းပန်ရမလား။ [illegible]ယမ်းမှာ ညီပါ ပါလာပြီဆိုတော့ ဖြေရှင်းဖို့ ပိုခက်သွားပြီ။ [illegible]ချဉ်ဆိုတာကို အထုပ်အထည်နဲ့ မပြနိုင်ပေမယ့် တောင်ပို့ပို့ [illegible]တာမို့ ကိုယ့်ရင်ဘတ်အကြောင်း ကိုယ်ပဲသိသည်။ အချစ်ဆိုတာ

www.burmeseclassic.com



ကို လွှယ်လွှယ်ချစ်ပြီး လွယ်လွယ်ပဲ ပစ်လို့ရမယ်လို့ ထင်ထားခဲ့တာ

တကယ်တမ်းကျတော့ . . .

အချစ်က ပန်းဆိပ်သင့်သလို မမြင်ရဘဲ လူကို အဆိပ်သင့်စေတာ။ အဲ ဒီအဆိပ်က ဖြေဆေးမရှိ။

"သား"

". . . . . . . . ."

"မေမေ ဝင်ခဲ့မယ်နော်"

"ဟုတ် . . . ဝင်ခဲ့ မေမေ"

မေမေ ဝင်လာတာနှင့် အတွေးစက ပြတ်သွား၏။

"မေမေ သားကို မေးစရာရှိလို့ ဝင်လာတာ"

"မေးလေ"

သူ့မျက်နှာကို မေမေက စေ့စေ့ကြည့်လျက် . . .

"သား မဟူရာ့ကို တကယ်လက်ထပ်မှာလား"

"မေမေ ဘာလို့မေးတာလဲ"

"မေမေမေးတာကိုပဲ သားဖြေပါ"

နေသူ သက်ပြင်းချလိုက်ပြီး . . .

"လက်ထပ်ဖြစ်မယ်လို့ ထင်တာပဲ"

"ဟင် . . . သားစကားကြီးကလဲ"

"မေမေက လက်ထပ်စေချင်လို့လား"





"သားအရွယ်က ငယ်မှမငယ်တော့တဲ့ သားရယ်"

"မေမေ"

"ဟင်"

"မေမေ သားကို ရာရာနဲ့ သဘောတူလား"

ဒေါ်ပပဖော် ပကာတိ တိတ်ဆိတ်သွား၏။ သဘောတူချင်တာ တစ်ယောက်လေ။ အဲဒီတော့ ဘယ်လိုဖြေရမလဲ။ မတူချင်ပေမယ့် လက်ထပ်ချင်တယ်ဆိုရင် တူပေးရတော့မှာပဲလေ။

"သားက လက်ထပ်ချင်တယ်ဆိုရင် တူပေးရတော့မှာပေါ့"

"သားရဲ့သဘောလို့ မေမေ ပြောတာလား"

"ဟုတ်တယ် သား"

"မေမေ့ကြည့်ရတာ ရာရာ့ကို သဘောမကျဘူးထင်တယ်"

"သူက ငယ်လည်းငယ် လှလည်းလှတော့ မေမေ စိတ်မချဘူးသား။ မေမေကတော့ ဖြစ်နိုင်ရင် သားကို"

စကားက မဆက်ဘဲ ပြတ်ထားတော့ ဆန့်တငင်ငင်။

"ဆက်ပြောလေ မေမေ"

"မေမေကတော့ သားကို ချစ်ကြိုးနဲ့ပဲ ဖြစ်စေချင်တယ်"

"ဗျာ"

"သားဖေဖေကလည်း မျှော်လင့်နေတာ။ သားငယ်နဲ့ကတော့ ဘယ်လိုမှ မဖြစ်နိုင်ဘူးတဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမဲ့ . . . မေမေရယ်"

"ချစ်ကြီးက သားငယ်ကို လက်ခံမှာမဟုတ်ဘူးဆိုတာလည်း သိနေတယ်။ မင်းမာနတွေကြီးမနေပါနဲ့တော့ သားရယ်"

ရှုးချင်စိတ်ပေါက်တဲ့အထိ စိတ်ညစ်သွားတာ တကယ်။ မတည့်ကြတဲ့လူ နှစ်ယောက်ပေါင်းဖက်ဖို့က ဖြစ်နိုင်ပါ့မလား။ ချစ်ကြီးက ရှေ့တိုးမိရင် ပြန်လှည့်ကြည့်တတ်တဲ့လူ မဟုတ်ဘူးလေ။ ကိုယ်က စမှားခဲ့တဲ့သူမို့ ဝန်ချတောင်းပန်ရင်တောင် သူက လက်ခံမှာမဟုတ်တော့။ ချစ်ကြီးမာနကို သူသိသည်။

"သား"

"ဗျာ"

"ဒီကိစ္စကို သား စဉ်းစားပေးပါ"

"မလွယ်ဘူး မေမေ"

"ဘာ"

"ညီက ချစ်ကြီးကို တကယ်ချစ်နေတာဆိုရင်"

"သားငယ်ရဲ့စိတ်ကို မေမေ သိတယ်"

ဘာကိုသိတာလဲ။ စိတ်ကိုသိရုံနဲ့ နှလုံးသားကို မြင်နိုင်တာ မဟုတ်တာ။

"သား စဉ်းစားပါဦးမယ်"

"ကောင်းပြီ၊ ဒါဆို မေမေသွားမယ်"





"ဟုတ်ကဲ့"

မေမေ သူ့အခန်းထဲကနေ ထွက်သွားပြီးနောက် နေသူ နိုင်ယာရီစာအုပ်ကလေးကို ထုတ်ယူလိုက်မိ၏။ စာအုပ်ကလေးကို ဖွင့်လိုက်တော့ ဓာတ်ပုံလေးတစ်ပုံ ထွက်လာသည်။

နေသူရယ်

ဆန်းလှုင်းနဲ့

ချစ်ကြီးပဲပေါ့။

ဩော် . . . ချစ်ကြီးရယ်။

❋ ❋ ❋



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၄)

"ဖြည်းဖြည်းလုပ်ပါ နေသူရဲ့"

"နောက်ကျရင် တစ်ပွဲနော်"

"ဆန်းလင်း နင်မညစ်"

"ညစ်တာမဟုတ်ဘူး။ သူက စပြီးစိန်ခေါ်တာ"

"နေသူ"

"ဘာလဲဟ"

"ဆန်းလင်းပြောတာ ဟုတ်လား"

"ဟုတ်တယ်"

စက်ဘီးစီးနေရင်းမို့ စကားပြောသံတွေက ခပ်ကျယ်ကျယ်

ပါပဲ။ စက်ဘီးကိုနင်းတဲ့ အရှိန်ကလည်းမလျော့။ ချစ်ကြိုးတို့က နှ





ယောက်။ ဆန်းလင်းက တစ်ယောက်တည်းလေ။ ကားကြိုကားကြား မှာမို့ ချစ်ကြိုးက ကြောက်ဒူးတုန်ကာ နေသူခါးကို ဖက်ထားတာဖြစ်၏။ နှစ်ယောက်တစ်ယောက်မို့ ဆန်းလင်းရှေ့တက်လို့မရအောင် နေသူက ဇွဲလိုက်ပိုက်လိုက်နဲ့ စီးနေတာ။

ရန်ကုန်မှာ စက်ဘီးစီးနေတာ နယ်တွေမှာလို ကိုယ်နင်းချင် သလောက် ဖွတ်နင်းလို့မရ။ ချစ်ကြိုးက ဘီးလိမ့်ရုံသာသာလေးပဲ နင်းစေချင်တာမို့။

"အခု ကြည့်ပါလား။ ငါက နင့်ကိုတင်နင်းနေရတာတောင် ဒီကောင် ငါ့ကိုမမီဘူး"

"အံမယ် ... မင်းရှေ့က ပိတ်ထားပြီးတော့"

"ကဲ ... တော်ကြပါတော့။ ဖြည်းဖြည်းနင်းပါဆို နေသူရဲ့"

"ကောင်မလေး ကြောက်နေပြီ ... ဟား ဟား"

"ကြောက်တာပေါ့"

"မကြောက်ပါနဲ့ ချစ်ချစ်ရယ်၊ ဟောဒီမှာ ကိုကိုလင်း တစ် ယောက်လုံး ရှိပါတယ်"

"ဆန်းလင်းနော်"

"မတော်လို့သေသွားရင် တံတွေးစွတ် ငိုပေးပါ့မယ်လို့"

"ဆန်းလင်းစုတ် နင်ပဲသေ"

"ဟော့ကောင် ... ငါ့ချစ်ချစ်ကို မင်းမစနဲ့နော်။ ဒီမှာ ဘာလဲ



www.burmeseclassic.com

www.burmeseclassic.com



တွေ့လား"

"လက်ယီး"

"မြည်းကြည့်မလား"

"နေသူစုတ် ... ကဲ"

"ဘုန်း"

"အာ လာ လာ"

ချစ်ချစ်လို့ ခေါ်လို့ ချစ်ကြိုးထုချလိုက်တာမှန်း နေသူရော ဆန်းလင်းပါ သိ၏။ အဲဒီလိုခေါ်တာကို ချစ်ကြိုးကမကြိုက်။ မကြိုက်မှန်းသိလို့ စနေတာမို့။

"အဲဒီလိုမခေါ်စေချင်ရင် နင့်နာမည်ကို ဘာလို့ ရှေ့မှာ ချစ်ထည့်မှည့်ထားလဲ"

"အဲဒါ ... ငါ့မိဘတွေမှည့်တာ"

"ဒါဆို ဖြုတ်လိုက်လေ သမီးရဲ့ ကြိုးမျှင်လေး"

"အံမယ်"

"ဘာကြိုးမျှင်လဲ"

"အပ်ချည်ကြိုး"

"ဟား ဟား ဟား ... အပ်ချည်ကြိုး"

"အပ်ချည်ကြိုး"

"ဆန်းလင်းနော်"





"အပ်ချည်ကြိုး"

"နေသူ"

"အဲဒီလိုခေါ်တာလည်း မကြိုက်ဘူးလား"

"မကြိုက်ဘူး ... မကြိုက်ဘူး"

"ဒါဆို ... ချစ်ချစ်"

"ဘုန်း"

"အား ... ချစ်ချစ်"

ချစ်ကြိုးက တစ်ချက်ထုတိုင်း နေသူက ချစ်ချစ်တစ်ခါခေါ်သည်။ ဒါကိုပဲ ဆန်းလင်းက အော်ရယ်လေ၏။ ချစ်ကြိုးထုတာကို ခံလိုက်တော့လည်း ...

"ထုလေ"

"မထုဘူး"

"ထုပါဟ၊ ခေါ်ရတာ အရသာရှိလွန်းလို့"

နှုတ်ခမ်းစူကာ ချစ်ကြိုးစိတ်ကောက်ဟန်ပြုလေတော့ ဆန်းလင်းနဲ့နေသူက တဟဲဟဲပါ။ ပြောမနာ ဆိုမနာနဲ့ သိပ်ချစ်ကြတဲ့ သူငယ်ချင်းသုံးယောက်မို့။

"အချစ်ရေ"

နေသူက ပြန်ပြီးစအော်လေလျှင် ဆန်းလင်းက ထူး၏။

"အချစ်ရေ"



www.burmeseclassic.com

www.burmeseclassic.com



"ဝေး"

"နေလို့မှကောင်းရဲ့လား"

"ဆရာမိုးသောက်ထားလို့ ဗိုက်ထဲက ရစ်နာနေတယ်"

"အိပ်လို့ ပျော်ပါစေ"

"မပူနဲ့ ငြိုင်ပြီးအိပ်တာ"

"အချစ်ရေ"

"ဝေ"

"သနပ်ခါးလေးလှအောင်လူးထား"

"အေး"

"ချစ်ချစ်ရေ ဖက်ထားနိုင်ပါစေ"

"ဟင်"

ခါးကိုဖက်ထားတဲ့လက်ကို ချစ်ကြိုး ရွတ်လိုက်၏။ ကြော ကြောက်နဲ့ သူမ နေသူ့ခါးကိုဖက်ထားတာလေ။ ဒါကို မောင်မင်းကြ သားက အသားယူပြီး သဘောကျနေတာ။ ခါးကို အဖက်ခံရကတည် က နေသူ ဘာတွေကို အူမြူးနေမှန်းမသိ။

ဒီအရွယ်က စိတ်ကစားတဲ့အရွယ်ဆိုတော့ . . .

နေသူ့ရင်တွေလည်း ခုန်နေမိသလိုလို။ အချစ် ဘယ်ကဝေ ဆိုရင် ဘယ်ကနေ စမှန်းတော့မသိ။ ချစ်ကြိုးနဲ့ စက်ဘီးအ လျှောက်စီးရတာကို ပျော်တတ်လာသည်။ ဝက်သားတုတ်ထိုးဆိုင်





ရောက်တော့ . . .

"ချစ်ကြိုး"

"ဟင်"

"ဘာစားမှာလဲ ပြောလိုက်လေ"

"ဝက်သားတုတ်ထိုးသည်ရှေ့ရောက်မှတော့ ဝက်သားတုတ်ထိုးပဲ စားမှာပေါ့"

"အဲဒါကိုပြောတာ မဟုတ်ဘူးလေဟာ။ ဘယ်ဟာကိုစားမှာလဲလို့မေးတာ"

"အသည်း"

"အသည်း ဟုတ်လား"

"ဟုတ်တယ်"

ချစ်ကြိုး အသည်းကြိုက်တာကိုသိပြီးသားပေမယ့် ဒီတစ်ခါ အသည်းစားမယ်ဆိုတာကိုပဲ သူမှာ ထူးဆန်းနေသလိုလို။ အသည်းဆိုတာနဲ့ ကိုယ့်အသည်းရောများ အစားခံရမလားလို့ တွေးမိသွားတာ။

ဒါကို ဆန်းလင်းက ရင်ဘတ်တံခါး၏ဖောက်ထွင်းဝိဇ္ဇာအတိုင်း။။

"နင်က အသည်းစားဘီလူးလား ချစ်ကြိုး"

"ငါ့အသည်းကလည်း ဝက်ီယလေ"

"ကြောက်စရာကြီး"



www.burmeseclassic.com

www.burmeseclassic.com



ဆန်းလင်းက ပခုံးတွန့်၍ ရှုံ့ပြ၏။

"ကြောက်ရင်ရှောင်ပေါ့"

"ငါ့အသည်းလေးတော့ ချမ်းသာပေးပါဟာ"

နေသူ ဝင်ပြောလိုက်တော့ . . .

"နင့်ဆိုရင် ဦးနှောက်ပါဖောက်စားချင်တာ"

"ဘုရား ဘုရား"

"ဦးလေးကြီး"

"ဟင်"

"ချစ်ကြိုးကို အသည်းလှီးပေး"

"ဦးလေးကိုတော့ ချမ်းသာပေးပါ တူမကြီးရယ်"

"ဦးလေးကြီး ဘာတွေပြောနေတာလဲ"

"တူမကြီးပဲ အသည်းကိုလှီးပေးပါဆို"

"ချစ်ကြိုးပြောတာက ဝက်သည်းကိုပြောတာ ဦးလေးကြီး ရဲ့"

"ဟော . . . အေး အေး ရမယ်"

"ဦးလေးကြီး"

"ဟော"

"ကျွန်တော်က အမြီး"

ဦးလေးကြီးက နေသူ့ကို ခေါ်ကိုင်ထားလျက်မှ ပြုံးကြည်





နေစဥ် . . .

"လှုပ်ပြီ့လက် ဝက်မြီးလေ . . . ဗိုး ဗိုး"

ဆန်းလင်းက လက်ကိုထောင်ပြီး ဝက်မြီးယမ်းသလို လုပ်ပြလေတော့မှ ဦးလေးကြီးရော သူတို့ပါ ရယ်မိကြသည်။ သူတို့သုံးယောက် ဝက်သားတုတ်ထိုးစားပြီး ပြန်လာကြတော့ ချစ်ကြိုး ဂျိကျလေတော့၏။

"ငါ အိမ်မပြန်ချင်သေးဘူး"

"အိမ်မပြန်ချင် ရေဝေးလိုက်ပို့ရမလား"

"နေသူနော်"

"ဘာလဲ"

"ရေဝေးကို နင်တစ်ယောက်တည်း သွားပါလား"

"ဟာ . . . ငါတစ်ယောက်တည်း ပျင်းစရာကြီး။ နင်တို့ပါ လိုက်ခဲ့"

"ဟင်"

"ဟောကောင်"

ဆန်းလင်းက မျက်စိမျက်နှာပျက်ပျက်နှင့် အော်လေ၏။ သူတွေများ တစ်နေ့သေရမယ်မှန်း သိသိနဲ့ ကြောက်ကြတာလေ။ သူတာရော မကြောက်ဘူးလားဆိုတော့ ကြောက်တာပေါ့။ ဆန်းလင်း ဆိုတဲ့ကောင်က သူများသေရင်တောင် ကြောက်တတ်လိုက်တာ လွန်ပါ



www.burmeseclassic.com

www.burmeseclassic.com



ရော။ သူမေမေ တစ်ခါကပြောပြဖူးသည်လေ။

ဆန်းလင်းက . . .

ဘယ်နေရာမှာ ဘယ်သူသေတယ်ဆိုတာနဲ့ နေစရာမရှိအောင် ကြောက်တာတဲ့။ မိုးရွာလို့ မိုးခြိမ်းရင်လည်း ပုန်းနေရောဆိုလို့ သူငယ်ချင်းတွေ စ,စရာဖြစ်ခဲ့သေးသည်။ ချစ်ကြိုးရော ဘာထူးလဲ။ သရဲကြောက်တတ်လိုက်တာ လွန်ပါရော။

"မင်းကွာ ပါးစပ်ပုပ်ကြီးနဲ့"

"သေရမှာကြောက်နေလိုက်ကြတာ ကြည့်စမ်း။ မျက်နှာလေးတွေ မန်ကျည်းရွက်လောက်ပဲ ရှိတော့တယ်"

နေသူက သူတို့ကို သရော်ပြီး ရယ်ခဲ့၏။

"တော်ပြီ . . . တော်ပြီ၊ နင့်နောက်ကနေ ငါ စီးမလိုက်တော့ဘူး နေသူ"

"ဘာဖြစ်တာလဲ"

"ငါ ဆန်းလင်းနောက်ပဲ စီးလိုက်တော့မယ်"

ဆိုတော့ ဆန်းလင်းက ချစ်ကြိုးကိုငဲ့ကြည့်ကာ . . .

"နေသူခါးကိုဖက်သလို ငါ့နောက်က စီးလိုက်ရင် ငါ့ခါးကိုလည်း ဖက်ရမှာနော်"

"မျက်နှာပိုးကိုမသေဘူး"

မျက်စောင်းလေးက နှစ်ယောက်စလုံးထံမှ ဝေ့ဝဲသွားလျက် နှစ်ယောက်စလုံးက စကားအကောင်းမှ မပြောကြတာကို။

"ကဲ . . . ပြန်မယ်ဟာ နော် ချစ်ကြိုး"

"မပြန်သေးဘူး"

"တော်ကြာ . . . နင့်အိမ်က စိတ်ပူပြီး မိဖုရားကင်းကိုက်သလို ဖြစ်နေဦးမယ်ဟ"

"ဖြစ်ပါစေ"

ချစ်ကြိုးက တကယ်ပဲ အိမ်မပြန်ချင်သေးစွာ ပေကပ်ကပ်ရပ်နေသဖြင့် နောက်ဆုံး နေသူပဲ လက်လျှော့လိုက်ရ၏။

အဲ့ဒီလို ကိုယ်က အလျှော့ပေးရတာရှိသလို တစ်ခါတလေကျတော့လည်း။

❋ ❋ ❋





www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၅)

ကျောင်းမှာ ချစ်ကြိုးက ကွင်းဆိုတော့ ကောင်လေးတွေရဲ့ ပါးစပ်ဖျားမှာ ရေပန်းစားခဲ့သည်လေ။ ပန်းကလေးလှရင် ပျားပိတုန်း ဝဲတယ်ဆိုတာကို နေသူ လက်မခံနိုင်။ သူက ဆူးအဖြစ်နဲ့ ကာရန်ထား တာတောင် လစ်ရင်လစ်သလို ချစ်ကြိုးအနားကို ချဉ်းကပ်ဖို့ အမျိုးမျိုး ကြိုးစားကြတာ။

ဒါကို . . .

ကုလားမနိုင် ရခိုင်မဲ့ဆိုသလိုပေါ့။ သူ ချစ်ကြိုးကို အမျိုးမျိုး ပြဿနာရှာခဲ့ပြီး သူကိုယ်တိုင်ကျတော့ သူငယ်ချင်းအဆင့်ကနေ ရှေ့ မတက်။ ဒီတော့ ရှေ့တင်မပြောပေမယ့် ကွယ်ရာမှာ ကောက်ရိုး စောင့်တဲ့ ခွေးလို့ အပြောခံရတာကိုလည်း နေသူ ဂရုမစိုက်။





ကွယ်ရာမှာ ပြောတာကျတော့ ရော်ရမ်းပြီး ရန်လုပ်လို့ရမတဲ့လား။

ရှေ့မှာပြောလို့ကတော့ . . .

ဘယ်သူမျိုးမဆို ဆွဲထိုးမိမှာပဲလေ။ နေသူ ကိုယ်ဖွင့်ပြောဖို့ ကျတော့လည်း ချစ်ကြိုးစိတ်ဆိုးမှာစိုးတာ။

"ချစ်ကြိုး"

". . . . . . . . . . . . . ."

"ချစ်ကြိုး"

"ဘာတုန်းဟဲ့ လာပြီ"

"ဟင်"

လာပြီဆိုတဲ့အသံနှင့်အတူ ချစ်ကြိုး ပြေးထွက်လာတော့ နေသူ ပြောမယ့်စကားတွေမေ့ပြီး ချစ်ကြိုးကို ငေးကြည့်နေမိသည်။ သူလိုက်တာ ချစ်ကြိုးရယ်။

ရင်ထဲမှာသာ တိတ်တဆိတ်ရွတ်ဆို၍ . . .

အပေါ်ယံမှာတော့ မျက်နှာက တင်းသွားသည်။ ဒီလောက် အအောင်ပြင်ထားမှတော့ ပုရိသယောက်ျားတွေရင်ကို လှုပ်ခတ်စေ သည်ပေါ့။ ချစ်ကြိုးကို သူကလွဲပြီး အခြားကောင်တွေ စေ့စေ့ကြည့်တာ အိုင် နေသူမကြိုက်။

"ဟဲ့ . . . ဘာကြည့်နေတာလဲ သွားမယ်လေ"

"နေဦး"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

ဘာလဲဆိုသောသဘောနှင့် ချစ်ကြိုးက မျက်ခုံးလေးပင့်ကြည့်လေလျှင် ...

"မျက်နှာသွားသစ်စမ်း"

"ဘာ"

"ခု မျက်နှာသွားသစ်"

"ဘာရှုတာလဲ၊ ငါက ဘာကိစ္စနဲ့ မျက်နှာသွားသစ်ရမှာလဲ"

"ဟ ... ဒီလောက်လှအောင်ပြင်ထားမှတော့ အညှီရှိရင် ယင်အုံပြီပေါ့"

"နေသူနော်"

"နင်လုပ်နေတာ ငါမမြင်ချင်ဘူး"

"ဘာ"

"လာစမ်း"

"နေသူ ... နင်"

"ငါ့ကို ခံမပြောနဲ့ လာဆိုလာ"

"နင် မတရားမလုပ်နဲ့နော်၊ ငါ့လက်ကို လွှတ်"

"ဒီလောက်လှအောင်ပြင်ပြီး နင် ယောကျာ်းလေးတွေ မြူဆွယ်နေတာ"

"ဘာဆိုင်လို့လဲ၊ မိန်းကလေးတိုင်း လှချင်တာ သဘာ





ဥစ္စာ။ သူတို့ဘာသာ စိတ်ဝင်စားတာ ငါ မတုံ့ပြန်ရင်ပြီးတာပဲ မဟုတ်လား"

"မလိုချင်ဘူး"

ပြောနေပေမယ့် နေသူက ခြေလှမ်းမပျက်။ ချစ်ကြိုးကို ဆွဲခေါ်မြဲ ဆွဲခေါ်လျက် ရေချိုးခန်းထဲကိုရောက်တော့ ...

"သစ် မျက်နှာ"

ချစ်ကြိုး ငိုမဲ့မဲ့လေးဖြစ်သွားပြီးမှ ဆောင့်ဆောင့်အောင့်အောင့်နှင့် မျက်နှာသစ်လေသည်။ ဒီလိုလုပ်လို့ သူ တရားတာမတရားတာ နေသူမသိ။ သူဖြစ်ချင်တာတစ်ခုဖြစ်သွားပြီး ...

"ပြီးပြီ"

"ပြီးရင်သွားမယ်"

"နေဦး"

"ဘာလဲ"

"နင် ငါ့ကို ရုပ်ဆိုးစေချင်တာ မဟုတ်လား"

"ဟုတ်တယ်"

"ခဏစောင့်"

ခြေဆောင့်၍ ချစ်ကြိုး ထွက်သွားတော့ နေသူ ကျေနပ်စွာနှင့် ထိုင်စောင့်နေလိုက်သည်။ ချစ်ကြိုး ဘာသွားလုပ်တာလဲ။ ပြန်လာရင်တော့ သိရမှာပေါ့ဟု အေးအေးဆေးဆေး ဆိုဖာမှာမှီပြီး လက်ပိုက်၍



www.burmeseclassic.com

www.burmeseclassic.com



စောင့်နေလိုက်၏။

"နေသူ"

"ဟင်"

"သွားမယ်"

နေသူ ချစ်ကြိုးကို မော့ကြည့်လိုက်တော့ . . .

"ဟာ"

"ဘာဖြစ်တာလဲ"

နေသူ အံ့ဩသွားပြီး ရယ်လည်း ရယ်ချင်သွား၏။ လုပ်လာတဲ့ပုံစံကို ကြည့်ပါဦး။ ရှင်မတောင်သနပ်ခါးထူထူပျစ်ပျစ်ကြီး လိမ်းထားပြီး ပါးကွက်က ပါးပြင်နဲ့အပြည့်။

နှုတ်ခမ်းနီရဲရဲတောက်တောက်ကို ဆိုးထားတာလည်း နှုတ်ခမ်းအပြင်ဘက်ကို ချဲ့ထားသဖြင့် နှုတ်ခမ်းက ထူထူအမ်းအမ်းကြီး ဖြစ်နေသည်။

မျက်ခုံးမွေးကိုတော့ ဘီးနဲ့ခြစ်ဖော်ထားပုံရကာ မျက်နှာတစ်ပြင်လုံး မျက်ခုံးနဲ့ မျက်လုံးပေါက်ကလေးသာ မြင်သာထင်သာရှိ၏။ ဒါ သူ့ကို ရွဲ့တာ။ ရွဲ့တာမှန်းသိသိနဲ့ ကျေနပ်စွာ ရယ်လိုက်မိတော့ . . .

"ဘာရယ်တာလဲ"

"နင့်ပုံစံက ရယ်စရာဖြစ်နေတာကိုး"

"နင်ပဲ ငါ့ကို အရုပ်ဆိုးစေချင်တယ်ဆို"





"အေးပါ . . . အေးပါ"

"အခု နင်ကျေနပ်တယ် မဟုတ်လား"

"ကျေနပ်တယ် . . . ဟား ဟား ဟား ဟား"

"ရယ်မနေနဲ့ သွားမယ်"

"ဟား ဟား ဟား ဟား"

ရယ်နေတာ မပြီးနိုင် မစီးနိုင်။ အပြင်ကနေ ပြန်လာတဲ့ မနှင်းနဲ့တိုးလေတော့ . . .

"အမယ်လေး"

"မနှင်း"

"ဒါ . . . ဒါကြီးက"

"မနှင်း ညီမလေး ချစ်ကြိုး"

"ချစ်ကြိုး"

"ဟုတ်တယ်လေ . . . မလှဘူးလား။ ဟား ဟား ဟား"

"မြတ်စွာဘုရား"

"အဲဒီမှာရယ် . . . သေအောင်ရယ်"

ရပ်နေတဲ့သုံးယောက်မှာ ဘာသာမတူကြပေ။ မနှင်းက မျက်လုံးပြူး မျက်ဆံပြူး ဖြစ်နေပြီး ချစ်ကြိုးကတော့ နှုတ်ခမ်းနီဆိုးထားတဲ့ နှုတ်ခမ်းထူထူကြီးကို ရူထား၏။ နေသူမှာတော့ ရယ်နေတာ အူလှိုက်အသည်းလှိုက်ပါ။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုဖြစ်ရတာလဲ ချစ်ကြိုးရယ်"

"ဒီကောင်လေ ချစ်ကြိုးကို အရှုပ်ဆိုးအောင် လုပ်ခိုင်းလို့"

"ဟုတ်လား နေသူ"

"ဟုတ်တယ် မမနှင်း"

"ဘာဖြစ်လို့လဲ"

"သူ့ကို ဘယ်ကောင်လေးမှ မပိုးအောင်လို့"

"ဖြစ်ရလေဟယ်"

မမနှင်း တစ်ခုခုကိုပြောချင်ပြီး မပြောဘဲ ရှိနေပုံရသည်။

"ကဲ ··· နေသူ သွားမယ်"

"ဟဲ့ ··· နေဦး"

ချစ်ကြိုးလက်ကို မမနှင်းက ဖမ်းဆွဲထားပြီး ···

"ဒီပုံစံကြီးနဲ့တော့ ကျောင်းမသွားပါနဲ့ ငါညီမရယ်။ တော်ကြာ ··· ညည်းကို သရဲထင်ပြီး တစ်ကျောင်းလုံး ထွက်ပြေးကုန်မှ ဖြင့်"

"ပြေးကြပါစေ"

"ကောင်းတယ် ··· အဲဒါမှ ငါ့စကားကို နားထောင်တဲ့ ငါ့ သူငယ်ချင်းလေး"

"နေသူ"

"ဗျာ"





"မင်းနော် မင်း"

ဒီစကား ဒီမျှနဲ့သာပြီးသွားကာ မမနှင်းထွက်သွားလေတော့ပါ။ ချစ်ကြိုးလည်း သူ့ရှေ့က ထွက်သွားလေလျှင် ···

"ဟား ဟား ဟား ··· ဟား ဟား ဟား"

❋ ❋ ❋



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၆)

"ဟော့ကောင် နေသူ"

"ဟင်"

ခေါ်သံကြားလို့ နေသူ လှည့်ကြည့်လိုက်တာနှင့် ...

"ကဲကွာ"

"ခွပ်"

"အ"

ဆန်းလင်းရဲ့လက်သီးချက်ကြောင့် နေသူ ထိုင်ခုံပေါ်သို့ ဖင်ထိုင်ပြန်ကျသွား၏။ မေးရိုးဆီမှ နာကျင်မှုကို လက်ဝါးနှင့်ဖိရင်း ...

"ဆန်းလင်း မင်း"





"အယုတ်တမာကောင်၊ မင်း ငါ့ကို ပြန်ထိုးချင်လား။ လာထိုးစမ်း"

"ဟာ ... ဘာလိုင်းကြီးပါလား"

"မင်းကိုငါ ဘာလိုင်းကြီးမထိုးဘူး ဟော့ကောင်"

"ဒါဆို ဘာလဲ"

သူ ထရပ်ပြီး မျက်မှောင်ကြုတ်ကာ မေးလိုက်၏။ ဆန်းလင်းကလည်း ဒေါသကို ကျိတ်မျိုချနေရသည့်ပုံ။ အကြောင်းမရှိဘဲနဲ့တော့ ဆန်းလင်း သူကိုထိုးမှာမဟုတ်ဘူး ဆိုတာတော့ သိတာပေါ့။ ဘာအကြောင်းကြောင့် ဖြစ်နိုင်မလဲဆိုတာတော့ စဉ်းစားမရပေ။ ဒီလောက်ချစ်ကြတဲ့ သူငယ်ချင်းတွေကြားမှာ လက်သီးနဲ့ထိုးရတဲ့ အကြောင်းအရင်းက ဘာလဲ။

"ဟိုမှာ ... ချစ်ကြိုး။ သူများတွေ ဝိုင်းအဟားခံနေရတာ ဘယ်လောက်သနားဖို့ကောင်းလဲ"

"ဟင်"

"အဲဒါ မင်းလက်ချက် မဟုတ်လား"

ဒီတော့မှ နေသူ သဘောပေါက်သွား၏။ သနပ်ခါးထူလပျစ်နဲ့ ချစ်ကြိုးပုံစံကိုကြည့်ပြီး လှောင်ကြမှာပေါ့။ ဟုတ်တယ် ဒါ သူ့ကြောင့်။ သူမှားခဲ့တာအတွက်။

"ခု ချစ်ကြိုး ဘယ်မှာလဲ။ လာ ... သွားရအောင်"



www.burmeseclassic.com

www.burmeseclassic.com



"နေသူ"

"...............…"

"မင်း ဘာလို့ ချစ်ကြိုးကို အဲဒီလိုလုပ်ခိုင်းရတာလဲ"

ဒီမေးခွန်းကို နေသူ မဖြေနိုင်ပေ။ ချစ်ကြိုးလှတာလည်း ကိုယ့်အတွက် အဆိပ်အတောက်တစ်ခုလိုပါပဲ။ ကိုယ့်ထက်သာတဲ့ ကောင်ရော ညံ့တဲ့ကောင်ရော ချစ်ကြိုးအနားကို နည်းအမျိုးမျိုးနဲ့ ချဉ်းကပ်နေကြတာ သူမှ မကြိုက်တာ။ ဒါ ချစ်ကြိုးရဲ့အလှတရား ကြောင့်ပဲပေါ့။

ကိုယ်ကကျတော့ ...

သူငယ်ချင်းဆိုတဲ့အခွင့်အရေးလေးတောင် ပျောက်ဆုံးသွား မှာ ကြောက်နေမိသည်။ အချိန်အတိုင်းအတာတစ်ခုထိတော့ သူမျိုသိပ် ထားသင့်သေးသည်လေ။ သူ့အပေါ် ချစ်ကြိုးနားလည်လာနိုင်တဲ့နေ့ကျ မှ ...

"ဟေ့ကောင်"

"ဟင်"

"မေးတာဖြေလေကွာ"

"ငါ စတာလွန်သွားတာပါ"

"စတာ"

"ဟုတ်တယ်"





"ကျွတ်"

ကျွတ်ခနဲလုပ်၍ ဆန်းလင်းပုံစံက အားမလို အားမရဟန်။

"ကဲပါ ... ချစ်ကြိုးဆီ သွားရအောင်"

နေသူ ရှေ့မှထွက်လာခဲ့တော့၏။ ချစ်ကြိုးနဲ့ပတ်သက်ပြီး စိတ်မကောင်းဖြစ်သွားမိတာ ရင်ထဲကို ဘာတွေထိခတ်သွားမှန်းမသိ။ တကယ်ဆို ချစ်ကြိုး ဒီလိုပုံစံပျက်အောင် လုပ်တာရော သူ့အလှကို မမြင်ဖူးကြတာမှ မဟုတ်တာ။ ပင်ကိုလှတာက လှတာပဲလေ။ မင်နဲ့ သရဲရုပ်ဆွဲရအောင် ချစ်ကြိုးက အဖြူရောင်စာရွက်ကလေးမှ မဟုတ် တာ။

ချစ်ကြိုးကရော ... သူပြောတာနဲ့ ဘာလို့လိုက်လုပ်ပေးရ တာလဲ။ သူက ဒါလုပ်ရမယ်ဆိုတာနဲ့ အမိန့်ကိုနာခံရအောင် မောင်နှမ လည်းမဟုတ်၊ သားအဖလည်းမဟုတ်။

"ချစ်ကြိုး ဘယ်လိုလဲ၊ ရုပ်ပျက်ဆင်းပျက်လုပ်ထားတာ ဒါတွေက မျက်နှာသစ်လိုက်တာနဲ့ ကွာကျသွားမှာပါ ချစ်ကြိုးရယ်။ နောက်နေ့ ဒီလိုမလုပ်ပါနဲ့နော်"

"အဲဒါ ရှင်နဲ့မဆိုင်ပါဘူး"

"ခေါင်းမမာပါနဲ့ ချစ်ကြိုးရယ်၊ ရော့ ... မျက်နှာသစ်လိုက် နော်"

ရေသန့်ဘူးကို ထိုးပေးတဲ့သူကထိုးပေး၊ တွန်းဖယ်သူကတွန်း



www.burmeseclassic.com

www.burmeseclassic.com



ဖယ်။ ဒါကို မြင်လိုက်တဲ့နေသူ ခြေလှမ်းတွေ ရပ်တန့်သွားတော့။ ရေသန့်ဘူးပေးနေတဲ့သူက ကင်းဆိုတဲ့ နန္ဒအောင်။

"ချစ်ကြိုး"

"........."

"ရော့ ... မျက်နှာသစ်လိုက်ပါကွာ နော်"

"ကဲ ... ပေး ပေး"

ချစ်ကြိုးက နန္ဒအလိုကျလည်း လိုက်လုပ်ပေးတာပဲလား ဒါပေါ့လေ၊ နန္ဒက ကိုယ့်ထက် အစစအရာရာသာတဲ့ကောင်ကိုး။ ကား ထည့်လဲစီးနေတဲ့ တစ်ဦးတည်းသောသား။

"တွေ့လား မျက်နှာသစ်လိုက်တော့ လှတာကလှတာပဲ"

ချစ်ကြိုး ပြုံးလိုက်တာကိုလည်း နေသူမြင်သည်။ ရင်ထဲမှာ စူးခနဲ ဖြစ်သွားခြင်းနှင့်အတူ နောက်ကို ပြန်လှည့်လိုက်တော့ ...

"နေသူ"

"နေပါစေကွာ"

ဆန်းလင်း လက်ကိုဖယ်ချပြီး လှည့်ထွက်လာခဲ့တော့။

❋ ❋ ❋



# အခန်း (၁၇)

စိတ်ထဲမှာမျက်သွားတာနှင့် ...

နေသူ ကျောင်းသွားဖို့ ချစ်ကြိုးကို ဝင်မခေါ်တော့ပေ။ သူ့အိမ်မှာလည်း ကားနဲ့ပဲဥစ္စာ သူ့ဘာသာ လာလိမ့်မယ်ပေါ့။ သူက နန္ဒဆိုတဲ့ကောင်ကို ကြည်တာတာဖြစ်လဲ။

ကိုယ်လည်း ချစ်ကြိုးမဟုတ်တဲ့ အခြားတစ်ယောက်နဲ့ ကြည်နူးနိုင်ရှိတာပဲလေ။

ဖုန်းသံမြည်လာသဖြင့် နေသူ နံပါတ်ကို ကြည့်လိုက်တော့ ချစ်ကြိုးပါ။

"ပြော"

"နေသူ ... အခု နင် ဘာလုပ်နေတာလဲ၊ နင် ကျောင်း



www.burmeseclassic.com

www.burmeseclassic.com



မတက်ဘူးလား"

"ငါ ကန်တင်းရောက်နေပြီ"

"ဘာ"

"နင့်ဘာသာပဲ နင်လာခဲ့တော့"

"ဟာ . . . ဘာဖြစ်တာလဲ၊ နေသူ နင် ဘယ်လိုလုပ်သွားတာလဲ ခွေးစုတ်ရဲ့"

"ဒီမှာ ချစ်ကြိုး"

"ဘာလဲ"

"ဒီနေ့ကစပြီး နင် နေချင်သလိုနေ သွားချင်သလိုသာသွားပေတော့"

"နင် ငါ့ကို စိတ်ကောက်နေတာလား"

"အတည်ခွင့်ပြုတာ၊ နင်နဲ့ငါက ပတ်သက်စရာမလိုတော့ဘူး"

"ဘာဖြစ်တာလဲ နေသူရဲ့၊ ငါက ဘာဖြစ်လို့"

"ငါ့ကို ဘာမှထပ်မပြောနဲ့တော့"

"ဩော် . . . နင်က ဒီလိုလား"

"ဟုတ်တယ်"

"ရပါတယ်၊ နင့်စကား နင်မှတ်ထား"

ဆိုပြီး ချစ်ကြိုးဘက်က ဖုန်းချသွားတော့ ရင်ထဲမှာ ဟာသွားသလိုလို။ ဥပေက္ခာနှလုံးသားထားတော့မယ်လို့ စိတ်ကို တင်းပစ်လိုက်သည်။ သူနဲ့ ကိုယ် ဘယ်သူကနေနိုင်ကြမလဲ။





"နေသူ"

"ဟင်"

"ချစ်ကြိုးရော"

"မသိဘူး"

"ဘယ်လိုဖြစ်ကြပြန်ပြီလဲ"

"မဖြစ်ပါဘူး"

ဆန်းလင်းက နေသူမျက်နှာကို စေ့စေ့ကြည့်ပြီး . . .

"တစ်ခုခုဖြစ်လာတာ မင်းမျက်နှာကိုကြည့်တာနဲ့ သိတယ်"

"ဆန်းလင်း"

"ပြော"

"ငါ စိတ်တိုနေတယ်နော်"

ဟင်းခနဲ သက်ပြင်းချပြီး ဆန်းလင်း ငြိမ်နေလိုက်တော့၏။ ငယ်ငယ်လေးကတည်းက ပေါင်းလာတဲ့သူငယ်ချင်းမို့ သူ့ရင်ထဲမှာ ဘာတွေရှိသလဲ ရိပ်မိပုံရကာ . . .

"မင်းတို့နှစ်ယောက်ကြားမှာ ငါတော့ ရှုးချင်လာပြီ"

ခေါင်းကို တဗျင်းဗျင်းကုတ်ရင်း ဆန်းလင်း ညည်းတွားလေ၏။ သူကတော့ ပွဲကြည့်ပရိသတ်ပဲပေါ့။ ချစ်ကြိုးနဲ့နေသူ ဘယ်သူ



www.burmeseclassic.com

www.burmeseclassic.com



မာနက ဘယ်လိုကြီးပြီး ဘယ်လောက်မာသလဲဆိုတာ ထိုနေ့မှစ၍ . . .

"ကိုနေက နွေးကို တကယ်ချစ်လို့လား"

"တကယ်ပေါ့"

"နွေးက မယုံချင်ဘူး"

"ဘာဖြစ်လို့လဲ"

"ကိုနေ့စိတ်က ချစ်ကြိုးဆီမှာ ရစ်ပတ်နေသလားလို့"

"မဟုတ်တာ"

ဒီလိုပြောမယ်ဆိုတာ ထင်သားပဲ။ ဒါပေမဲ့ . . . နေသူ ရယ်လိုက်ကာ . . .

"သူငယ်ချင်းတွေပါ နွေးရယ်။ သူလှတိုင်း ကိုယ်က ပျော်ဝင်စရာလား"

"တကယ်"

"အင်း"

"ယုံရမှာလား"

"သက်သေပြလို့ရအောင် အဖြေပေးပေါ့"

"လူလည်ကြီး"

နွေးက ရှက်ရယ်ရယ်လေ၏။ နွေးနှာမည်က နွေးထွေးသူလေ။ သူ့ကို နေသူ ပထမဆုံးချဉ်းကပ်ခဲ့စဉ်မှာပဲ အောင်မြင်ခဲ့သည်။ နေသူကလည်း နန္ဒလို ကင်းမဟုတ်ပေမယ့် ခေသူတစ်ယောက်မှ





မဟုတ်တာ။

"ကဲ . . . ဖြေကွာ"

"ဟင် . . . ဘာဖြေရမှာလဲ"

"ချစ်တယ်လို့ပေါ့"

"မဖြေပါဘူး"

"တကယ်မဖြေဘူးလား"

"ဟင့်အင်း"

"မဖြေရင် ဖက်နမ်းမှာနော်"

"ကိုနေနော်"

နေသူ အနားကိုတိုးကပ်လိုက်တော့ နွေးက လက်ကလေးကာ၍ တွန်းထုတ်လေသည်။ သူ နွေးလက်ကလေးကို ဆုပ်ကိုင်ထားလိုက်ပြီး . . .

"ဖြေနော်"

"လွှတ်ပါ"

"ချစ်တယ်လို့ပြော"

"ဖွတ်ကြီးပါလား"

"ဖွတ်ပဲ ဖြေကွာ"

"ဖြေမယ် ဖြေမယ် လက်ကိုလွှတ်"

"ဖြေပြီးမှ လွှတ်ပေးမယ်"



www.burmeseclassic.com

www.burmeseclassic.com



"တကယ်ပါပဲ၊ ကဲ ... ချစ်တယ် ... ချစ်တယ်"

"တကယ်နော်"

"အင်း"

"ဝမ်းသာလိုက်တာကွာ"

ချစ်တယ်ဖြေတော့ လက်ကိုလွှတ်မပေးဘဲ ပိုလို့တောင် တိုးဖက်ထားသေး၏။ ချစ်တယ်အဖြေပေးပြီးမှတော့ ချစ်သူအရာမြောက်သွားပြီလေ။ အဖက်ခံရတဲ့လူကလည်း ရုန်းပါတော့မလား။ ချစ်သူဖြစ်သွားကြပြီဆိုမှတော့ ဖက်တာ၊ လက်ကိုင်တာလေးတော့ ရှိမှာပဲပေါ့ နေသူ။

နွေးလက်ကလေးကို ဆုပ်ကိုင်ပြီး ကန်တင်းသို့ လာခဲ့၏။ ဆိုင်ထဲကို ဝင်လိုက်တော့ ...

ချစ်ကြိုးနဲ့ဆန်းလင်းထိုင်နေတာကို မြင်လိုက်ရတော့ နွေးလက်ကို ဖျတ်ခနဲ ဆုပ်ကိုင်လိုက်သည်။ သူ့ကိုကြည့်နေဆဲ ချစ်ကြိုး ဖျတ်ခနဲ မျက်နှာပြန်လွှဲသွား၏။ ဆန်းလင်းက ချစ်ကြိုးကို တစ်လှည့် နေသူကိုတစ်လှည့် ကြည့်နေပြီးမှ မပြုံးချင် ပြုံးချင်ပုံစံမျိုးနှင့်။

"ဩော် ... နေသူ"

မျက်နှာချင်းဆိုင်မိကြပြီဆိုတော့ ရှောင်ထွက်သွားလို့မရ ဒါကြောင့် နွေးထွေးသူဘက်သို့လှည့်၍ ...

"လာနွေး ... သူတို့နဲ့ပဲ ထိုင်ရအောင်"





"ဆန်းလင်း"

"ဟော"

"နင် ကျန်ခဲ့မှာလား"

"နင်ရော"

"ငါ ချိန်းထားတာလေးရှိလို့ ပြေးလိုက်ဦးမယ်"

နေနိုင်တယ်လို့ဆိုရမလား။ ချစ်ကြိုးက အပြုံးမပျက်နှင့် ဆိုလေလျှင် ...။

"နေပါဦး ချစ်ကြိုးရဲ့"

"ဟင် ... ဘာပြောစရာရှိလို့လဲ"

"ဒီမှာလေ ငါ့ချစ်သူနဲ့ မိတ်ဆက်ပေးမလို့"

"ဩော် ... ဒါဆို မိတ်ဆက်ပေးလေ"

နေသူက နွေးကို တစ်ချက်လှည့်ကြည့်ပြီး ...

"နွေးကတော့ နင့်ကိုသိပြီးသားဆိုတော့ အထူးမိတ်ဆက်ပေးစရာမလိုတော့ပါဘူး။ ချစ်ကြိုးနဲ့ဆန်းလင်း မှတ်ထားနော်၊ သူက ငါ့ရဲ့ချစ်သူ နွေးထွေးသူတဲ့"

ဆန်းလင်းက ခေါင်းညိတ်ပြုံးပြပြီး ချစ်ကြိုးကတော့ ...

"တွေ့ရတာ ဝမ်းသာပါတယ် နွေးထွေးသူ"

"နွေးကလည်း ဝမ်းသာပါတယ် ချစ်ကြိုး"

"နေသူ"



www.burmeseclassic.com

www.burmeseclassic.com



"နင် ကျေနပ်ပြီမို့လား"

ဘာအဓိပ္ပာယ်နှင့်ပြောလိုက်တာလဲ နေသူမသိ။ ဘာပဲဖြစ်ဖြစ် နေသူကျေနပ်သည်လေ။ ကိုယ်ကနိုင်တယ်လို့ ယူဆလိုက်တာကိုး။ စစ်မျက်နှာမဖွင့်ဘဲ အတွင်းစစ်တိုက်နေကြတာ။ ဒါကို ဆန်းလင်းလည်း ရိပ်မိနေသည့်ပုံ။ ချစ်ကြိုးက မျက်နှာမပျက်ဘဲ သူက မျက်နှာပျက်နေတာလေ။

ချစ်ကြိုး ဘာအဓိပ္ပာယ်နဲ့ပဲ မေးမေး ကိုယ်က ကျေနပ်စရာ လမ်းကြောင်းပေါ်ရောက်နေသူမို့ ...

"ကျေနပ်ပါတယ်"

"ကဲ ... ဆန်းလင်း"

"ဟေ"

"ငါ သွားတော့မယ်"

"ငါပါလိုက်မယ်လေ"

"နင် နေခဲ့ပါ၊ ဆေးရိုးသည်လိုက်မလုပ်နဲ့"

"ဒီမှာလည်း ငါးပိလေ့အဖြစ် ဆိုက်နေရမှာလေ"

ချစ်ကြိုး တွေခနဲဖြစ်သွားပြီးမှ ...

"ဒါဆိုလည်း လိုက်ခဲ့"

"နွေးထွေးသူ ကျွန်တော် သွားလိုက်ပါဦးမယ်"

နွေးက ခေါင်းညိတ်ပြတာနှင့် ဆန်းလင်းလည်း ချစ်ကြိုးနဲ့





လိုက်သွားလေတော့သည်။ ချစ်ကြိုးနဲ့သူ့ကြားမှာ ကွာဟနေတဲ့ ချောက်ကမ်းပါးတစ်ခုကို ဆန်းလင်းက ပေါင်းကူးတံတားထိုးပေးချင်သူ။ ဒါပေမဲ့ နှစ်ဖက်စလုံးက အတွင်းမှာသာလှုံ့ကိစားပြီး ကမ်းပါးတွေ ပြိုကျနေလေတော့။

ဘာတတ်နိုင်မှာလဲ။

စမှားထားက ကိုယ်ဖြစ်ပြီး မာနပြိုင်ပွဲမှာ ချစ်ကြိုးက ပြုံးပြုံးလေးနဲ့ ရွှေတံဆိပ်ဆုကို ဆွတ်ခူးသူ။ သူမှာတော့ မစားရက်လောက်တက်ဖြစ်ခဲ့တာပဲပေါ့။

"ကိုနေ"

"ဟင်"

"ချစ်ကြိုးက အရမ်းလှတာပဲနော်"

သူ ပြုံးလိုက်ပြီး ...

"ကိုယ့်မျက်လုံးထဲမှာတော့ နွေးလောက် မလှဘူးထင်တာပဲ"

"အံမယ် ... မြှောက်တာပါနော်"

"တကယ်ပြောတာ နွေးရဲ့။ အချစ်က အရာအားလုံးကို လှပစေတယ်တဲ့။ ကိုယ်က နွေးကိုချစ်တော့ နွေးက ပိုလှတယ်လို့ပဲ ထင်တယ်"

"တကယ်"



www.burmeseclassic.com

www.burmeseclassic.com



"အင်း"

"ပိုချစ်သွားပြီ သိလား"

"အဟွန်း"

စကားလုံးလှလှတွေသုံးပြီး မာယာများတတ်ခဲ့တဲ့ နေသူ ဒီလိုဖြစ်အောင် ဘယ်သူသင်ပေးတာလဲဆိုရင် အချစ်သင်ခန်းစာပေးတဲ့ ချစ်ကြိုးဆိုတဲ့ ဆရာမကြီးပေါ့။

"ကိုနေ"

"............"

"ရှော့ . . . ကိုနေ အရင်သောက်"

အအေးတစ်ပုလင်းကို နေသူကို အရင်သောက်ခိုင်းရာမှ . .

"နှေးလည်း သောက်"

ဆိုပြီး နှစ်ယောက်အတူသောက်ခဲ့ကြသည့်တိုင် ပါးစပ်က ချစ်တယ် ချစ်တယ်ပြောပြီး ရင်ထဲမှာတော့ ဗလာမဲနှင့် ပုစဉ်းရင်ကွဲ တစ်ကောင်ဟာ နေသူ။

❋ ❋ ❋



# အခန်း (၁၈)

"ဂုတ် ဂုတ် ဂုတ်"

နေသူက ခွေးချစ်တတ်သူမို့ ခွေးလေးတစ်ကောင် မွေးထား လေရာ တဂုတ်ဂုတ်ဟောင်နေသဖြင့် နေသူ ခြံစည်းရိုးနားသို့ လျှောက် လာခဲ့၏။ ခွေးက တစ်ဖက်ခြံကို ကြည့်ဟောင်နေတာဆိုတော့ ဘာများ ထဲ စိတ်ဝင်စားတာလည်းပါသည်။

"ဂုတ် ဂုတ် ဂုတ်"

နေသူ ခြံစည်းရိုးကနေ တစ်ဖက်ကို ချောင်းကြည့်လိုက်တော့

"ဟင်"

ခြံစည်းရိုးနဲ့ ငါးကိုက်လောက်အကွာမှာရှိနေသည့် ဆီးပင်လူး ပင်အောက်မှာ ချစ်ကြိုးနဲ့နန္ဒဆိုတဲ့ကောင်။ ဘာတွေပြောပြီး အကြည်



www.burmeseclassic.com

www.burmeseclassic.com



ဆိုက်နေကြသည်မသိ။ ကိုယ်နဲ့ မဆိုင်ဘူးလို့ သိစိတ်ကတားပေမယ့် မသိစိတ်နဲ့ နှိုင်းစေခြင်းအရ ခြေလှမ်းတွေက ခြံစည်းရိုးအနားကိုကပ် သွားၾ။ ရင်ထဲမှာလည်း စိုးရိမ်နေတာ ဘာကိုမှန်းမသိ။

နားက သူတို့ဘာတွေပြောသလဲ ကြားချင်တာကြောင့် အစွမ်းကုန် စွင့်ထားလိုက်မိၾ။ မြင်နေရတာတော့ နန္ဒက ချစ်ကြိုးရဲ့ ပေါ်ကျနေတဲ့ ဆံစတွေကို သပ်တင်ပေးနေတာ။ ကိုယ်မရလိုက်တဲ့ အခွင့်အရေးကို အခြားကောင်ရနေတာမြင်ရတော့ ...

အကုသိုလ်များလိုက်ပါဘိ။

ငါ မှားပြီလားလို့ တွေးပြီးမှ မမှားဘူးလို့ အားပြန်တင်းလိုက် ရၾ။ ဘာဆိုင်လဲ၊ သူနဲ့ကိုယ်က ဘာဆိုင်လို့ ဒေါသဖြစ်ရမှာလဲ။ သူ ဘာသာ ချစ်ရုံမကလို့ ကုတ်ပဲဆွဲဆွဲ။

"ချစ်ကြိုး"

"ပြောလေ"

"ချစ်ကြိုး မောင့်ကို တကယ်ချစ်တာပါနော်"

"ကျိန်ပြရမလား"

"အဲဒီအထိ မလိုပါဘူး"

"ဒါဆို ဘာလုပ်ပြရမလဲ"

"မွှေးမွှေးပေး"

"အာ ... မောင်နော်"





နန္ဒတိုးကပ်သွားတော့ ချစ်ကြိုးက လက်ကာ၍ ရယ်နေသည်။ မြင်ရတာ ရင်ဘတ်ကို လက်နက်ပေါင်းစုံနဲ့ ပစ်ခတ်တိုက်ခိုက်ခံရသလို ပါပဲ။ ဘာဖြစ်လဲ သူလည်း နွေးကို နမ်းတာပဲလေ။ အသားပွဲပါသွား တာမှ မဟုတ်တာ။

"တိုတွာလိုက်တာကွာ"

"တိုရမယ်လေ၊ ချစ်ကြိုးက မိန်းကလေးရှင့်။ မိန်းကလေး ဆိုတာ ဘိုင်းကောင်းကျောက်ဖိနေနိုင်မှ တော်ကာကျတာ။ ချစ်သူဘဝ မှာ ချစ်ကြိုး ဘာကိုမှမပေးနိုင်ဘူး မောင်"

"ဟာကွာ"

"အဲဒါကိုမှ မကျေနပ်ဘူးဆိုရင် လမ်းခွဲစကား ဆိုခွင့်ပေးပါ တယ်"

"အဖြေရတာဖြင့် သုံးရက်ပဲရှိသေးတယ် ချစ်ကြိုးရယ်။ လမ်းခွဲဖို့စကား မောင့်ကိုမပြောနဲ့။ ချစ်ကြိုး စိတ်တိုင်းကျပဲနေပေးပါ့ မယ် ဟုတ်ပြီလား"

"တကယ်နော်"

ဒီလိုကြားရတော့ နေသူမျက်နှာ ပြုံးချင်လာသည်။ ချစ်ကြိုး က နမ်းခွင့်ပါမစ်မှမပေးဘဲ။ ဟိုကောင်ကလည်း တော့မို့လို့သာပေါ့။ သူကတော့ မရပါဘူး။ ချစ်သူဘဝရောက်ပြီးမှတော့ လူကသာ စည်းစောင့်ချင်စောင့်မယ် လက်ကတော့ သိလမမြဲနိုင်။



www.burmeseclassic.com

www.burmeseclassic.com



နွေးကို ...

ဖက်လည်း ဖက်တယ်၊ နမ်းလည်း နမ်းတယ်လေ။ နမချင်း မစားနာတာလားဆိုတော့မဟုတ်။ ဒါက နွေးသိက္ခာ နွေးဘဝပျက် အောင်လုပ်တာမှ မဟုတ်ဘဲ။

"ချစ်ကြိုး"

"ဟင်"

"ဒါဆို မောင်လိုချင်တဲ့အခွင့်အရေးက ဘယ်တော့မှရမှာလဲ"

"လက်ထပ်ပြီးမှပေါ့"

"အဲဒါဆို မောင် မောင့်မိဘတွေကို ဖွင့်ပြောလိုက်တော့မယ်"

"ဘာပြောမှာလဲ"

"ဟောဒီက မောင့်ချစ်သူကို လက်ထပ်ချင်တဲ့အကြောင်း ပေါ့"

"မောင့်ချစ်သူ"

"အင်း ... ဟုတ်တယ်လေ"

"သားသားရဲ့သီချင်းလားလို့ပါ"

"မောင့်ကို အသည်းယားအောင် မလုပ်နဲ့ကွာ"

နန္ဒ အသည်းယားမယားတော့မသိ၊ နေသူကတော့ လက်တွေ ခြေတွေယားနေသည်။ နှစ်ယောက်စလုံးကို လက်သီးနဲ့ ဆွဲထိုးချင်တာလေ။ သောက်မြင်ကတ်လွန်းလို့။





"ဒီက အတူတူနေချင်ပြီသိလား"

"ငယ်ပါသေးတယ်"

"ဘယ်သူကပြောတာလဲ"

"မမကလေ"

"ကျွတ်"

"ချစ်ကြိုးက အလကားစတာပါ မောင်ရယ်။ ကျောင်းပြီး အောင်တော့ စောင့်ဦးမှပေါ့"

အံမယ် သူက နန္ဒကို တကယ်လက်ထပ်မှာလား။ နေသူက တော့ ရည်းစားသာထားတာ လက်ထပ်ဖို့ကို လုံးဝမစဉ်းစားမိ။ ရည်းစားထားတိုင်း လက်ထပ်စရာလား။

"ဝုတ် ဝုတ် ဝုတ်"

"ဟာ"

ခွေးက သူ့ရင်ခွင်ထဲမှာ ငြိမ်သက်နေရင်းကနေ သူ့သခင်လို အမြင်ကတ်နေသည်ထင်ပါ့။ ရင်ခွင်ထဲကနေ ထွက်သွားပြီး ခြံစည်းရိုး အပေါက်ကနေ တစ်ဖက်ခြံထဲသို့ တိုးဝင်သွားပြီး ...

"ဝုတ် ဝုတ် ဝုတ်"

"ဟာ ... ခွေးပါလား"

"ဝုတ် ဝုတ်"

"ဟဲ့ခွေး"



www.burmeseclassic.com

www.burmeseclassic.com



"ဂုတ် ဂုတ်"

"တောက် . . . ဒီခွေးတော့"

ချစ်ကြိုး ခွေးကို ပစ်ဖို့ ခဲလုံးလည်ပြီးရှာလေရာ . . .

"ဒီမှာ ဒီမှာ . . . ခဲလုံးရပြီ ချစ်ကြိုး"

နန္ဒ ခဲလုံးနဲ့ပစ်ဖို့ လက်ရွယ်လိုက်စဉ်မှာပဲ . . .

"ဟာ . . . ဘာလုပ်မလို့လဲ၊ မလုပ်နဲ့နော်"

"ဟင်"

"နေသူ"

"ငါ့ခွေးကို မပစ်နဲ့"

ပြောလည်းပြော နေသူ နှစ်ဖက်ခြံကြားမှာ သွားလို့လာရိုးလွယ်ကူအောင် တံခါးနှင့်သေသေချာချာလုပ်ထားသည့် အပေါက်ဆီသို့ သွားလိုက်၏။ ပြီး တံခါးကိုဖွင့်ပြီး တစ်ဖက်ခြံသို့ကူးခဲ့စဉ်တွင် . . .

"ဒါ နင့်ခွေးလား"

"ဟုတ်တယ်"

"ခွေးကို စည်းနဲ့ကမ်းနဲ့ မွေးမှပေါ့"

"ဟ . . . စည်းနဲ့ကမ်းနဲ့ မွေးတာပဲလေ။ နင်တို့ကို လူမကြိုက်နဲ့ ခွေးတောင် သောက်မြင်ကတ်လို့ဟောင်တာ"

"ဘာ"

"ဘာတဲ့ . . . မောင် ဟုတ်လား . . . ဟား ဟား ဟား"





"ဟော့ကောင်"

"နေသူ . . . နင်"

ချစ်ကြိုး မျက်နှာတင်းသထက်တင်းသွားပြီး သူ့ကို လက်သီးတထိုးထိုးဖြစ်လေ သူက ရယ်လေပါပဲ။ သရော်ရယ်တာမှန်း သိသိကြီးမို့ ဒေါသမျက်နှာတွေ နီမြန်းနေကြသည်။

"နင် သူများအတွဲကို ချောင်းနေတာပေါ့လေ ဟုတ်လား"

"တမင်တကာ ချောင်းမနေပါဘူး။ အမှတ်တမဲ့ မြင်နေကြားနေရတာ"

"နင် မမြင်ချင်,မကြားချင်ရင် လှည့်ထွက်သွားလို့ရသားပဲ။ နင်က်ကိုက သူခိုးကျင့် သူခိုးကြံ ကြံချင်တာ"

"ဘာ . . . ချစ်ကြိုး"

"ဘာလဲ"

"နင် ငါ့ကို မစော်ကားနဲ့နော်"

"ဘယ်သူက အရင်စော်ကားတာလဲ ပြောပါဦး"

"ငါက စော်ကားတာမဟုတ်ဘူး။ အမြင်မတော် အကြားမတော်လို့ ပြောနေတာ"

"အမြင်မတော်ရအောင် တို့က ဘာလုပ်နေလို့လဲ"

"ဒါတော့ နင်တို့အသိဆုံးဖြစ်မှာပေါ့"

နေသူ မဲ့ရွဲ့ပြီးပြောပစ်လိုက်တော့ . . .



www.burmeseclassic.com

www.burmeseclassic.com



"တောက်"

"ချစ်ကြိုး"

နန္ဒက ချစ်ကြိုးလက်ကို ဆုပ်ကိုင်လိုက်ပြီး . . .

"ပြောမနေနဲ့တော့ မောင်တို့သွားရအောင်"

နှုတ်ခမ်းကို ဖိကိုက်ထားတဲ့ ချစ်ကြိုးပုံစံက သူ့ကို သတ်ပ ချင်လောက်အောင် မုန်းနေသလိုပါပဲ။

နင့်ဘက်က အဲဒီလောက်တောင်ပဲလား ချစ်ကြိုး။

လိုမေးလိုက်ချင်ပေမယ့် ကိုယ့်မာနက လက်မခံ။ သူမုန် ကိုယ်လည်း နာကြည်းနိုင်အောင် ကြိုးစားရမှာပေါ့။ ကိုယ်ချစ်မိသူ ဖြစ်ဖြစ်၊ သူငယ်ချင်းပဲဖြစ်ဖြစ် သူဟာ ကိုယ့်ရဲ့ခမည်းပေးပစ္စည် မဟုတ်ပဲလေ။ ခင်တွယ်စရာလိုလို့လား။ ခမည်းပေးပစ္စည်းတော ကြာရင်မှေ့ပျောက်ပျက်စီးတတ်သည် မဟုတ်လား။

"လာပါ ချစ်ကြိုးရယ်နော်"

"နင့်ကိုငါ အရမ်းမုန်းသွားပြီသိလား ဆီဇာနေသူတွေ"

လက်ညှိုးထိုးပြောသွားတာမို့ သူ လက်ညှိုးထိုးလိုက် နေရာသည် ကဝေအပ်ထောက်ပညာနဲ့ အပြုစားခံလိုက်ရသလို ရှ ကျင်ခနဲ ဖြစ်သွားလေ၏။

မုန်းပါ။

နင် မုန်းနိုင်သလောက် မုန်းစမ်း ချစ်ကြိုး။ ငါကလ





မေ့နိုင်အောင် ကြိုးစားမယ့်သူပါ။ ရင်နှစ်ခြမ်း ဖြန်းခနဲကွဲပြီး အရူတွေ အသည်းတွေ အပိုင်းပိုင်းအစစဖြစ်ပါစေ။ နင့်ရှေ့မှာ ငါ ဘယ်တော့မှ ဒူးမထောက်ဘူး ချစ်ကြိုး။

"သား"

"..........."

"ဟဲ့ . . . သား"

"ဗျာ . . . ဗျာ"

ပခုံးကို ပုတ်ခေါ်လိုက်မှ လန့်ထူးထူးလိုက်တာ နှစ်ခွန်းဆင့်။

"မေမေကြည့်နေတာကြာပြီ ဒီမှာ သားဘာရစ်လုပ်နေတာ သဲ"

"ခြော် . . . ဟို ခွေး ခွေး ဟိုဘက်ခြံကိုသွားလို့ လိုက်ဖမ်း တာပါ မေမေ"

မေမေက တစ်ဖက်ခြံကိုမျှော်ကြည့်လိုက်ပြီးမှ သူ့ကိုပြန်ကြည့် တော့ မသက်သာသောမျက်ဝန်းတို့နှင့် . . .

"သားကို မေမေ မေးစရာရှိတယ်"

"ဟုတ်ကဲ့ . . . မေးပါ မေမေ"

"သားနဲ့ချစ်ကြိုး ဘာဖြစ်နေကြတာလဲ။ အရင်လိုမဟုတ် ဘူးဆိုတာ မေမေ သိနေတယ်"

"ဘာမှမဖြစ်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"မပြောချင်လည်း ရတယ်။ အဲဒီကိစ္စ မေမေကိုယ်တိုင် စုံစမ်းမယ်"

"မေမေ"

အကြည့်ချင်းဆုံပြီးမှ နေသူ ခေါင်းငုံ့ချလိုက်၏။ တစ်နေ့ မဟုတ်တစ်နေ့ သိမယ့်ဆဲဆဲဆိုတော့ နေပါစေတော့။ ဖြေရှင်းဖို့ မလို တော့ဘူးလေ။

❋ ❋ ❋



## အခန်း (၁၉)

"မင်းတို့နှစ်ယောက်က အပျက်အပျက်နဲ့ နှာခေါင်းသွေး ထွက်နေပြီ နေသူ"

"နှာခေါင်းသွေးထွက်ရုံမကလို့ ကင်ဆာပဲဖြစ်ဖြစ် ငါကတော့ ဆက်ရှိအခြေအနေကို မကုစားဘူး"

"ဘာ"

"ရည်းစားထားရတာ ပျော်ဖို့ကောင်းတယ်ကွ"

"မင်းက နွေးကို အပျော်ကြံတာလား"

"အပျော်မှန်ပေမယ့် သူ ထိခိုက်နစ်နာအောင် ငါ ဘာမှ မကြံဘူး"

"သာဓုတောင် ခေါ်ရမလိုပါလား"



www.burmeseclassic.com

www.burmeseclassic.com



ဆန်းလင်းက စိတ်ပျက်သလို ခေါင်းတခါခါ။ နေသူကတော့ ဘယ်လိုခံယူချက်တွေ လွဲမှားသွားမှန်း မသိပါဘူး။

အချစ်ဆိုတာကို မျှဝေခြင်းလို့ပဲ သတ်မှတ်သည်။ သမုဒ္ဒရာရေကို ခပ်သောက်သလိုပဲပေါ့။

ဘယ်နှစ်မှုတ်ပဲ ခပ်သောက်သောက် ခမ်းခြောက်သွားတယ်မှ မရှိတာ။

အချစ်ကလည်း ဒီလိုပဲလေ။

ဘယ်သူ ဘယ်နှစ်ယောက်ကို ဘယ်လောက်ပဲချစ်ချစ် ရင်ဘတ်ကြီးက ပိန်ကပ်ကျုံ့လို့သွားတယ်မှ မရှိတာ။

"ဒီမှာနေသူ"

နေသူက မေးဆတ်ထူးလေလျှင် ...

"မင်း တကယ်ပဲ ချစ်ကြိုးကို လက်လွှတ်အဆုံးရှုံးခံနိုင်သလား"

"ဘာဆိုင်လို့လဲ"

"မင်း ညာနေတာ"

"အတိအကျ မစွပ်စွဲနဲ့ ဆန်းလင်း။ ငါ့ရင်ဘတ်ကို ငါတောင် ဘာသာမပြန်တတ်ဘူး"

"မင်း ချေးစားပြောပါလား"

"မင်းပဲ စား"





"ငါက မင်းကို ရွဲ့ရင်းရွဲ့ရင်း ပွဲထွက်သွားမှာစိုးလို့ ပြောနေတာကွ"

"ပူမနေနဲ့ ... ဘယ်အရာမဆို အစားထိုးပစ္စည်းဆိုတာ ရှိတယ်"

"မင်းက ဒီလိုလား"

"ဟုတ်တယ်"

"အင်း... ပြောသာပြောရတယ် ချစ်ကြိုးကလည်း မင်းလိုပဲ"

"ဘာကိုလဲ"

"တစ်ယောက်မကောင်းရင် တစ်ယောက်ပြောင်း။ ရည်းစားဆိုတာ ခမည်းပေးပစ္စည်း မဟုတ်ဘူးတဲ့"

"ဟင်"

ဒီတစ်ခါတော့ နေသူ တွေခနဲ ဖြစ်သွား၏။ ချစ်ကြိုးကလည်း ဒီလိုမှဝါဒနဲ့လား။ ယောက်ျားလေး ရည်းစားများတာ ဘာမှမဖြစ်ပေမယ့် မိန်းကလေး ရည်းစားများရင် အန္တရာယ်ရှိသည်လေ။ သူက တစ်ယောက်ကလွဲပြီး မျက်နှာမပြောင်းရသေးပေ။ ချစ်ကြိုးက ပြောင်းနေပြီလား။

ဒါမှမဟုတ် ...

အလားအလာရှိလို့ ပြောတာလား။



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို အခု သူက ဘယ်သူနဲ့တွဲနေလဲ"

"နန္ဒနဲ့ပါပဲ"

"ဒါနဲ့များ"

"ငါက ချစ်ကြိုး နန္ဒကို တကယ်မချစ်ဘူးဆိုတဲ့အကြောင်း မင်းသိအောင် ပြောပြတာပါ"

"ဟာ ... ဆန်းလင်း"

"ဘာလဲ"

"ငါ နွေးကို တကယ်မချစ်ဘူးဆိုတဲ့အကြောင်းရော မင်း သူ့ကို သွားပြောသေးလား"

"ဘယ်နေမလဲ"

"ဟာကွာ ... မင်းကွာ ကျွတ်"

မသိစေချင်တဲ့စကားမို့ မိုးရွာနေရင်တောင် ထီးဆောင်းပြီး လည်ပြောတယ်ဆိုတာမျိုးပါလား။ ဆန်းလင်းကို အပြစ်တင်ရလည်း ခက် ငြိမ်နေရလည်းခက် ဖြစ်နေတော့၏။ သူ့စေတနာကို အသိအမှတ် မပြုသည့်တိုင် ဥပေက္ခာပြုဖို့တော့ မသင့်တော်ဘူးလေ။

"ဟယ် ... ဆန်းလင်း"

"ဟင်"

နှစ်ယောက် ပြိုင်တူလှည့်ကြည့်လိုက်ကြတော့ ...

"ချစ်ကြိုး"





"ဩော် ... နေသူပါရှိနေတာကိုး"

"လာလေ ချစ်ကြိုး ... ဒီမှာထိုင်လေ"

"နေပါစေ ... မောင်ပါနေတော့ ဟိုဘက်မှာပဲ ထိုင်လိုက် တော့မယ်"

"မောင်က ရပါတယ် ချစ်ကြိုးရဲ့"

"နန္ဒက ရတယ်တဲ့။ လာ ... ဒီမှာပဲထိုင်စမ်းပါ"

ဆန်းလင်းပြောတော့မှ ချစ်ကြိုးက မထိုင်ချင်ထိုင်ချင်ပုံစံနှင့် ဝင်ထိုင်လိုက်ကာ ...

"ဝိတ်တာ"

"လာပြီ ... လာပြီ"

ဝိတ်တာရောက်လာတော့ ကော်ဖီပဲမှာလိုက်ကြ၏။ ဗိုက်ဆံ နေ့မြောလို့တော့ မဟုတ်တန်ပါလား။ ဗိုက်မဆာတဲ့ အချိန်လာဖြုန်းတာပဲ ဖြစ်မှာပေါ့။

"ဟော ... ဟိုမှာ"

"ခေါ်လိုက်လေ"

"ကိုယ်က လိုက်ရှာနေရတာ နည်းနည်းတော့ အောက်နေပြီ နော် မိနွေး"

"နင်တို့ကလည်းဟယ်"

"မိနွေးကို အပြစ်မပြောကြပါနဲ့ဟယ်။ ချစ်တော့လည်း



www.burmeseclassic.com

www.burmeseclassic.com



ပိုင်းစုနိုင်သိန်းလိုပဲပေါ့"

"အပြစ်မမြင်ပါဘူးဆိုတာလား"

"ဒါပေါ့"

နောက်ဘက်ကအသံတွေကြောင့် လှည့်ကြည့်လိုက်တော့ နွေးနဲ့ သူ့သူငယ်ချင်းတွေ။

"ဟိုမှာ လှည့်ကြည့်နေပြီ"

"ကိုနေ"

သူ ပြုံးပြပြီး ခေါင်းညိတ်ခေါ်လိုက်၏။ မျက်စိရှေ့ရောက်လာပြီဆိုရင်တော့ သူဟာ ကိုယ့်ချစ်သူပဲလေ။ ကွယ်သွားရင်တော့ လွမ်းလွမ်းဆွတ်ဆွတ် တမ်းတမ်းတတ မရှိတာအမှန်။

"နင့်လူကို တွေ့ပြီဆိုတော့ တို့သွားတော့မယ် နွေး"

"အေး အေး ... ကျေးဇူးပဲနော်"

သူ့သူငယ်ချင်းတွေ ပြန်လှည့်ထွက်သွားတာနှင့် နွေးက နေသူတို့ဆီသို့ လျှောက်လာလေလျှင် ...

"လာ နွေး ... ထိုင်"

"ရှာလိုက်ရတာ ကိုနေရယ်"

"ကိစ္စရှိလို့လား"

"ကိစ္စရှိမှ ရှာရမှာလားလို့"

"ဆောရီး ... ဆောရီး"





နွေးက သူ့ဘေးမှာဝင်ထိုင်လေ၏။ ချစ်ကြိုးမျက်နှာကို ကြည့်လိုက်တော့ ပြုံးနေသည်။ ဘာကိုပြုံးတာလဲ။ လာကြွားမနေနဲ့ အလအား ဂရုမစိုက်ဘူးဆိုတဲ့ ပုံစံမျိုးလား။

"မောင်"

"ဟင်"

"သူက နေသူ့ချစ်သူလေ နွေးထွေးသူတဲ့"

"ဪ"

"နွေး"

နွေးက အပြုံးနှင့်ကြည့်လေတော့ ...

"ဒါ ... ချစ်ကြိုးရဲ့ချစ်သူ နန္ဒအောင်လေ မှတ်ထားနော်"

"တွေ့ရတာ ဝမ်းသာပါတယ်"

မလိုအပ်ပဲ ဘာလို့ မိတ်ဆက်ပေးနေတာလဲ။ ကိုယ့်ကို ရွဲ့နေတာလား။

"ဖြောက် ဖြောက် ဖြောက်"

"ဟာ"

"ဖြောက် ဖြောက်၊ ဖြောက်ဖြောက်"

ဖြောက်ဖြောက်သံကြောင့် အားလုံး အပြင်ဘက်သို့ ကြည့်မိသွားကြကာ နန္ဒက ...

"မိုးရွာမယ်ထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"နွေး"

"ဟင်"

"ထီးပါလား"

"ဘယ်ပါမှာလဲ"

"ကျွတ်"

နေသူ စိတ်ပျက်သွားချိန်မှာ နန္ဒကလည်း ...

"ချစ်ကြိုး"

"ဘာလဲ မောင်"

"ချစ်ကြိုးမှာရော ထီးပါလား"

"မပါခဲ့ဘူး မောင်"

"ပြဿနာပဲ"

စားပွဲပေါ်သို့ ထီးတစ်လက်ကိုတင်လိုက်ပြီး ဆန်းလင်း သက်ပြင်းချလေသည်။ စုံတွဲနှစ်တွဲကို ထီးကတစ်လက်နဲ့ သူ ဘယ်လိုပေးမှာလဲ။ သူတို့ကိုထားပြီး သူ ဆောင်းထွက်သွားလို့ မသင့်တော်ဘူးထင်နေပုံရသည်။ ဘယ်သူမှ ထီးမပါလာချိန်မှာ သူက ဘာလို့ထီးပါလာတာလဲ။

"မေမေက ဘာကိုကြည့်ပြီး ကြိုသိနေတယ် မသိပါဘူး သား ဒီနေ့ မိုးရွာချင်ရွာလိမ့်မယ် ထီးယူသွားဆိုပြီး ထည့်ပေးလိုက်တာ။ ခု မင်းတို့စုံတွဲနှစ်တွဲ ငါ ဘယ်သူ့ကိုပေးရမှာလဲ"

"ဘယ်သူ့မှ မပေးနဲ့ပေါ့"





"ငါလည်း တစ်ကိုယ်ကောင်းဆန်ပြီး ဆောင်းမသွားချင်ဘူး"

"ဒါဆို မဲနှိုက်ကွာ"

စားပွဲပေါ်ကထီးမှာ အခုချိန်ထိ အထီးကျန်စွာ ရှိနေဆဲ။ အကယ်ပဲ မဲစနစ်နဲ့ အသုံးချခံရတော့မှာလား။ နေသူက ချစ်ကြိုးတို့ သက်ထဲကို မထည့်လိုခြင်းတွေနဲ့ ပြောပေမယ့် ...

ချစ်ကြိုးကတော့ ...

"တို့အတွက်က ရတယ် ဆန်းလင်း"

"ဟင်"

"ဘာဖြစ်လို့လဲ"

"နင် ဦးလွှမ်းမိုးရဲ့သီချင်းကို ကြားဖူးမှာပေါ့"

ဘာလဲဟု မျက်မှောင်ကြုတ်၍ ချစ်ကြိုးကိုကြည့်လိုက်မိကြသည်။ နှင်းဆီးဖူးလို နှုတ်ခမ်းလေးက အပြုံးလဲ့လဲ့နှင့်ပါလား။ နေသူလိုချင် ရွှဲချင်တာတွေ မပါဘဲ တည်ငြိမ်တဲ့မျက်နှာထားပိုင်ရှင်ဟာ ဘျာက်ခဲနှလုံးသားပိုင်ရှင်ဆိုရင် ...

ကိုယ်ကျရှုံးတော့မှာလားလို့ နေသူ တွေးလိုက်မိ၏။ ဒါမှ တာတ် သွယ်ဝိုက်တဲ့နည်းနဲ့ ကိုယ့်ကိုညာချင်တာလား။ ဘယ်အရာမှ မပြောက်ဘူးဆိုရင်တော့ သူ့စိတ်နဲ့သူ့ကိုယ်ပဲလေ။

"ဘယ်သီချင်းလဲ"

"မိုးရွာထဲကိုသွားရင် ထီးမပါတော့ စိုရွှဲမယ်၊ ချစ်သူအနားမှာ



www.burmeseclassic.com

www.burmeseclassic.com



ရှိရင် အအေးမိဖို့မလွယ် . . . ဆိုတာလေ"

"ဩော် . . . ဟုတ်သားပဲ"

"အခု မောင် ငါ့အနားမှာရှိနေတာပဲဥစ္စာ"

ဒီစကားက နန္ဒအတွက် အားဆေးဖြစ်မှာပါ။ နေသူ့အတွက်ကတော့ အဆိပ်။ အဆိပ်မှ သိပ်ပြင်းတဲ့အဆိပ်ပဲပေါ့။

"ကဲ . . . မောင်"

"ဟင်"

"ချစ်ကြိုးတို့ သွားရအောင်"

နှစ်ယောက်စလုံး ထရပ်လိုက်ကြပြီး . . .

"တို့သွားပြီ"

နန္ဒက သူ့ဂျာကင်ကိုချွတ်ပြီး ချစ်ကြိုးခေါင်းပေါ်ဆောင်းပေးပြီးနောက်။ လက်ချင်းဆုပ်ကိုင်၍ မိုးရေထဲသို့ ပြေးထွက်သွားကြသည်။ အပြင်မှာ မိုးတွေရွာနေသလို . . .

နေသူ့ရင်ထဲမှာလည်း။

❋ ❋ ❋



# အခန်း (၂၀)

အဲဒီနောက် . . .

နေသူနဲ့ခွေး ပြတ်သွားပြီး ရည်းစားတွေထားလိုက်တာ တစ်ယောက်ပြီးတစ်ယောက်။ ချစ်ကြိုးကလည်း နန္ဒနဲ့လမ်းခွဲပြီး သူ့နည်းတူ ရည်းစားတွေ တစ်ယောက်ပြီးတစ်ယောက်ထားသည်။

ဩော် . . . ချစ်ကြိုးရယ်။

ခေတ်ပုံကို စာအုပ်ထဲပြန်ညှပ်ပြီး အတွေးဝက်ပါထဲမှ နေသူနုတ်ထွက်လိုက်၏။ ပြီးခဲ့တာတွေကို ဆန်ကာနဲ့ထည့်ဝိုင်းပြီး ဆန်ကာတင့် ရွေးချယ်လွှမ်းပြနေလို့မှ မရဘဲ။

♬ ငယ်သေးတဲ့အရွယ်မို့ မလေးစားတာလားပြောပါ ××× ကျွန်တော် သိပ်ချစ်တတ်တာ ကျွန်တော်သာ အသိပါ ××× လိမ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



မပြောတတ်တာ ကလေးလေးဘဝကတည်းကပါ xxx မမ နားလည်
ငဲ့ညှာပါ xxx ♫

"ဟင်"

ဂစ်တာတီးပြီး သီချင်းဆိုသံသဲ့သဲ့က နားထဲသို့ တိုးဝင်လာသည်။ ဒါ ဘယ်ကလာတဲ့အသံလဲ၊ ညီများ ဆိုနေတာလား။

♫ ဆုတောင်းကောင်းခဲ့တဲ့ မရဲ့အလှများထဲမှာ xxx ကျွန်တော် လဲလဲကျတာ ကျွန်တော်သာအသိပါ xxx ညတိုင်းပဲ မကို အိပ်ပျက်ခံပြီး လွမ်းတာ xxx ကျွန်တော့်ရဲ့အဖြစ်ကို သနားပါဗျာ xxx စားမရ အိပ်မရ အချိန်တွေထဲ xxx သွေးအားနည်းလို့ ပိန်နေပြီ မရယ် xxx မ မချစ်လို့တော့ သေနိုင်တယ် xxx အပိုတွေမဆိုဘူး ယုံတော့ကွယ် xxx မမှ မချစ်ရင် ဘဝပျက်သွားနိုင်တယ် xxx ဟုတ်တယ် xxx မမှမချစ်ရင် ဘဝပျက်သွားနိုင်တယ် ♫

နေသူ့ အောက်ထပ်ကိုဆင်းလာခဲ့တော့ ညီထွက်သွားတာကို ရိပ်ခနဲ မြင်လိုက်လေလျှင် ...

"ညီ"

"........."

"ညီ ပိုင်ပိုင်"

သူခေါ်လိုက်တော့ ပိုင်ပိုင်ကရပ်ပြီး ပြန်လှည့်ကြည့်၏။

"အဲဒါ ဘယ်ကိုလဲ"





"ကိုကြီး မကြားဘူးလား၊ ဟောင်နေတဲ့ခွေးတွေကို သွားဆုံးမ,မလို့"

"မင်းနဲ့ ဘာဆိုင်လို့လဲ"

"ဆိုင်တာပေါ့ ကိုကြီးရဲ့ အဲဒီကောင်တွေ မမ,အိမ်ရှေ့မှာ ဆိုနေကြတာ"

"သူ့ဘာသာဆိုတာ ဆိုပါစေပေါ့"

"မရဘူး"

"ဟာ ... ညီ ... ပိုင်ပိုင်"

ခြေလှမ်းကျဲကြီးတွေနဲ့ ထွက်သွားတဲ့ ပိုင်ပိုင်နောက်သို့ နေသူလိုက်ခဲ့ရတော့သည်။ မြန်လိုက်တာ၊ ဘယ်ရောက်သွားပါလိမ့်။ ခက်တော့ ခက်ပြီ။ ရန်ဖြစ်ကုန်ကြရင် ဒုက္ခပဲ။ အဲဒါ ချစ်ကြိုးကြိုဟ်မွှေတာ။ သူမပဲ မီးမွှေးနေတာ။ အမိုက်ကစ ပြာသာဒ်မီးလောင်ဖြစ်ကုန်တော့မှာပဲ။ ဖေဖေသိသွားရင်လည်း ပြဿနာက ပိုရှုပ်ကုန်မှာ။

♫ ခံစားချက်ပြင်းလို့ ညညအော်သံ သီချင်းသံ xxx အိမ်နီးနားချင်းတွေ ငြိုငြင်လို့လာ xxx ဘာဖြစ်ဖြစ် မကို အချစ်က တစ်စက်ကလေးမလျော့ပါ xxx သတ္တိရှိစွာ ချစ်မှာပါ xxx ♫

ပိုင်ပိုင်ခြေလှမ်းတွေက မြေပြင်ကိုမှ ထိရဲ့လားတော့မသိ။

♫ xxx ငယ်သေးတဲ့အချစ်မို့ မလေးစားတာလား ပြောပါ xxx ကျွန်တော် သိပ်ချစ်တတ်တာ ကျွန်တော်သာ အသိပါ။ လိမ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



မပြောတတ်တာ xxx ကလေးလေးဘဝကတည်းကပါ xxx
နားလည်ငဲ့ညှာပါ xxx ♫

"ဝုန်း"

"ပလုတ်တုတ်"

"ဟာ"

ကားကို ခဲနဲ့ပေါက်လိုက်သံကြောင့် အသံဗလံစုံထွက်သွား
မှ တိတ်ဆိတ်သွားကြသည်။ သျှံတို့အဖွဲ့ မျက်လုံးတွေက ဟိုကြ
ဒီကြည့်နှင့် ခဲနှင့်ပေါက်သည့်တရားခံကို ရှာနေကြပေမယ့် မသေ
ဒါ သူတို့သီချင်းလာဆိုတာကို မကြိုက်လို့ပဲ ဖြစ်မှာပေါ့။

"ဘယ်ကောင်လဲကွ ခဲနဲ့ပေါက်တာ"

"အေးကွာ ... သတ္တိရှိရင် ထြောင်ထွက်ရှင်းပါလား"

"ကြောက်လို့နေမှာပေါ့"

"တောက် ... ဘလိုင်းကြီးကွာ"

တစ်ယောက်တစ်ပေါက် ပြောနေသံတွေကို ပိုင်ပိုင်ကြား
သည်။ ထို့ကြောင့် တစ်လှမ်းချင်း လျှောက်လာခဲ့၏။

"သျှံ"

"ဘာလဲ"

"မင်းမမအိမ်ကလူတွေများလားကွာ"

"မဖြစ်နိုင်ဘူး။ ခဲလုံးလာတာ ဟိုဘက်က"





"သိပ်မှန်တာပေါ့"

"ဟင်"

"ဟာ"

ပိုင်ပိုင် ခြေထောက်ကို ချရပ်လိုက်ပြီး သျှံတို့ကို ခပ်ရူးရူး
ကြည့်ကာ ...

"ခဲနဲ့ပစ်တာ ငါပဲ"

"ဩော် ... သတ္တိရှိလို့ လူလုံးထွက်ပြတယ်ပေါ့ ဟုတ်လား"

"ဟုတ်တယ်"

"ဒါနဲ့ မင်းက"

"ဆိုဇာပိုင်ဖြိုးသူ"

"ဘာလဲ ... မင်းက တို့သီချင်းဆိုတာကို မကြိုက်လို့လား"

"မကြိုက်တာထက် မကျေနပ်တာ"

"ဘာ"

"မမနဲ့ပတ်သက်လာရင် ငါ ဘယ်သူ့အပေါ်မှ သည်းမခံ
ဘတ်ဘူး"

"မမ"

"ဟုတ်တယ်၊ မင်း မမချစ်ကြိုးနဲ့ နောက်ထပ် ပတ်သက်ဖို့
ကြိုးစားတာ အကောင်းဆုံးပဲ"

"ကြိုးစားမယ်ဆိုရင်ရော"



www.burmeseclassic.com

www.burmeseclassic.com



"ငါ့အဆိုးမဆိုနဲ့"

သူ့ ခါးထောက်လျက်သားဖြစ်သွား၏။ ဒီကောင်က ဘာထဲ မမနဲ့ ဘယ်လိုပတ်သက်နေလဲ။ ကိုယ် မမကိုစိတ်ဝင်စားနေသည့် သူလည်းအတူတူပဲလား။ အကြိတ်ရင်တော့ ရန်သူဖြစ်မှာပဲလေ။ ရန်သူ ကို အရှုံးပေးပြီး ကိုယ်က လှည့်ပြန်ရင် ကိုယ့်လောက်ညံ့တဲ့သူ ရှိမည် မလား။

"မင်းက ငါ့ပြိုင်ဘက်လား"

"ဟုတ်တယ်"

ဟွန့်ခနဲ . . . မထီတထီရယ်လိုက်ကာ . . .

"ငါ နောက်မဆုတ်ဘူး မင်း ဘာလုပ်မှာလဲ"

"ဘာလုပ်မှာလဲ ဆိုတော့"

"ခွပ်"

"အ"

"ဟာ"

"ခွပ်"

"ညီ ဗိုင်ဗိုင်"

"သူမှာလည်း အဖော်နဲ့ ဗျင်းကွာ"

"ဟော့ကောင်တွေ မင်းတို့"

"ခွပ်"





တကယ်တော့ ကိုယ့်ညီကို ပြန်ဆွဲခေါ်ဖို့ လိုက်လာတဲ့နေသူ။ ရန်ပွဲထဲမှာ မပါမဖြစ်ပါသွားတော့၏။ တစ်ဖက်သုံးယောက်က ညီကို ရော သူ့ကိုပါ ဝင်ထိုးကြတော့ ကိုယ့်အသားအနာခံပြီး လက်က သည်းတွေ ဘောင်တွေ ခတ်ပြီး စောင့်စည်းမနေနိုင်။

"ကဲကွာ"

"အင့်"

"တော့ကျက်"

"ခွပ်"

ညီကတော့ ဘယ်လိုနေမည်မသိ။ နေသူတစ်ချက်အထိခံ လိုက်ရတာနှင့် ဒေါသက မြွေပွေးကိုတုတ်နဲ့ ထိုးစလိုက်သလိုပဲပေါ့။

အစက ကိုယ့်ကိုယ်ကိုယ် ကာကွယ်ရုံကနေ ခုတော့ ကိုယ့် ဘက်က လက်နှေးနေလို့ မဖြစ်တော့။ ကိုယ်လက်နှေးရင် ကိုယ်ပဲ ခံရမှာလေ။

"ဖျောက်"

"ရှော့"

"ဘုန်း"

"အား"

"ဟော့ကောင်တွေ . . . ရပ်စမ်း။ ခုရပ်စမ်း"

"ဟာ"



www.burmeseclassic.com

www.burmeseclassic.com



ကင်းလှည့်တဲ့ရဲတွေနဲ့ တိုးတာ သူတို့အားလုံး ကံဆိုးတာပဲ ပေါ့။ ဒါ . . . မိန်းမတစ်ယောက်နဲ့ပတ်သက်ပြီး ဖြစ်တဲ့ရန်ပွဲ။ နေသူ ကိုယ်က မကြီးမငယ်နဲ့ ပါနေတော့ ရှက်လိုက်သည်ဖြစ်ခြင်းပါပဲ။

❋ ❋ ❋



## အခန်း (၂၁)

ကိုယ်လည်း ငယ်ရာကနေကြီးလာတာပေမယ့် ဒီလိုမိန်းမ တစ်ယောက်နဲ့ပတ်သက်ပြီး တစ်ခါမှ အချုပ်ထဲကို မရောက်ဖူးပေ။ ...ကြီးကောင်ကြီးမားကြီးကျမှ အချုပ်ထဲရောက်ရတာ သင်းကြောင့် ... ဒေါသက ပိုင်ပိုင့်မျက်နှာကို ကြည့်ဖြစ်သွား၏။ သူ့ဒေါသက ...ည့်ညီလေးမို့ အဖျားရှူးသွားတဲ့ ငွေ့ငွေ့လေးပါ။

ဟွန်း . . .

သူကတော့ ဘာမှမဖြစ်တဲ့အတိုင်းပါပဲ။ မေမေ အာမခံနဲ့ ...ထုတ်မှာပဲလို့ တရားသေတွက်ပြီး ဒီလိုလုပ်ခဲ့တာထင်ပါရဲ့။ ကား ...ခါမှာ ငြိမ်ချက်သားကောင်းလာသည်။

"ဟွန်း . . . မင်းက ခုတော့ ငြိမ်နေပြီပေါ့ကွာ။ ငါကတော့



www.burmeseclassic.com

www.burmeseclassic.com



သူခိုးသေဖော်အညှိခံရသလို မင်းနဲ့ကျမှပဲ အချုပ်ထဲရောက်ဖူးတော့ တယ်။ တော်သေးတာပေါ့ . . . မေမေက မြန်မြန်ဆန်ဆန် အာမခံနဲ့ လာထုတ်လို့"

"ကိုကြီးကို ဘယ်သူက ဝင်ပါခိုင်းလို့လဲ"

"ဟာ . . . ဝင်မပါခိုင်းပေမယ့် ကိုယ့်ညီတစ်ယောက်လုံးပါနေ တဲ့ ရန်ပွဲကို ငါက ကြက်ပိုင်းအမှတ်နဲ့ လက်ပိုက်ကြည့်နေရမှာလား ကွ"

"အဲဒီလိုပါလို့ ဒီက ကျေးဇူးတင်မယ်ထင်နေလား။ လုံးဝ"

"ဟေ့ကောင်"

"သားငယ်"

ခေါ်တော့ လှည့်လို့ပင်မကြည့်။

"ကိုယ့်အစ်ကိုစကားကို နားထောင်စမ်း။ မင်းခံပြော လား"

"မင်းကပြောနေ ငါက ခေါင်းကျိန်းနေပြီ"

"အချုပ်က လွတ်လာပြီပဲ ဘာကျိန်းစရာရှိလို့လဲ"

"အိမ်ရောက်ရင် ဖေဖေနဲ့ ရင်ဆိုင်ရမှာက အချုပ်ထက် တယ်ကွ နားလည်လား"

"လက်သီးနဲ့ထိုးရုံအပြင် တိုးမရှိပါဘူး"

"မင်းမှအပြောကောင်း"





ဒေါ်ပပဖော် သားနှစ်ယောက်ကိုကြည့်ပြီး သက်ပြင်းသာချမိ တော့၏။ အိမ်က ကိုဒေါ်သအိုးက ပြန်လာရင်တွေ့မယ်ပြောထားတာ၊ ကိုယ့်အကြားပဲလေ။ ချစ်ကြိုးနဲ့ပတ်သက်ပြီး သားငယ် ကျွတ်ဆတ် ဆတ် မာကျောကျော ဖြစ်နေတာကို မကြိုက်တာကကြာပြီ။

အခု . . .

သားကြီးပါ ပါဝင်ပတ်သက်လာရသည်အထိ သူတို့အဖြစ်က ယုန်ထောင်ကြောင်မိဆိုတာမျိုးပါလား။ သဘောတူတာက သားကြီး နဲ့ဖြစ်ပြီး ကိုယ့်ဘက်ကငြိတာသည် သားငယ်။ ရှေ့ဆက် ဘာတွေ ဖြစ်လာကြဦးမယ်မသိ။ မိန်းမတစ်ယောက်ရဲ့အလှက ဘယ်အရာတွေ ကို ဘယ်လိုချုပ်ကိုင်စိုးမိုးနိုင်သလဲဆိုတာ။

"ငါတော့ ထင်တယ်"

ကြည့်ပုံက ပေစောင်းစောင်းရယ်။

"ကိုကြီးက ဘာထင်တာလဲ"

"မင်း မဘက်လိုက်ပြီး မိုက်ဘက်ပါနေတာလေ"

"ဟုတ်တယ်၊ ကျွန်တော်ကတော့ အရှိကိုအရှိအတိုင်းပဲ။ ဟန်တွေပန်တွေ မဆောင်တတ်ဘူး"

"ဘာ"

"အဲဒီ သျှံဆိုတဲ့ကောင် နောက်တစ်ခါ မမအနားကပ်တာ တွေ့လိုက်တော့"



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လဲ"

"အသေပဲ"

"ဘုရား"

"သားငယ်"

သားအမိနှစ်ယောက်စလုံး မျက်လုံးပြူးရတော့၏။ ဒီကောင်လေးက တကယ်လုပ်ရင် လုပ်မှာ ပြောလို့မရဘူးလေ။

"ပိုင်ပိုင်"

"ပြော"

"မင်း အဲဒီလောက်တောင် ဖြစ်နေပြီလား"

"ဟုတ်တယ်၊ မမနဲ့ပတ်သက်လာရင် ကျွန်တော် ကိုကြီးတစ်ယောက်ကိုပဲ အရှုံးပေးမယ်"

"ဟင်"

ကိုယ်ကတောင် ချစ်ကြိုးကို အရလိုက်ပြီး ယူရတော့မလိုပါလား။ နှစ်ပြည်ထောင်စစ်ပြေငြိမ်းရေးအတွက်ဆိုပြီးတော့လေ။ အဲဒီလိုလုပ်ရအောင် ချစ်ကြိုးက ကိုယ့်ကို ဖုတ်လေသည့်ငါးပိ ရှိသည်လို့မှတ်တာမဟုတ်။ သဘောထားကွဲလွဲကြပြီးနောက် ...

သူနဲ့ကိုယ်ဟာ ...

သူစိမ်းပြင်ပြင် ရန်သူလို ဆက်ဆံခဲ့ကြတာ ပိုင်ပိုင်မသိတာမဟုတ်။ ပိုင်ပိုင်နဲ့ကျတော့ အသက်ကွာခြင်းအတွက် ဖေဖေနဲ့မေမေ





သဘောမတူဘူးဆိုတော့ ...

"မင်း အဲဒီလို ဖွတ်တရွတ်မလုပ်နဲ့ ပိုင်ပိုင်။ ချစ်ကြိုးဘက်ကိုလည်း မင်းထည့်စဉ်းစားဦးမှပေါ့ကွ"

"ဘာစဉ်းစားရမှာလဲ"

"ဟိုကောင်လေးကို သူက ပြန်ကြိုက်နေသလားမှမသိတာ"

"အဲဒါက မဆန်းပါဘူး၊ ကိုကြီးလည်း အတူတူပဲလေ"

"ဘာကိုလဲ"

"ရည်းစားမရှိရင် မနေတတ်တာ"

"ငါက ယောကျ်ားလေး"

"မမလည်း ရှောင်တတ်တယ်"

"ဘာကွ"

ပြောပုံကကန့်လန့်။ ဘယ်လောက်ပဲရှောင်တတ်ပါစေ မိန်းကလေးက ဖက်ပဲ မဟုတ်ဘူးလား။

"ဒေါသမဖြစ်နဲ့ အသက်တိုတယ်။ တော်ကြာ မိန်းမတောင်မယူလိုက်ရဘဲ ငှက်ပျောတုံးဖက်နေရမယ်"

"ငါ့ဘာသာ ဘာဖက်ဖက်ပါ"

"ကိုကြီးကရော"

"ဘာလဲ"

"မမနဲ့ပတ်သက်ပြီး သံယောဇဉ် လက်ကျန်လေးဘာလေး



www.burmeseclassic.com

www.burmeseclassic.com



ရှိသေးလားလို့”

“ဘာမှမရှိဘူး”

“တကယ်နော်”

“တကယ်”

“အဲဒါဆို ကျွန်တော့်ကို မတားနဲ့”

“ကျွတ် ... မင်း”

ဒီကောင်ဆိုလို့ တိုးလုပ်မှာစိုးတာနှင့် ဆက်လည်းမပြောချင်တော့။ တားရင်ရှေ့တိုးမှာလေ။ အဲဒီတော့ အလိုက်သင့်ကြည့်နေပြီး ကိုယ်ကပဲ မီးစင်ကြည့်ကပေးရတော့မည်။ ချစ်ကြိုးဘက်ကိုသွားပြောရင်လည်း သူက ပိုင်ပိုင့်ထက်တောင် ပိုဆိုးဦးမှာ။

နေသူမကြိုက်တတ်တာတွေကိုမှ ရွေးပြီးလုပ်ပြတတ်တဲ့ ချစ်ကြိုး။

ကိုယ်ကလည်း ခုမှ ယယ်ယယ်တုန်းကစိတ်တောက်လို့ လိုက်ချော့ရသလိုလည်း မချော့ချင်။ ချော့ရင်တောင် ပြေဖို့မလွယ်အောင် ရွဲ့ခဲ့ မဲ့ခဲ့ကြတာက နှစ်နဲ့ချီနေပြီ။

“သားကြီး”

“ဟာ ... ကိုကြီး”

“ခြံရှေ့ကိုကျော်သွားပြီ”

“ကိုကြီး ကျော်သွားပြီဗျ”





မေမေနဲ့ပိုင်ပိုင်အော်မှ သတိရပြီး ကားကို ဘက်ခ်ဆုတ်၍ ခြံထဲသို့ ဝင်ခဲ့တော့သည်။ ကားပေါ်က ဆင်းပြီးတာနှင့် အိမ်ထဲကို ရှေ့ဆုံးက ရဲရဲတင်းတင်းဝင်တာ ပိုင်ပိုင်။

“ဟာ ... ဖေဖေ”

ရှေ့မှာ မားမားကြီးရပ်နေတာ ဖေဖေဖြစ်ပြီး ...

“ချွေးကောင်”

“ခွပ်”

“အ”

“ခွပ်”

“ကိုကို”

“ဖေဖေ”

“လာခဲ့ တစ်ကောင်”

“ခွပ်”

“အ”

“ခွပ်”

“ကိုဖြိုး ... တော်တော့”

ဦးနေဖြိုး သားနှစ်ယောက်ကို တစ်ယောက်နှစ်ချက်စီ လက်သီးနဲ့ထိုးပြီး ဆုံးမလိုက်၏။ ဒီအချိန်မှာ အကြီးအငယ် အငြိမ်ရှိသူ မရှိသူ ခွဲခြားနေလို့မရ။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ . . . ပြောစမ်းပါဦး ကိုရွှေဆီဖာနေသူထွေးရဲ့"

"ဗျာ"

"ဟိုကောင် မိုက်တာထားပါဦး။ မင်း ကြီးကောင်ကြီးမားကြီးနဲ့ ဘာကိစ္စ ဝင်ပါရတာလဲ"

"ကျွန်တော်"

"ဖေဖေ ကိုကြီးကိုမပြောပါနဲ့"

"ဘာကွ"

"ဒီပြဿနာကို သားစတာ သားကိုပဲပြော"

"အေး . . . ပြောတယ်ကွာ"

"ခွပ်"

"ကိုဖြိုး"

"ဖေဖေ"

ဒေါ်ပပဖော်နဲ့ နေသူ ဝင်ဆွဲရပြန်ပြီ။ သင်းကစခဲ့လို့ ပြဿနာဖြစ်တာ၊ အဲဒီတော့ အပိုတစ်ချက် ဆောင်းထိုးပြီး ဆုံးမတာ တန်တယ်။

"ညီ"

"သားငယ်"

ထုလေမာလေ ငါးဖယ်လို ပိုင်ပိုင်က ဘာမှမဖြစ်သလိုပါ သူမျက်နှာကပဲ မာကျောနေသလား ဦးနေဖြိုးလက်သီးကပဲ အားပျော့





နေသလား။ ကိုယ်လုပ်ရင် ကိုယ်ခံရဲတယ်ဆိုတဲ့ သတ္တိမျိုးနဲ့ ချက်ချင်းပဲ ယိုင်သွားရာမှ မတ်မတ်ပြန်ရပ်သည်။

"ဆီဖာပိုင်ဖြိုးသူ"

"မင်း ဘာတွေမှန်ပြီး မိုက်ရိုင်းနေတာလဲ ပြောစမ်း"

"ဖေဖေ သိပြီးသားပါ"

"ဘာကွ"

နောက်ထပ် ပြောပြနေစရာမှ မလိုတော့တာ။ ပိုင်ပိုင်က ကိုယ်ဖြစ်ချင်တာကို ဖြစ်အောင်လုပ်တတ်သူ။ အခု သူဖြစ်ချင်တာတစ်ခုအတွက် ဒီလမ်းကြောင်းပေါ်မှာ မရပ်မနား လျှောက်နေဦးမှာပါပဲ။ မိုက်ရိုင်းတယ်ပဲပြောပြော၊ ယုတ်မာတယ်ပဲဆိုဆို ကိုယ့်ဦးတည်ချက်မှာ ငါးမရလို့ ရေချိုးပြန်ရမယ့်အဖြစ်မျိုးမပါ။

"မင်းက မိဘကိုတောင် ပမာမခန့်လုပ်ရဲနေပြီပေါ့ . . . ဟုတ်လား"

"သား ဖေဖေတို့ကို ပမာမခန့်လုပ်တာမဟုတ်ဘူး။ သား ဖြစ်ချင်တာကိုပဲ"

"လုံးဝမဖြစ်နိုင်ဘူး"

"သား စကားမဆုံးသေးဘူး ဖေဖေ"

"တော်တော့ . . . ဆက်မပြောနဲ့"

ဦးနေဖြိုး လက်မခံနိုင်စွာ အော်ပစ်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



အသက်ကွာဟတဲ့သူကို မချစ်ရလို့ ဘုရားဥပဒေရော တရားဥပဒေပါ မရှိပေမယ့် လူမှုရေးဥပဒေအရ မဖြစ်သင့်ဘူးလေ။

"သားငယ် မင်းသွားတော့"

ဒေါ်ပပဇော်က သားငယ်ကိုတွန်းလွှတ်၏။ ပိုင်ပိုင်က ပေကပ်ကပ်လုပ်နေလေတော့ . . .

"သားကြီး"

"ဗျာ"

"သားငယ်ကို ခေါ်သွား"

"ဟုတ်"

❋ ❋ ❋



# အခန်း (၂၂)

"နင်ထားတဲ့ရည်းစားတွေထဲက တစ်ယောက်ယောက်ကို ရွေးပြီး အတည်တကျ ယူလိုက်ပါတော့ ချစ်ကြိုးရယ်။ နင့်အစား ငါ စိတ်ရှုပ်လွန်းလို့ပါ"

တကယ်ပဲ ဝကီယအသည်းပိုင်ရှင်လားတော့မသိ။ မမ တဗျစ်တောက်တောက် ပြောနေပေမယ့် ချစ်ကြိုးက အပြုံးမပျက်။ သူမကြောင့် ပိုင်ပိုင်တို့ညီအစ်ကိုနဲ့ သူ့တို့သူငယ်ချင်းတွေ ရန်ဖြစ်ကြတယ်တဲ့။ ဖြစ်ကြပါစေပေါ့ ကိုယ်နဲ့ဘာဆိုင်တာမှတ်လို့။ ကိုယ်ကဖြစ်ကြပါစေဆိုပြီး ရန်တိုက်ပေးနေတာမှ မဟုတ်တာ။

ရန်ပွဲမှာ နေသူပါ ပါတယ်ဆိုတော့ . . . ချစ်ကြိုး ယုံပင်ယုံချင်။ သူ့ညီကြောင့် မပါမဖြစ်ပါရတာပဲ နေမှာပေါ့။ ကိုယ့်ကြောင့်လို့



www.burmeseclassic.com

www.burmeseclassic.com



သီးသန့်ပုဒ်မတပ်ပြီး ပါမယ့်သူမှမဟုတ် တာ။ သူနဲ့ကိုယ်က သံယောဇဉ်တစ်ခန်းရပ်ခဲ့တာကြာပြီ။

အင်း . . . မမပြောသလို ချစ်ကြိုး သင့်တော်မယ့်သူနဲ့ အိမ်ထောင်ပြုရင် ကောင်းမလား။ ဘယ်သူ့ကို ရွေးချယ်ရကောင်းမလဲ။ အချစ်မပါပဲ လက်ထပ်ပြန်ရင်လည်း အိမ်ထောင်ရေးက သာယာမှာ မဟုတ်ဘူးလေ။ တကယ်ချစ်နိုင်အောင် ကြိုးစားဖို့ကျတော့ အချစ်တွေက ခမ်းခြောက်အက်ကွဲနေသည့်အတိုင်းပါပဲ။

"ချစ်ကြိုး"

"ရှင်"

"နင် ပြုံးစိပြုံးစိနဲ့ မြူးမိတဲ့ငါး လုပ်မနေနဲ့"

"မမကလည်း ချစ်ကြိုးက မပြုံးလို့ငိုနေရမှာလား"

"အခု နင့်ကြောင့် ရန်ဖြစ်ကြ အချုပ်ထဲရောက်ကြနဲ့။ အဲဒါ ကောင်းသလား"

"ကောင်းသားပဲ"

"ဘာ"

"ချစ်ကြိုးက သူတို့ကို ရန်တိုက်ပေးနေတာမှမဟုတ်တာ"

"မဟုတ်ပေမယ့် အဲဒါထက် ပိုဆိုးနေတာလေ။ အခု ဘ ဘက်အိမ်ကညီအစ်ကို ဖြစ်နေတော့ ငါ အန်တီဖော့ကို ဘယ်လို မျက်နှာပြရမလဲ"





"ခေါင်းမြီးခြုံထားပေါ့"

"ချစ်ကြိုး"

ချစ်နှင်းက အော်လိုက်လေလျှင် . . .

"မမ ချစ်ကြိုးကို မအော်ပါနဲ့။ သူတို့ဘာသာ အရူးထတာ ချစ်ကြိုးနဲ့ ဘာဆိုင်လို့လဲ။ ချစ်ကြိုးက ပဲပေးပြီး သူတို့ကိုချစ်ပါ ကြိုက်ပါလို့လည်း ပြောနေတာ မဟုတ်ဘူး"

"နင်လုပ်တာကိုက အန္တရာယ်ရှိနေတာ"

"ဒါဆို ဒီမျက်နှာကို ဓားနဲ့မွှမ်းပစ်ရမှာလား"

"ဖြစ်နိုင်ရင် လုပ်စေချင်တာ"

တကယ်ပဲဖြစ်နိုင်ရင် ချစ်နှင်း လုပ်ပေးလိုက်ချင်၏။ မိန်းမ တစ်ယောက်၏အလှတရားသည် တန်ဖိုးကြီးမြတ်သလို အန္တရာယ် လည်း ရှိသည်လေ။ ဒါကိုပဲ ချစ်နှင်း စိုးရိမ်တာဖြစ်၏။ မိဘတွေ ဆုံးကြကတည်းက ချစ်နှင်း ဒီညီမလေးကို အစ်မကြီးအမိအရာ အနေနဲ့ ထိန်းသိမ်းစောင့်ရှောက်လာခဲ့တာ။

ကျန်တဲ့နေရာတွေမှာ ဘိုင်းကောင်းကျောက်ဖိ လိမ္မာရေးခြား ရှိပြီး ရည်းစားများတဲ့နေရာကျမှ ဘယ်လိုစုန်းပူးပြီး ပြောမရ ဆိုမရ ဖြစ်နေသည်မသိ။

"ဒါနဲ့ နင့်ကို ငါ မေးစမ်းပါရစေဦး"

"ဘာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"အခု ... နင့်ရဲ့လက်ရှိရည်းစားက ဘယ်သူလဲ၊ ပိုင်ပိုင်လား သျှံဆိုတဲ့ကောင်လေးလား"

"တစ်ယောက်မှမဟုတ်ဘူး"

ပါးစပ်ကပြောနေပေမယ့် လက်က ခေါင်းငြိမ်မပျက်။

"အေး ... ဟုတ်ရင်လည်း ငါ တားမလို့"

"ဟင်"

"ဘယ့်နှယ် ... ကိုယ့်သားလောက်ကလေးတွေကို"

"ဆယ်နှစ်နဲ့ အိမ်ထောင်ကျပြီး သားမွေးတဲ့သူရှိလို့လား"

"နင် ကတ်မပြောနဲ့ ချစ်ကြီး"

"အဲဒါဆို မမလည်း မပြောနဲ့တော့။ ချစ်ကြီးသွားတော့မယ်"

"ဟဲ့ ... ချစ်ကြီး"

ပြောပြောဆိုဆို ချစ်ကြီးလက်ကိုင်အိတ်ကိုကောက်ယူပြီး ထွက်လာခဲ့တော့၏။ ရှေ့ဆက် မမရှေ့မှာရပ်နေသေးရင် ပူညံပူညံနဲ့ နားငြီးနေဦးမှာလေ။ ချစ်ကြီး ဖိနပ်စင်ပေါ်က ဖိနပ်ကိုယူပြီး အောက်ရှု ငုံ့စီးနေစဉ်မှာပဲ ...

"မမ"

"ဟင်"

"ဆိုင်သွားတော့မလို့လား"





"ဟုတ်တယ်"

"အိမ်ထဲဝင်ရင် မမနှင်းဆွဲမှာကြောက်လို့ ကျွန်တော် ဒီမှာရပ်စောင့်နေတာကြာပြီ"

"ပြောစရာရှိလို့လား"

"မမကို လိုက်ပို့မလို့"

"မပို့ပါနဲ့"

"ပို့မှာပဲ"

"ပိုင်ပိုင်"

"ဗျာ"

"မင်း ဘယ်လိုဖြစ်နေတာလဲ"

"မမကို ကျွန်တော် အကြိုအပို့လုပ်မယ်လို့ ပြောထားပြီးသားလေ"

"ကျွတ်"

ချစ်ကြီး စိတ်ပျက်သွား၏။ ဒီကောင်လေးက ဖွတ်တရွတ်ဆိုတော့ ငြင်းနေရင် အရစ်ကရှည်ဦးမည်။

"မမ"

"ပြီးရောကွာ၊ လာ ... သွားမယ်"

ချစ်ကြီး ကားဆီသို့ လျှောက်သွားလိုက်တော့ ပိုင်ပိုင် အပြုံးမျက်နှာနဲ့ကပ်ပါလာသည်။ ခွေးလေး ချစ်ဖို့ကောင်းတယ်ဆိုပြီး အရော



www.burmeseclassic.com

www.burmeseclassic.com



ဝင်ရင် ပါးလျက်နားလျက်နဲ့တဲ့။ ခုလည်း အဲဒီလို ဖြစ်နေပြီလားတော့ မသိ။ သူပေးတဲ့ကြောင်လေး မွေးလိုက်မိတာက အစပြုပြီး ပထမဆုံး အကြိမ် သူ့ဆန္ဒကို ဖြည့်ပေးလိုက်ကတည်းက ပြဿနာစတာ။

ကောကောပြောပြလို့ ချစ်ကြိုး အားလုံးသိပြီးပြီ။

ပိုင်ပိုင် သူ့အိမ်ကလူတွေကို အတိုက်အခံလုပ်နေတာတဲ့။ ဒါလည်း ချစ်ကြိုးနဲ့ပတ်သက်နေသည်တဲ့လေ။

"ပိုင်ပိုင်"

"ဗျာ"

"ရန်ဖြစ်ပြီး အချုပ်ကျကြတော့ မင်းအဖေ ဘယ်လိုဆုံးမလဲ"

"ပြောနေစရာလိုသေးလို့လား။ လူကို အီစလံဝေသွားတာပဲ"

"ဘယ်နှစ်ချက် အထိုးခံလိုက်ရလဲ"

"ကျွန်တော်က သုံးချက်"

"မင်းကိုကြီးကရော"

"နှစ်ချက်"

"ကောင်းတယ်"

ကိုယ်က မဲ့ရွဲ့ပြောလိုက်ပေမယ့် ပိုင်ပိုင်က အရယ်မပျက်ဘူး။ ဒီကောင်လေး ကိုယ့်အပေါ် ဒီလောက်သည်းခံနေတာ ဘာကြောင့်လဲ။





သူ့မအလှကြောင့် စိတ်ကစားနေတာများလား။ ဒါမှမဟုတ် သူ့အစ်ကို ကြောင့်လား။ တစ်ခုခုတော့ တစ်ခုခုပါပဲ။ သူကိုယ်တိုင် စိတ်ကစားတာ ဆိုရင်တော့ . . . ချစ်ကြိုး အခြားယောက်ျားလေးတွေကို ဖောရှောလိုက် သလို မလိုက်လျောနိုင်။ အိမ်နီးနားချင်းတွေဆိုတော့ မျက်နှာပူစရာတွေ အဖြစ်မခံနိုင်ဘူးလေ။

"မမ"

"ပြော"

"ကျွန်တော်တို့ကို မသနားဘူးလား"

"ကိုယ့်ဒုက္ခ ကိုယ်ရှာတာ ဘာလို့သနားရမှာလဲ"

"မမက စိမ်းသရဖူးဆောင်းနေတာကိုး"

"ရန်ဖြစ်တာကို ငါ မကြိုက်ဘူး ပိုင်ပိုင်။ နောက်ကို မင်း ရန်မဖြစ်ပါနဲ့"

"အဲဒါ . . . မမအပေါ်မှာပဲ မူတည်တာ"

"ဘာ"

ဘာကို ဘယ်လိုနားလည်ရမှန်းမသိအောင် ပိုင်ပိုင့်စကားတွေ က ထိခလုတ် ပါးခလုတ်ဖြစ်နေပြီး မျက်လုံးတွေကျတော့ ဘာသာပြန် လို့မရအောင် ကာလာမပါ အဖြူရောင်သက်သက်နှင့်။

"မမ သျှံဆိုတဲ့ကောင်နဲ့ လုံးဝမပတ်သက်ပါနဲ့"

❋ ❋ ❋



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၃)

"ဦးကို ရာရာ မယုံတော့ဘူး"

"ဘာ"

"ရာရာမဟုတ်တဲ့ အခြားမိန်းမတစ်ယောက်အတွက်နဲ့ ကိုယ့်သားလောက်ရှိတဲ့ လူတွေနဲ့ ဦး ရန်ဖြစ်ပြီး အချုပ်ကျတဲ့အထိ ဖြစ်တာကောင်းသလား"

"သတင်းက မြန်လှချည်လား"

"ရာရာ့မှာလည်း မျက်စိတွေ နားတွေရှိတယ် ဦး"

"ဒီအကြောင်း မင်းကို ဘယ်သူဖောက်သည်ချလိုက်တာလဲ"

"ဦးရဲ့ညီကိုယ်တိုင်ပဲ"

"ဟင်"





နေသူ တွေခနဲဖြစ်သွား၏။ ညီ ဒီကိစ္စကို ရာရာသိအောင် ဘာကြောင့်ပြောလိုက်တာလဲ နားမလည်နိုင်။ ရာရာ့ကိုကြည့်မရတာကြောင့်လား။ ဒီကောင် ဒီလောက်လည်း စိတ်ပုပ်တတ်တာ မဟုတ်ဘဲနဲ့။ ရန်ဖြစ်တာက သူ့ကြောင့်လေ။ ဒါကိုကျ ထည့်မပြောဘူးတဲ့လား။

"ညီက ဘယ်လိုပြောလိုက်တာလဲ"

"ကိုကြီးတောင် ရန်ဖြစ်ပြီး အချုပ်ကျလို့ ဖေဖေက အပြင်ထွက်ခွင့်မပေးဘူး။ မမချစ်ကြိုးအိမ်ရှေ့မှာ ဂစ်တာတီးပြီး သီချင်းလာဆိုတဲ့ကောင်တွေကို ပြဿနာသွားရှာလို့ ဖြစ်ကြတာတဲ့"

"ဒီကောင်တော့ကွာ"

"ရာရာနဲ့လည်း လာတွေ့မှာ မဟုတ်တော့ဘူးတဲ့။ ကဲ . . . ဘာပြောဦးမလဲ"

ဖြစ်တော့သူက ပြောတော့သူ့များကို။ ငါးဖယ်က ပြောင်းပြန်ဘဝ်ပြီး ဒီကောင် ဘာတွေဖယားရွှေ့နေပါလိမ့်။ မျက်မှောင်ကြုတ်ပြီးစားတော့လည်း အဖြေကမထွက်။ အဖြေမထွက်လို့ ဒေါသဖြစ်ပြီး ချော်ရည်ကိုသာ ပိုက်တံနဲ့ လိမ့်မွှေနေမိ၏။

"ဦး"

"ဟင်"

"အဲဒီကိစ္စ ဦး ဘယ်လိုရှင်းမှာလဲ ပြော"

"ဘာကိုရှင်းရမှာလဲ"

ရွှေပဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဦး ခုလိုလုပ်တာ ဟိုမိန်းမကို ကြိုက်နေလို့လား"

"ရာရာ"

"ပြော"

"မင်း မမိုက်ရိုင်းနဲ့"

"ဘာ ... ဦး"

"ချစ်ကြိုးက ငါနဲ့ အသက်အတူတူကွ။ အဲဒါကို ဟိုမိန်းမလို့ ခေါ်စရာလိုလို့လား"

"ဦး"

ရာရာ့မျက်နှာတင်းသွားသည်။ ကိုယ့်ကိုပဲ မိုက်ရိုင်းတယ်တဲ့။ ဦးက ဟိုမိန်းမကို အဲဒီလောက်တောင် အထိမခံတော့ဘူးလား။ ရင်ထဲမှာ ဝမ်းနည်းခြင်းနှင့်အတူ မျက်ရည်က ဝေ့တက်လာ၏။

"မိန်းမမို့လို့ မိန်းမထည့်ပြောတာ နာစရာလား ဦးရဲ့။ အဲ့လို အပြောမခံရအောင် သူက ယောက်ျားလား"

"မိန်းမမှန်ပေမယ့် ကိုယ့်ထက်အသက်ကြီးသူကို ရိုသေသမှုနဲ့တော့ မင်းခေါ်သင့်တာပေါ့။ ဟိုမိန်းမဆိုတာကြီးက မင်းအသက်အရွယ်နဲ့ခေါ်တာ မရိုင်းဘူးလား"

"ကဲ ... ရိုင်းတယ် ရိုင်းတယ် ဘာဖြစ်လဲ"

"ရာရာ"

"နေစမ်းပါဦး ... ဦးက အဲဒီမိန်းမကို ဘာလို့ အထိမခံနိုင်





ဖြစ်နေတာလဲ"

မေးပြီး အဲဒီမေးခွန်းကို သူ ဘယ်လိုဖြေရမလဲ။ အမှန်ကို ဖြေလိုက်ရင် ရာရာ ကျွမ်းပစ်မလား မပြောတတ်။ ချစ်ကြိုးမှျှင်ဆိုတဲ့ မိန်းကလေးက ဟိုးအရင်တုန်းကတည်းက သူ ချစ်သူရည်းစားအဖြစ် တွဲခဲ့ရတဲ့ မိန်းမတွေထက်ဦးစွာ သူ့ရင်ကို ပိုင်စိုးထားနိုင်သူ။ အချစ်ကြီးပြီး အမျက်ကြီးခဲ့သည့် စိတ်ကြောင့်သာ အတ္တနှင့်မာန မျဉ်းပြိုင်ချခဲ့တာ။

တကယ်တော့ ...

သူ့နှလုံးသားကို ချစ်ကြိုးမှျှင်အပိုင်နိုင်မာစွာ တုတ်နှောင်ထားခဲ့တာလေ။ မာနကို ခဝါမချချင်လို့ အမုန်းကြိုးကို တင်းနေအောင် လွှန်းတင်သည့်တိုင် မုန်းဖို့ မေ့ဖို့ ကြိုးစားရင်း ဒီကြိုးတွေကပဲ တစ်ထောင်းထောင်းပြတ်နေခဲ့တာ။ ဒါကို ကိုယ်မှအပ အခြားသူမသိနိုင်။

"ဒီမှာ ဦး"

"............"

"ဦး ရှင်းရှင်းပဲပြောပါ။ ရာရာ့ကို ဦး တကယ်မချစ်ဘူးလား"

"မင်း အပိုတွေမေးမနေနဲ့ ရာရာ"

"အပို ဟုတ်လား"

ရာရာ့နှုတ်ခမ်းလေး မဲ့ခနဲဖြစ်သွား၏။

"ငါ မင်းကို လက်ထပ်ဖို့တောင် တောင်းဆိုခဲ့ပြီးပြီပဲ"



www.burmeseclassic.com

www.burmeseclassic.com



"စိတ်မပါဘဲနဲ့ တောင်းဆိုခဲ့တာလားလို့ပါ။ ပြုပြင်ဖို့ အချိန်ရှိသေးတယ် ဦးနေသူလေး"

"မင်း ငါ့ကို စိန်ခေါ်နေတာလား"

"ဦးပဲ စိတ်ကုန်အောင် လုပ်နေတာ"

"အဲဒီတော့ မင်းက ဘာဖြစ်ချင်လဲ"

"ဦးနဲ့ရာရာ လမ်းခွဲကြတာ အကောင်းဆုံးပဲ"

"အိုကေ ... ဒီစကားကို မင်းပြောတာနော်။ ငါဆိုတဲ့ကောင်က နောက်ကိုပြန်လှည့်မကြည့်တတ်ဘူး"

ပြောပြီးတာနှင့် နေသူ ထလာခဲ့တော့၏။ လမ်းခွဲကြပြီဆို နောက်ပြန်လှည့်မကြည့်တတ်တဲ့အကျင့်က မချစ်လို့ဘဲ ကျင့်လာခဲ့တာဖြစ်၏။ တကယ်ချစ်တဲ့သူကျတော့ မုန်းဖို့ကြိုးစားရင်းပဲ မေ့မရခဲ့တာ သူ ဒီလိုပဲ ခရီးဆက်နေရဦးမှာလား။ မဖြစ်တော့ပါဘူး၊ သူ့အသက်အရွယ် မငယ်တော့ဘူးလေ။

နေသူ ...

မေမေတို့ဆန္ဒအတိုင်း ကြိုက်သလို ပုံသွင်းပါတော့လို့ ကိုယ့်အနာဂတ်ကို မိဘတွေ လက်ထဲသို့ အပ်လိုက်ရမလား။

"ဟင်"

"ရှေ့မှာ ချစ်ကြိုးပါလား။ သူ့ဘေးမှာ သျှံဆိုတဲ့ကောင်လေးနဲ့။ ပြီးတော့ အခြားနှစ်ယောက်က ချစ်ကြိုးကို ဆွဲမလို လွဲမလို့





ဘာဖြစ်နေကြပါလိမ့်။

"ပြီးခဲ့တာတွေက ပြီးသွားပြီပဲ။ ရှင် ကျွန်မကို လိုက်မနှောင့်ယှက်ပါနဲ့ သော်ခ"

"နှောင့်ယှက်တယ် ဟုတ်လား"

"လမ်းလယ်ခေါင်မှာဆွဲတော့မလို လွဲတော့မလို လုပ်နေတာ နှောင့်ယှက်တာ မဟုတ်ဘူးလား"

"မဟုတ်ဘူး ချစ်၊ ကိုယ်တို့ လမ်းခွဲခဲ့ကြတယ်ဆိုပေမယ့် မင်းဘက်က ပြတ်သားနိုင်ပေမယ့် ကိုယ်က မင်းကို ချစ်နေတုန်းပဲ။ အဲဒါ တကယ်မေ့ဖို့ကြိုးစားရင်း မေ့လို့ကိုမရတာ"

"သေလိုက်ပါလား"

"ချစ်"

"ကျွန်မက ကျောခိုင်းပြီးရင် ပြန်လှည့်မကြည့်တတ်ဘူး သော်ခ"

"မရဘူး ချစ်"

"ဟေ့လူ"

ချစ်ကြိုးလက်ကို လှမ်းဆွဲတဲ့သော်ခလက်ကို ပုတ်ထုတ်ပြီး သျှံ မမရှေ့ကနေ ဝင်ရပ်လိုက်၏။ ဒါကို သော်ခ မကျေနပ်စွာ စူးခနဲကြည့်ပြီး ...

"မင်းက လူစွမ်းကောင်းလား။ မလောက်လေးမလောက်စား



www.burmeseclassic.com

www.burmeseclassic.com



နဲ့ နားမကားချင်ရင် ဖယ်"

"မမက မနော်ယှက်နဲ့လို့ ပြောတယ်လေ"

"ဟော့ကောင် ... ဖယ်မလား မဖယ်ဘူးလား"

"မဖယ်ဘူးဗျာ"

"မဖယ်ဦးကွာ"

"ခွပ်"

"သျှံ"

"ခွေးသူခိုးကြီး ... ကဲ"

"ခွပ်"

"မလုပ်နဲ့ ... မလုပ်ကြပါနဲ့"

မြင်နေရတာ စိတ်မသက်သာစရာပါလား။ ငါ မကာယ် ဆေး ဖွယ်ရာရောက်တော့မယ်ဆိုတာမျိုး။ နေသူ ဝင်မပါချင်ပဲ ပါရဦးမည်

"ဟော့ကောင်တွေ ... ရပ်စမ်း"

"ခွပ်"

"ဟာ"

"ကဲကွာ"

"ချစ်ကြိုး ... လာ"

"ဟာ ... ပါသွားပြီ ချစ်"

"မမ"



နေသူ ချစ်ကြိုးကိုဆွဲခေါ်လာခဲ့ပြီး ကားပေါ်ရောက်တာနှင့် မောင်းထွက်ခဲ့တော့၏။ သူတို့တာသာ ဘယ်လိုပဲကျန်ခဲ့ကျန်ခဲ့ အဓိက က ချစ်ကြိုးသူတို့အနားမှာ မနေဖို့သာ။ အချစ်အတွက်နဲ့ ဒီကောင်တွေ မှုနေကြပြီလား။ ဒီအထဲမှာ ကိုယ့်ညီလည်းပါခဲ့ပူးသည်လေ။ ကိုယ်က ရော ထိုနည်းတူစွာပဲလား။

အင်း ...

ညီက ကိုယ်ကလွဲရင် ဘယ်သူ့ကိုမှ အရှုံးမပေးနိုင်ဘူးတဲ့။ ညီနဲ့က ဘယ်လိုမှမဖြစ်နိုင်တော့ ကိုယ်ပဲ မင်းသားဝင်လုပ်ရတော့မယ် ဆင်ပါရဲ့။

"ချစ်ကြိုး"

".........."

"ချစ်ကြိုး"

"ဘာလဲ"

"နင် ဘာတွေ ဖယားရှုပ်ထားပြန်ပြီလဲ"

"ဘာ"

"လမ်းပေါ်မှာဖြစ်နေကြတာ နင် မရှုက်ဘူးလား"

"ဘာလို့ရှက်ရမှာလဲ။ ငါက မကောင်းတာလုပ်နေတာမှ မဟုတ်တာ"

ကြည့်စမ်း ... မျက်စောင်းထိုးပြီး ပြောပုံက ကိုင်ဆောင့်

www.burmeseclassic.com

www.burmeseclassic.com



ပစ်ချင်စရာကောင်းတာ။

"ရှေ့ဆက် ဒီလိုပဲ သွားနေရင် နင်မလွယ်တော့ဘူး"

"နင် ငါ့ကို ဆရာကြီးမလုပ်ပါနဲ့။ နင်ကရော ဘာထူးလဲ"

"ဟ . . . ငါက ယောကျ်ားလေ၊ ဘာဖြစ်စရာရှိလဲ"

"ငါလည်း ငါ့ကိုယ်ငါ ထိန်းနိုင်တယ်"

နေသူ မဲ့ပစ်လိုက်၏။ ဘယ်လောက်ပဲထိန်းထိန်း ကျားဆိုရဲ တွေ့ရရင် ဘာတတ်နိုင်မှာလဲ။ အရိုးအသား ရှာတွေ့ရင်တောင် ကောင်းသေး၊ ဒီလောက်အသက်ကြီးနေတာတောင် ဆင်ခြင်ရကောင်းမှ မသိတာတွေဦးမယ်။

"နင့်လည်ပင်းကို ပြန်ကြည့်ဦး"

"ဘာဖြစ်လို့လဲ"

"အရစ်ပေါ်စပြုနေပြီ"

"အဲဒါ ဘာဖြစ်လဲ"

"ကိုယ့်အသက်ကိုသတိရဖို့ပြောနေတာ။ လူကဖြင့် သင်္ချိုင်းကို ခြေတစ်ဖက်လှမ်းနေပြီ။ အသက်သုံးဆယ်ကျော်ရင် နင်တို့ မိန်းကလေးတွေ ယောကျ်ားရဖို့ မလွယ်တော့ဘူး"

"အံမယ်"

"တို့ယောကျ်ားတွေက ရေလျှံရင် အသက်ခြောက်ဆယ် ကျော်တောင် မိန်းမတစ်ယောက်ကို ခေါင်းခေါက်ယူလို့ရတယ်"





"ရပါလိမ့်မယ် အားကြီး"

"မယုံရင် စောင့်ကြည့်လိုက်"

သူက စိန်ခေါ်နေတာလား။ ချစ်ကြီး နှုတ်ခမ်းကိုမဲ့ရွဲ့ပစ်လိုက် မိသည်။ လူထက် လေလုံးကပိုထွားနေတာ။

"နင်လည်း စောင့်ကြည့်လိုက်ပါ"

"ဘာလဲ"

"နင့်ထက်သာတဲ့ယောကျ်ားကို ငါယူပြမယ်"

ရင်ထဲမှာ ပူလောင်လောင်ကြီးဖြစ်သွားသလိုပါပဲ။ ချစ်ကြီးက စိန်ခေါ်ပြီးရင် ဘွာခတ်တတ်သူမဟုတ်ဘူးလေ။ ဒါကြောင့် တကယ် အကောင်အထည်ပေါ်မှာ ... သက်တွေ့လုပ်ပြရင်ဖြင့်။

❋ ❋ ❋



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၄)

သူတို့ကားလေး ခြံထဲကိုဝင်လာတော့ ဗိုင်ဗိုင် ဖိနပ်စီးနေ
နှင့် တိုးလေလျှင် ...

"ဟာ ... မမ"

ကားပေါ်က ဆင်းလိုက်တဲ့ ချစ်ကြိုးကိုမြင်တာနှင့် ဗိုင်
အနားရောက်လာကာ ...

"ကိုကြီးနဲ့မမ အတူပြန်လာတယ်"

"ဟုတ်တယ် ... အမြင်မတော်တဲ့ပြဿနာတွေ ဝင်ရှင်
ခေါ်လာတာ"

"ဟင်"

"ဘာမဟုတ်တာလေးကို နင် ပုံကြီးချဲ့ပြောမနေနဲ့ နေ





"ဘာမဟုတ်တာလေး ဟုတ်လား"

"ဟုတ်တယ်လေ၊ နင် ရောက်မလာလည်း ငါ ဘာမှဖြစ်မသွားဘူး"

"နင့်ဂုဏ် နင့်သိက္ခာတွေကို နင်ထည့်မတွက်တော့ဘူးလား ပြော"

ဘာမှ ထပ်မပြောပေမယ့် မကျေနပ်ပုံက ပေါ်ပေါ်လွင်လွင်။ လမ်းပေါ်မှာ ကိုယ်နဲ့ပတ်သက်ပြီး ရန်ဖြစ်ကြတဲ့ကိစ္စ ဘာမှမဟုတ်ဘူးတဲ့လား။ မိန်းမတစ်ယောက်ရဲ့ ဂုဏ်သိက္ခာကို ထိန်းသိမ်းရမှန်းမသိတဲ့အထိ ရှုံ့နေပြီဆိုရင် ကိုယ်ကပဲ တရားခံလိုလို။

"မမ"

"ဘာလဲ"

"ဟာ ... မမကလည်း ဒေါသတွေ မကူးစက်နဲ့လေ"

"မင်းအစ်ကိုပြောပုံကို ကြည့်ဦးလေ။ ငါကပဲ ပျက်စီးနေတဲ့ မိန်းမဖြစ်နေတဲ့အတိုင်း"

"ချစ်ကြိုး"

"နင် ငါ့ကိုမခေါ်နဲ့"

"ဟာ ... မမ"

ငိုတော့မလိုမျက်နှာထားနှင့် ချစ်ကြိုး လှည့်ထွက်သွားလေတော့ ...



www.burmeseclassic.com

www.burmeseclassic.com



"ဝုတ် ဝုတ်"

"ဟင်"

"ဝုတ် ဝုတ် ဝုတ်"

"လာပြီ"

ခွေးက ပြေးလာပြီး ချစ်ကြိုးသွားမယ့်လမ်းကနေ ပိတ်ပြီး ဟောင်လေလျှင် ချစ်ကြိုး နောက်ပြန်ပြေးရအခက် ရှေ့တိုးရအခက် ဖြစ်နေတော့၏။ သူမက ခွေးဆိုရင် ကြောက်ပါဘိခြင်း။

"ဝုတ် ဝုတ် ဝုတ်"

"ဟဲ့ခွေး"

"ဝုတ် ဝုတ် ဝုတ်"

"ဟဲ့ ... နင့်ခွေးကိုလုပ်ဦးလေ"

"ကိုက်ပါစေ၊ ဘိုနီ ဘယ်မှမသွားနိုင်အောင် ကိုက်လွှတ်လိုက်စမ်း"

"နေသူ ... နင် စိတ်မပုပ်နဲ့နော်"

"ကိုက်လေ ကိုက် ... ရှူး ရှူး"

နေသူ လက်ခုပ်တီးပြီး ရှူးတိုက်လေတော့ ...

"နေသူ"

"ရှူး ... ရှူး"

"ဟောင်း"





"အမယ်လေး"

"မမ"

"အင့်"

ခွေးက ရှေ့တိုးတာနှင့် ချစ်ကြိုးက နောက်ဆုတ်ပြေးရာမှာ၊ ခွေးကိုမောင်းဖို့သွားတဲ့ ပိုင်ပိုင် ချစ်ကြိုးက ခါးကိုပြေးဖက်တာမို့ ခွေးမမောင်းဖြစ်တော့။ ဒီအဖြစ်ကိုမြင်လိုက်ရတဲ့ နေသူ၊ မျက်လုံးတွေ ပြာဝေမတတ်ပါပဲ။

ရှူးတိုက်ပေးတဲ့သူမှာပဲ အပြစ်ရှိသလား။

ကိုက်ချင်တဲ့ခွေးမှာပဲ အပြစ်ရှိသလား။

တစ်ယောက်ကိုတစ်ယောက် ဖက်ထားသလို အနေအထားမှာ သူရပ်ကြည့်နေဖို့မသင့်တော့ပါဘူး။

ညီကိုလည်း အပြစ်တင်လို့မရ ချစ်ကြိုးကိုလည်း မပြစ်မမြင်တဲ့အထဲမှာ ဓားစာခံခွေးကိုပဲ ခပ်စူးစူးကြည့်ပြီး ချာခနဲ လှည့်ထွက်ခဲ့တော့သည်။

"မမ"

".........."

"ခွေးမကိုက်အောင် ကျွန်တော် လိုက်ပို့မှာပေါ့ မမရဲ့ ... ဖယ်ဦး"

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



အဖြစ်အပျက်ကို သတိရပြီး ချစ်ကြိုး အလန့်လန့်အဖျပ်ဖျပ် နှင့် လွှတ်ပေးလိုက်သည်။

ပိုင်ပိုင်က ရယ်လျက် . . .

"အရင်ကတော့ မမပဲ ဒီခွေးကို ခြေကျိုးအောင် လုပ်ခဲ့တာ လေ"

"အခု အကောင်းကြီး"

"ကောင်းမှာပေါ့၊ ခဏခဏ ဆေးခန်းသွားပြတာပဲဥစ္စာ"

"အဲဒီတုန်းကတော့ အဝေးကနေ အုတ်ခဲပိုင်းနဲ့ပစ်တာလေ ဘယ်ကြောက်မှာလဲ"

"အခုလည်း မကြောက်နဲ့တော့။ ကျွန်တော်ရှိတယ် လား အားကိုးစမ်းပါ မမရဲ့ . . . ဟဲ ဟဲ"

"ဘာ"

"ကဲ . . . လာပါဆို"

လက်ဆွဲခေါ်တော့ ချစ်ကြိုးက လက်ကလေးကို ရုန်းလေသည်။ ရုန်းပေမယ့်မရ။ ခက်တော့တာပဲ။ ဒီကောင်လေး ဘယ်လိုစိတ်တွေ မွေးနေပါလိမ့်။ ချစ်ကြိုး အခြားကောင်လေးတွေနဲ့သာ ရှုပ်ချင်ရှုပ်မယ် ပိုင်ပိုင်နဲ့တော့ မရိုးသားစိတ်ထားပြီး မပတ်သက်ချင်။ အစကတည်းက ကိုယ်တွေထိန်းကျောင်းလာခဲ့ရတဲ့ကလေးမို့ မောင်လေး တစ်ယောက်လိုပဲ ချစ်ခဲ့တာ။





ဒါကို . . .

ဘယ်လိုကာလာတင်ပြီး စိတ်ဖောက်ပြန်လို့ရမှာလဲ။ မင်း ငါ့ကို သုံးဝစိတ်မဝင်စားသင့်ခုံးပဲ ပိုင်ပိုင်။

"မမ"

". . . . . . . . . . . . ."

"မမ"

"ဒီမှာ စိတ်ညစ်ရတဲ့အထဲ ဘာလဲဟယ်"

"မမက ဘာကိုစိတ်ညစ်တာလဲ"

"ဟိုကောင်လေး သူတစ်ယောက်တည်းနဲ့ ဟိုလူတွေကို နိုင်ပါ့မလားမသိဘူး။ တစ်ခုခုဖြစ်မှာစိုးလို့ စိတ်ပူနေတာ"

"ဟင်"

ပြောမိပြောရာ ပြောလိုက်တာကိုပဲ ပိုင်ပိုင် တကယ်ထင်ကာ မျက်နှာပျက်သွားလေတော့၏။

"မမပြောနေတာ ဟိုကောင်လား"

"ဟုတ်တယ် . . . သူ့ပဲပေါ့"

"ကျွတ်"

ရယ်ရင် ချစ်ဖို့ကောင်းတဲ့မျက်နှာက မှုန်ကုပ်ကုပ်ဖြစ်ပြီး သည်ပင်းကို စိတ်နဲ့ပွတ်နေတာ ပဲ့ထွက်တော့မတတ်ပါပဲ။ ဒါကိုပဲ ချစ် ကြိုး ကျေနပ်သွားသည်။ စိတ်ပျက်လေ ကောင်းလေပဲပေါ့။



www.burmeseclassic.com

www.burmeseclassic.com



"မမဗျာ . . . အဲဒီကောင်နဲ့ မပတ်သက်ပါနဲ့လို့ ကျွန်တော် ပြောထားလျက်နဲ့"

"မင်းစကားကိုနားထောင်ရအောင် မင်းက ငါ့အဖေလား"

"အဲဒီလိုတော့ မဟုတ်ဘူးပေါ့"

"မဟုတ်ရင် မပြောနဲ့"

"မမ"

"မခေါ်နဲ့"

ပိုင်ပိုင် ချစ်ကြိုးပခုံးကို ဆုပ်ကိုင်လိုက်ပြီး . . .

"မမကို ကျွန်တော် အဲဒီကောင်နဲ့ ဖြစ်ခွင့်မပြုဘူး"

ချစ်ကြိုး သူ့ကို နှုတ်ခမ်းတင်းတင်းစေ့ရင်း ကြည့်လိုက်၏။ ဒီလိုမဆက်ဆံချင်ဘဲ ဆက်ဆံရတဲ့အတွက် ခွင့်လွှတ်ပါ ပိုင်ပိုင်။ မျောက်သားစားချင်ရင် မျောက်မျက်နှာကို ကြည့်ရတယ်တဲ့။ အိမ်နီးနား ချင်းလည်းဖြစ် မောင်လေးအရင်းလိုလည်း ချစ်လို့ ဘေးမှဲ့ပေးထားတာ ကို ပိုးဖလံလို ဝင်မတိုးချင်စမ်းပါနဲ့။

"ငါ့ရဲ့လွတ်လပ်ခွင့်ကို မင်း ပိတ်ပင်စရာမလိုဘူး"

"အဲဒီလို ပိတ်ပင်နေတာ ဘာကြောင့်လဲ မမသိလား"

"မသိချင်ဘူး"

"မသိချင်လည်း ပြောပြရမှာပဲ။ မမကို ကျွန်တော်"

"တော်စမ်း ပိုင်ပိုင်"





မဆက်ဖြစ်တဲ့စကားကို မမ ဘယ်လိုအဓိပ္ပာယ်ကောက် လိုက်သည်မသိ။ ပိုင်ပိုင်ကတော့ အသားမရမချင်း အရိုးကိုပဲ တကိုက်ကိုက် တောင်းနေဦးမှာဆိုတာ။

"မင်းမှာ စိတ်ကူးယဉ်ခွင့်မရှိဘူးဆိုတာ နားလည်ထား"

❋ ❋ ❋



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၅)

♪ အို မေရယ် ဘာကြောင့်များ ညှို့ဦးရက်နိုင်တာလဲကွယ် ××× ဒီမောင်မှာ ညတိုင်းပဲ အိပ်မရနိုင်ပါတော့တယ် ××× ♪

"ညီ"

"ဟင်"

"လာဦး"

သီချင်းညည်းရင်း အပေါ်ထပ်ကနေ ဆင်းလာတဲ့ ညီဖြစ်သူကို နေသူ လှမ်းခေါ်လိုက်၏။

"ဘာလဲ . . . ကိုကြီး"

"သီချင်းတွေဆိုပြီး အူမြူးနေပါလား"

"မြူးတာပေါ့။ မနေ့က ခါးကိုအဖက်ခံလိုက်ရတော့ ရင်ထဲ





ဘယ်လိုကြီးမှန်းကို မသိဘူး။ အေးသလိုလို နွေးသလိုလိုကြီးနဲ့"

မေးပြီးမှ မေးမိတာမှားပြီလားလို့ တွေးလိုက်မိ၏။ ပိုင်ပိုင်က ရယ်ကျဲကျဲနဲ့ပေမယ့် ကိုယ့်မှာ ရယ်နိုင်တဲ့အင်အားကမရှိ။ ပိုင်ပိုင့်အတွက်ရော ကိုယ့်အတွက်ရောပဲပေါ့။ ဖေဖေသာသိလို့ကတော့ ဒီကောင် အူမြူးနိုင်မှာ မဟုတ်တော့။

"မင်း အခု ဘယ်သွားမလို့လဲ"

"မမကို လိုက်ပို့မလို့လေ"

"ကျောင်းရော မှန်မှန်တက်ရဲ့လား"

"တက်ပါတယ် ကိုကြီးရဲ့။ အဲဒီအတွက်တော့ စိတ်ချ။ ကျောင်းမြန်မြန်ပြီးမှ မြန်မြန်မိန်းမယူလို့ရမှာ . . . ဟဲ ဟဲ"

"ဘာ"

"ကဲ . . . သွားပြီ"

လက်ပြနှုတ်ဆက်သွားတဲ့ပိုင်ပိုင့်ကိုကြည့်ပြီး နေသူ ရင်မောရသည်။ ဒီကောင်နဲ့ချစ်ကြိုးရဲ့ ဆက်ဆံရေးအခြေအနေ ဘယ်လိုရှိ သူစုံစမ်းမှဖြစ်တော့မည်။ သူနှလုံးသားဝန်းကျင်တစ်ဝိုက်မှာလည်း ခါင်ရာကနေ မိုးက ရွေချင်နေပြီ။

နေသူ . . .

ဖုန်းကိုယူပြီး ချစ်ကြိုးရဲ့ဖုန်းနံပါတ်ကို နှိပ်လိုက်သည်။ ဖြစ် တာ မဖြစ်သင့်တာတွေ သူ နားမလည်တော့ပါဘူး။ အခုဆိုရင်



www.burmeseclassic.com

www.burmeseclassic.com



မာနနဲ့အုပ်ပြီးဖိထားတဲ့ အချစ်တွေက ရုန်းကန်နေကြပြီ။

"ဘာကိစ္စလဲ ပြော နေသူ"

"ချစ်ကြီး ... နှင့်ဆီကို ညီရောက်ပြီလား"

"ဘာဖြစ်လို့လဲ"

"သူက နှင့်ကို လိုက်ပို့မလို့တဲ့။ အဲဒါ ... နှင် သူနဲ့လိုက်မသွား

နဲ့"

"နှင် ငါ့ကို အမိန့်ပေးခွင့်ရှိလို့လား"

"ငါ နှင့်ကိုလိုက်ပို့မလို့ ပြောနေတာ"

"ဘာ"

တစ်ဖက်က ဘာသံထွက်လာတာ အံ့ဩသွားလို့လား။ မယုံ

ကြည်လို့လားတော့မသိ။

"ချစ်ကြီး"

"........."

"ငါ တကယ်ပြောနေတာနော်။ ခုပဲ ငါ လာခဲ့မယ်"

"မလာနဲ့"

"ချစ်ကြီး"

"ဟာ ... ချစ်ကြီး ... ချစ်ကြီး"

တစ်ဖက်က ဖုန်းချသွားတာမို့ စိတ်ထဲမှာတင်းခနဲဖြစ်သွား

ဒါပေမဲ့ ချစ်တတ်ရင် ခွင့်လွှတ်သည်းခံတတ်ရမယ်လေ။ သည်းခံ





ဘတ်လို့ နီးလျက်နဲ့ဝေးခဲ့ပြီးပြီ။ ဒီတစ်ခါ ထပ်ဝေးရင်ဖြင့် ဆုံဖြူသွား

အောင်း ဖြစ်သွားနိုင်သည့်လေ။

ချစ်ကြီးမှာလည်း နေသူ ဖုန်းဆက်ပြောတဲ့စကားတွေကြောင့်

အံ့ဩမှင်တက်နေမိ၏။ ဒီကောင် ဘာအတွက် အချိုးပြောင်းသွားတာ

လဲ။

စိမ်းလက်စနဲ့ ဆက်စိမ်းမနေဘဲ အဖြူရောင်ဆေးပြန်သုတ်

ချင်တာ အကြောင်းတော့ရှိရမည်။

"ချစ်ကြီး"

"........."

"ဟဲ့ ... ချစ်ကြီး"

"ရှင် ရှင် မမ"

"ခေါ်လိုက်ရတာဟယ်။ ဟိုမှာ ပိုင်ပိုင်ရောက်နေပြီ"

"ဩော် ... ဟုတ်ကဲ့"

"နေဦး"

ချစ်ကြီး ထသွားမယ်လုပ်မှ မမကတားသဖြင့် ပြန်ထိုင်လိုက်

ရ၏။

"ဘာလဲ မမ"

"နှင့်ကို ငါ မေးစရာရှိလို့"

"မေးလေ"



www.burmeseclassic.com

www.burmeseclassic.com



"နင်နဲ့ပိုင်ပိုင်က ဘာတွေလဲ"

"မမ ဘာကိုမေးတာလဲ"

"ရွှေစွန်ညီလေးက နင့်အနားမှာပဲ ဝဲနေတာလေ။ လက်… တဲ့သူက လက်ခံနေတော့ ရိုးရိုးသားသားလား၊ ဆန်းဆန်းပြားပြား လားလို့ မေးတာ"

"မမကလည်း ကိုယ့်သားလောက်ကလေးကို ဆန်းဆန်းပြား ပြား ဖြစ်စရာလား"

"ဒါဆို သုံ့ဆိုတဲ့ကောင်လေးနဲ့ရော"

"ဒါတော့ တစ်ခုခုဆို သူက မျက်နှာပူစရာအကြောင်း မရှိတာ"

"ဖြစ်ရလေ"

ဒီကောင်မလေးမရှိတဲ့အချိန်ဆို အတော်သာ။ မြင်လိုက်ရ… ဆို သူ့အတွက် စိတ်ပူရင်လေးရလွန်းလို့ သက်ပြင်းချရတာအခါခါ…

သက်ပြင်းကိုသာ ရွှေလို ချိန်ရောင်းလို့ရရင် အကောင်းသား ပေါ့။

ကိုယ်က ကြီးတဲ့သူ့အနေနဲ့ သွန်သင်ဆုံးမရင် ခံလည်း… နားထောင်တာလည်း မဟုတ်။ ပြောလိုက်ရင် ဟုတ်ကဲ့၊ ကွယ်ရာ… ရုပ်ပျက်ဆင်းပျက် မဖြစ်သည့်တိုင် သူလုပ်ချင်ရာလုပ်နေတာပဲ…

အစကတော့ ...





နေသူနဲ့မျှား အဆင်ပြေပြီး နီးစပ်မလားမှတ်ပါတယ်။ မာန ချင်းပြိုင်ပြီး ကျွဲများလို ဆောင်နေကြတာ ယခုထက်ထိ။

"ချစ်ကြိုး"

"ရှင်"

"မမ ညီမလေးကို လေးလေးနက်နက် ပြောချင်တယ်"

"ပြောလေ"

"မိန်းကလေးဆိုတာ ဖက်တစ်ရွက်ပဲ ညီမလေး။ နစ်နာစရာ ရှိတော့ ကိုယ်ပဲနစ်နာတာ။ ညီမလေး ဆင်ခြင်ပါတော့ကွယ်။ မမ စိတ်ချမ်းသာပါရစေ"

"ဟုတ်ကဲ့ ... ချစ်ကြိုး ဆင်ခြင်ပါ့မယ်"

ပြောပြီး ချစ်ကြိုး ထလာခဲ့တော့၏။ တကယ်ပဲ မမ မပြော ခင်ကတည်းက ချစ်ကြိုးဆင်ခြင်ဖို့ စဉ်းစားထားတာပါ။ တစ်ယောက် ကိုတစ်ယောက် ရွဲ့ရင်း စောင်းရင်းနဲ့ ဒီလိုဖြစ်ခဲ့ကြတာ။ နောက်ဆုံး တော့ ကိုယ့်ဂုဏ်သိက္ခာပဲ အထိနိုက်ခံရတာ။ ရည်းစားထားမှ သူ့ကို နာကျင်အောင် လုပ်နိုင်တာမှမဟုတ်တာ။

တကယ်ဆို ...

ကိုယ့်မာနနဲ့ကိုယ် ဓားသွေးကျောက်ပမာ အသုံးချလို့ရသေး ပဲ။

"မမ"



www.burmeseclassic.com

www.burmeseclassic.com



ပိုင်ပိုင်တောင် ရောက်နေပါရောလား။ သူ့အစ်ကိုက သူနဲ့ လိုက်မသွားနိုင်တဲ့။ သူနဲ့မလိုက်သလို ဘယ်သူနဲ့မှလိုက်မှာမဟုတ်တဲ့ ချစ်ကြိုး။

"မင်း ... ဘာလာလုပ်တာလဲ"

"မမကို လိုက်ပို့မလို့လေ"

"မလိုဘူး"

"မမ"

"မင်း ငါနဲ့ ဝေးဝေးနေစမ်း ပိုင်ပိုင်"

"မမ"

ချစ်ကြိုး သူမကားလေးဆီကိုသွားပြီး ကားတံခါးကိုဖွင့်လိုက်စဉ် ပိုင်ပိုင်လိုက်လာပြီး သူမလက်ကို ဆုပ်ကိုင်လေသဖြင့် ...

"ဒါ ... ဘာလုပ်တာလဲ"

"မမ ကျွန်တော်နဲ့ပဲ လိုက်ခဲ့ရမယ်"

"မင်း ငါ့လက်ကို လွှတ်စမ်း"

"မလွှတ်ဘူးဗျာ"

"လွှတ်လို့ ငါ ပြောနေတယ်နော်"

"မလွှတ်ဘူး"

"ဒီလောက်မလွှတ်ချင်တာ ... ကဲ"

"ဖြန်း"





ပိုင်ပိုင် ပါးပြင်ကို လက်နှင့်ပတ်ဖိုပင် သတိမရ။ မျက်နှာကို ဖြန်လှည့်လိုက်ချိန်မှာ မမက ကားပေါ်ရောက်သွားပြီး မောင်းထွက်လေချင် ...

"မမ မမ"

❋ ❋ ❋



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၆)

လွမ်းတာရှိရင် နာတာနဲ့ဖြေတဲ့။

ချစ်ကြိုး ဖြေတတ်လို့ပဲ ဖြေခဲ့တာလေ။ နေသူ့ကို နာကြည်းတာနဲ့ ပိုင်ပိုင့်ကို ပါးရိုက်ခဲ့မိတာ စိတ်တော့မကောင်းပါဘူး။ လက်သည်းဆိတ်တော့ လက်ထိပ်နာမှာပဲပေါ့။ သူ့ညီကို ချစ်ကြိုးက မြ[illegible] ဆွယ်ဖြားယောင်းနေတယ်လို့ ထင်နေသလားမှ မသိတာ။

သူကပဲ ချစ်ကြိုးကို လိုက်ပို့ဦးမတဲ့။

ဒါ သူ့ညီနဲ့ ချစ်ကြိုး အတူသွား အတူလာတာကို မကြိုက်ဘူးလို့ သွယ်ဝိုက်နည်းနဲ့ ပြောလိုက်တာပဲပေါ့။ နင် စိတ်ချ နေသူ၊ ငါ့ရင်ထဲမှာရှိတဲ့ ချစ်ခြင်းတရားကို နင်တို့ညီအစ်ကို ဘယ်တော့မှ မရစေရဘူး။





"မမ"

"………"

"မမ"

"အင် … ဟင်"

"ရှေ့က မေးနေတယ်လေ"

"ဟင် … ဘာမေးလိုက်တာလဲ"

"ဒီနေ့ ဘယ်ဈေးလဲလို့မေးတာ ညီမရဲ့"

ဒီတော့မှရယ်ပြီး ရွှေဈေးကိုပြောလိုက်မိသည့်အဖြစ်။ နင် အဲဒီလောက်အထိ ငါ့ကို ဒုက္ခပေးတာပါလား နေသူ။

"အစ်မ … ဘာယူမလဲ ကြည့်လေ"

"လက်စွပ်တစ်ကွင်းလောက် လိုချင်လို့ပါ။ ဟိုမောင်းကွင်းလေး ပြပါနော်"

"ဟုတ်ကဲ့"

စိတ်တွေကိုပြန်လည်စုစည်းပြီး လက်စွပ်မောင်းကွင်းလေးကို ပြလိုက်၏။ စိတ်နဲ့ကိုယ်မကပ်သည်အထိ နင် ငါ့ကို ဒုက္ခပေးပါလား နေသူ။ မိဘရဲ့ဆိုးမွေ ကောင်းမွေကို သားသမီးက ဆက်ခံရတယ်တဲ့။

ခုတော့ …

သူ့ညီက သူ့ရဲ့ ဆိုးမွေ,ကောင်းမွေကို ဆက်ခံလိုက်ရပြီ။ ပိုင်ပိုင့်ကို သနားပေမယ့် အနားနေခွင့်မပေးနိုင်တဲ့အကြောင်းတွေက



www.burmeseclassic.com

www.burmeseclassic.com



ရှိသည်လေ။ ကိုယ့်ကို အမြင်စောင်းချင်သလောက် စောင်းခွင့်မပေးနိုင်ပါဘူး။ အထင်သေးတယ်ဆိုရင်လည်း ဝေးဝေးနေကြပေါ့။ ခုတော့ အရက်များလို ခါးမှန်းသိသိနဲ့ မျိုချချင်နေတာလည်း သူတို့ပါပဲ။

"မမ"

"ဟင်"

မော့ကြည့်လိုက်တော့ သျှံ။

"သျှံ"

"ဘယ်ကလှည့်လာလဲလို့ မမေးနဲ့၊ မမကိုသတိရလို့ တမင်လာခဲ့တာ"

ပြုံးနေတဲ့မျက်နှာကိုကြည့်ပြီး မလာပါနဲ့ပြန်တော့လို့ ပြောရမလား။ အခုချိန်မှာ ချစ်ကြီး ဘယ်ယောက်ျားနဲ့မှ မပတ်သက်ချင်တော့ပေ။ အယုတ်အလတ် အမြတ်မရွေးပဲပေါ့။

"မမ မင်းကို ညှော်ခံပြီး စကားပြောမနေနိုင်ဘူး သျှံ"

"ရပါတယ်၊ မမ လုပ်စရာရှိတာကို လုပ်ပါ။ ကျွန်တော် မမမျက်နှာကို ထိုင်ကြည့်နေရရင် ကျေနပ်တယ်"

"သျှံ"

"ဗျာ"

"ကာစတန်မာတွေရှေ့မှာ မင်း မမကို မလေးမခန့်လုပ်တာလား"





"ဟာ ... အဲဒီလို ကျွန်တော် မရည်ရွယ်ပါဘူး မမရယ်"

"မရည်ရွယ်ပေမယ့် ထင်စရာဖြစ်နေတာ"

"မမ,မကြိုက်ရင် ကျွန်တော် မပြောတော့ပါဘူး"

"မပြောရုံနဲ့တော့ မပြီးဘူး သျှံ"

"ဗျာ"

ပြောမှသိ ထိမှနာတတ်မယ့် ကောင်လေးမို့ ပြောမှထိမှ ဖြစ်တော့မည်။ ချစ်ကြီးမျှင်ဆိုတဲ့ မိန်းမက ကိုယ့်သားလောက်ကလေးတွေတောင် ချမ်းသာမပေးဘူးဆိုတဲ့ စကားမျိုး အပြောမခံနိုင်တော့ဘူးလေ။ အဲဒီတော့ သူမပြတ်သားမှ။

"မင်းမှာ ကားပါတယ် မဟုတ်လား"

"ပါ,ပါတယ်"

"မင်းကို မမပြောစရာရှိတယ်"

"ပြောလေ"

"ဆိုင်သွားကြတာပေါ့"

"မမသဘောပါပဲ"

ချစ်ကြီး ကောင်မလေးတွေကို မှာစရာရှိတာမှာခဲ့ပြီး သျှံနှင့်အတူထွက်လာခဲ့တော့၏။ ရှယ်တူရွယ်ပလက်ချင်းချိတ်တော့ ပြဿနာမရှိပေမယ့် ကိုယ်က မြက်နုကြိုက်တယ်လို့ နွားအိုနဲ့အနှိုင်းမခံနိုင်ဘူးလေ။ မလိမ္မာခဲ့သည့်တိုင် မာနကိုတော့ အထိခိုက်မခံနိုင်။ သူမ



www.burmeseclassic.com

www.burmeseclassic.com



ရည်းစားများခဲ့တယ်ဆိုတာ ဆင်းရဲလို့ ငွေနောက်လိုက်နေတာ
မဟုတ်ဘဲ။

နေသူ့ကို ရှဲ့ရင်း . . .

အခြေအနေနဲ့ အချိန်အခါက ဒီလိုဖြစ်ခွင့်ပေးလိုက်တာ လေ့မျှောလေ့နဲ့လိုက် ငွေမျှော ငွေနဲ့လိုက်တဲ့။ ချစ်ကြိုးက အချစ်မျှော အချစ်များစွာနဲ့ လိုက်ခဲ့တာထဲမှာ ဒီလိုချာတိတ်ကလေးတွေကို အသုံး မချချင်။

"မမ"

သျှံ ခေါ်လိုက်တော့ ချစ်ကြိုးက မျက်ဝန်းကို ဖွေကြည့်သည်။

"ကျွန်တော့်ကို ပြောစရာရှိတယ်ဆို"

"ပြောမှာပါ"

"ဒါဆို ပြောလေ"

"မင်း မမနဲ့ နောက်ထပ်မပတ်သက်ဖို့ ပြောချင်တာပါ"

"ဟာ . . . မမ"

"မင်း မမကို ဘယ်လိုသဘောထားပြီး ရင်းနှီးပတ်သက် တာလဲဆိုတာ မမသိချင်တယ်။ ပွင့်ပွင့်လင်းလင်း ပြောပြနိုင်မလား"

ချစ်ကြိုးက ဝါရင့်မို့ ပြောရဲ ဆိုရဲရှိပေမယ့် သျှံက မျက်နှာ မျက်နှာလွှဲသွားသည်။ မဖြစ်နိုင်ခြင်းအကြောင်းတရားတွေကို ယော ပြီး သူငယ်ချင်းတွေတားပေမယ့် တားဆီးမှုတွေကို တွန်းလှန်ပြီး သျှံ





မမကိုယ်သင်းရနံ့လေးကို ရှူရှိုက်နေရရင်ပဲ ကျေနပ်သည်။

"သျှံ"

"ဗျာ"

"မမမေးတာ ဖြေလေ"

"ကျွန်တော်"

တကယ်တမ်း ရင်ဖွင့်ရတော့မယ်ဆိုတော့ ရင်ထဲမှာ အတွင်း သုံးဆယ့်ခုနစ်မျိုး အပြင်သုံးဆယ့်ခုနစ်မင်းထဲက ဘယ်မင်း ဝင်ရောက် ပူးကပ်နေမှန်းမသိ။

"ဆက်ပြောလေ"

"ကျွန်တော် မမကို"

သျှံ စကားမဆက်ရဲပဲရှိနေစဉ် . . .

"ချစ်တယ်လို့ ပြောမှာလား"

"ဟင်"

"မမပြောတာမှန်လား သျှံ"

"ဟုတ်"

"မင်း မမအကြောင်းကို ဘယ်လောက်သိလို့လဲ"

". . . . . . . . . . . . ."

"မမက ရည်းစားများခဲ့တယ်"

"အဲဒါတော့ ကျွန်တော်သိပါတယ် မမ"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီတော့ မင်းကို မမ ဝိုးဖလံမဖြစ်စေချင်ဘူး။ ဒါ ...
မင်းကို မမရဲ့မောင်လေးတစ်ယောက်လို သဘောထားပြီး ပြော[...]
စေတနာစကားပါ"

"မမ"

"ပြော"

"မမက ကျွန်တော့်ကို"

"ဘယ်လိုမှ မဖြစ်နိုင်ဘူး သျှံ"

"မှာ"

ချစ်ကြိုး သျှံမျက်နှာကို စေ့စေ့ကြည့်လိုက်၏။ ကိုယ့်ရှေ့မှာ
သနားစရာသတ္တဝါလေးတစ်ကောင်လို ခေါင်းငုံ့နေတဲ့ နုလုံးသားပိုင်ရှင်
ကို အငိုလည်းမစရက် ရယ်စရာဟာသရုပ်လည်း လုပ်မပြနိုင်။

"မမက ရည်းစားများတယ်ဆိုကတည်းက အချစ်ကို ကစား
နေတဲ့သူဆိုတာ မင်း သိဖို့ကောင်းပါတယ်။ မင်း ကိုယ့်ကိုယ်ကိုယ်
မနိုဝ်စက်ချင်ပါနဲ့"

ဘာစကားတစ်ခွန်းမှ မပြောနိုင်အောင် သျှံရင်ထဲမှာ ရှု
နင့်သည်းသွား၏။ သူဟာ တကယ်ပဲ ဝိုးဖလံတစ်ကောင်ပါ။

"ကဲ ... ပြောချင်တာတွေ ပြောပြီးပြီဆိုတော့ မမ သွားတော့
မယ်"

"ကျွန်တော် လိုက်ပို့"





"ရတယ် သျှံ"

အားပေးနှစ်သိမ့်သောအပြုံးဖြင့် ...

"ကျွန်ခဲ့ပါ၊ မင်း အေးအေးဆေးဆေးနေပြီး ဦးနှောက်ကို
ဆေးကြော၊ နုလုံးသားကို အိပ်ငွေ့ချလိုက် ဟုတ်ပြီလား"

ပြန်ငဲ့ကြည့်စရာမလိုတော့ပြီမို့ ချစ်ကြိုး ခြေလှမ်းသွက်သွက်
နှင့် ထွက်လာခဲ့တော့သည်။ သူနဲ့ကိုယ်ကြားမှာ ငဲ့ညှာထောက်ထားစရာ
ဆိုတာ ဘာမှမရှိ၊ အမှတ်တမဲ့ဆုံပြီး အမှတ်တမဲ့ ခင်မင်ရင်းနှီးကြတာ
အမှတ်တမဲ့ပဲ ထားခဲ့ရမှာပေါ့။

မဟုတ်ရင် ...

ကိုယ့်ဘက်မှာ ထိခိုက်သွားနိုင်တာတွေရှိသလို သူ့ဘက်မှာ
လည်း နှစ်နာဆုံးရှုံးမှုတွေ ရှိလာနိုင်သည်။ အဖျားကိုင်းလာတဲ့ခဏမှာ
ခေါင်းနဲ့တိုက်မိတဲ့ သစ်သီးကို ခူးဆွတ်ရလို့ ရမလား၊ မျှော်လင့်စောင့်စား
ရတဲ့ အဖြစ်မျိုး မင်းကို မရောက်စေချင်လို့ပါသျှံ။ မမရဲ့စေတနာကို
မင်း တစ်နေ့ နားလည်လာမှာပါ။

"ချစ်ကြိုး"

"အမေ့"

လန့်ဖျပ်ပြီး ခြေလှမ်းတွေနောက်ဆုတ်မိသွားလေလျှင် ...

"ဘာဖြစ်တာလဲ၊ ငါက နင့်အတွက် ကြောက်စရာသတ္တဝါ
တစ်ကောင် ဖြစ်နေပြီလား"



www.burmeseclassic.com

www.burmeseclassic.com



"နေသူ"

"ဟုတ်တယ်၊ နင့်ဆိုင်ကို ငါရောက်ခဲ့ပြီးပြီ၊ သျှံဆိုတဲ့ကောင်လေးနဲ့ လိုက်သွားတယ်ဆိုလို့ ငါလိုက်ရှာနေတာ"

"ငါနဲ့ တွေ့ချင်လို့လား"

"ဟုတ်တယ်"

"ဘာကိစ္စရှိလို့လဲ"

"နင့်ကို ငါ ပြောစရာရှိတယ် ချစ်ကြိုး"

"အင်း . . . ပြောစရာရှိရင်ပြော"

"ဒီမှာက မကောင်းဘူးလေ။ တစ်နေရာရာ ဆိုင်တစ်ဆိုင်ဆိုင်မှာ တစ်ခုခုစားရင်း ပြောကြတာပေါ့"

"ငါ ခုမှ စားသောက်ပြီး ထလာတာ ဗိုက်ပြည့်နေပြီ"

နေသူ တွေခနဲဖြစ်သွား၏။ ဒါ မလိုက်ချင်လို့ ဆင်ခြေရှာင် လုပ်နေတာ။ လိုက်ချင်ရင် စားပြီးလို့ ဗိုက်ပြည့်လည်း သူ့အနားမှာ ထိုင်ပေးနေလို့ ရသားပဲလေ။

"ဒါဆို ကားပေါ်တက်"

"ဘယ်သွားမလို့လဲ"

"တစ်နေရာရာပေါ့"

"ငါ အချိန်မရဘူး နေသူ"

"ဘာ"





စိတ်က တင်းခနဲဖြစ်သွား၏။

"ဟိုကောင်လေးနဲ့ လိုက်သွားဖို့ကျတော့ အချိန်ရတယ်ပေါ့ ဟုတ်လား"

"နင်နဲ့သူ တူမှမတူတာ"

"ချစ်ကြိုး"

"နင် ငါ့ကို မအော်နဲ့"

"ကျွတ်"

ဘယ်သူ့ရင်မှာ ဘာတွေရှိသလဲ၊ ကာယကံရှင်တွေကမှ မသိရင် ဘယ်သူက သိနိုင်ပါမလဲ။ ဒါကို အထက်လှန်အောက်လှော်ဆိုပြီး ဆေးတိုက်လို့လည်းမရ။ ပွင့်လင်းဖို့ ဝန်လေးနေကြတဲ့ မာနတွေက လူ့ကိုဖိပြီး သူတို့က Dancer အက ကနေသလားမသိ။

နှစ်ယောက်စလုံး . . .

မျက်နှာတွေ ခပ်တင်းတင်းရှိနေကြပြီး ဘယ်သူက အရင်ရှုံးမလဲ စောင့်ကြည့်နေတာမျိုးပါ။ နောက်ဆုံးတော့ နေသူသာ အရာတစ်ခု၏ ဆွဲချခြင်းကို ခံလိုက်ရပြီး ကျရှုံးခန်းကို စတင်ခြေချကာ . .

"ဒါဆို . . . ငါ ဒီမှာပဲ ပြောတော့မယ်"

"ပြော"

"ပြောတာထက် မေးချင်တာ"

ဖျတ်ခနဲ မော့ကြည့်တဲ့မျက်ဝန်းအစုံမှာယက မေးဆိုတာမျိုးဆို



www.burmeseclassic.com

www.burmeseclassic.com



"နင် ဗိုင်ဗိုင့်ကို ဘာပြောလိုက်လဲ"

"သူက ဘာပြောလို့လဲ"

"သူမပြောလို့ နင့်ကိုမေးတာ"

"အခု သူဘာဖြစ်နေလို့လဲ"

"သူ တစ်ခုခုဖြစ်နေတယ်ထင်တယ်"

"ငါနဲ့ ပတ်သက်တယ်လို့ နင်က ထင်နေတယ်ပေါ့"

"သူ ငါ့ကိုရှောင်နေတာက ပိုဆိုးတာ"

ဩော် ... သူ့ညီကိစ္စကြောင့် ချစ်ကြိုးကို လာရှာတာကိုး။

"နင် သိချင်ရင် ငါပြောပြမယ်"

သူ မေးဆတ်လိုက်တော့ ...

"သူ့ကို ငါ ပါးရိုက်လွှတ်လိုက်တာ"

"ဟင်"

နေသူ ဆတ်ခနဲဖြစ်သွား၏။ ကိုယ့်ညီကိုမှ လုပ်ရက်လေခြင်း ဆိုတဲ့စိတ်ဖြစ်သွားပြီးမှ ဒီလိုဖြစ်တာလည်း ကောင်းတာပဲလို့ တွေး ပြန်သည်။

ဒါမှ ...

ညီ ချစ်ကြိုးအချစ်ကို မမျှော်လင့်တော့မှာ။ ကိုယ် ချစ်ကြိုး ကိုလာခဲ့တာ အခြားအကြောင်း ရှိသေးသည်။ အေးအေးဆေးဆေး စကားပြောချင်လို့ လာခဲ့တာပေမယ့် ချစ်ကြိုးကမှ မအေးဆေးလေ





"ချစ်ကြိုး"

"ဟင်"

"ငါပြောချင်တဲ့အဓိကအကြောင်းကျန်သေးတယ်"

"ဘာလဲ"

နေသူ ချစ်ကြိုးမျက်နှာကို တွေတွေငေးငေး ကြည့်နေမိ၏။ ပြီးမှ ...

"တို့တွေ အရင်လိုပြန်နေကြရအောင်"

"ဘာ"

"ငါ မှားတာအတွက် ငါ တောင်းပန်ပါတယ်"

"နင်က ဘယ်အမှားအတွက် တောင်းပန်တာလဲ"

"ဟိုတုန်းကကိစ္စတွေအတွက်"

"သေလိုက် ... နင် အဲဒီမှာ လဲသေလိုက်"

ပြောပြီး ချစ်ကြိုး လှည့်ထွက်သွားလေတော့သည်။ ချစ်ကြိုးရဲ့ ဒဏ်ကို ဘယ်လိုအရာနဲ့ ချိုးဖျက်ရမလဲ။ ငါ ရအောင် ချိုးဖျက်ဖို့ ဆုံးဖြတ်လိုက်ပြီ ချစ်ကြိုး။

❋ ❋ ❋



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၇)

"ညောင်"

"ဟင်"

"ညောင်"

သူ့ကို ပွတ်သီးပွတ်သပ်လာလုပ်သည့်ကြောင်လေးကို နေသူ ပွေ့ချီလိုက်သည်။ ဒီကြောင်က သူ တစ်ခါတုန်းက ဆေးခိုးပြီး ရှပ်ဖျက်ပေးလိုက်တဲ့ကြောင်လေးမဟုတ်။ ဒါ ပိုင်ပိုင်ပေးတဲ့ကြောင်လေး ပဲ နေမှာပေါ့။ တကယ်တော့ ချစ်ကြိုးနဲ့ ရန်ဖြစ်ချင်လို့သာ မချစ်ဟန် ဆောင်ခဲ့ပေမယ့် နေသူလည်း ကြောင်ချစ်တတ်ပါသည်။

"ညောင်"

"ဟင် ... ဘာလဲ ဗိုက်ဆာလို့လား"



"ညောင်"

"ငါ ... ငါးကြော်ကျွေးမယ် လိုက်ခဲ့"

နေသူ ကြောင်ကိုပွေ့ပိုက်ပြီး အပြင်ထွက်လာခဲ့စဉ် ...

"ကိုကြီး"

"ဟေ"

"ညောင်"

"ဟင်"

ပိုင်ပိုင် ကြောင်အော်သံကြားလို့ အကြည့်ပြုံးစိစိ ဖြစ်သွားသည်။

"ကိုကြီး ကြောင်ချစ်တတ်သွားပြီလား"

နေသူ ဘာမှ ပြန်မဖြေဘဲ နေလိုက်တော့ ...

"ဝမ်းသာပါတယ်"

"မင်းက ဘာကို ဝမ်းသာတာလဲ"

"ဒီကြောင်က မမကို ကျွန်တော် ပေးထားတာလေ"

"သိသားပဲ"

ပြောပြီး ရှေ့ဆက်လျှောက်လေလျှင် ...

"ကိုကြီး"

"ဘာလဲကွ"

"အဲဒီကြောင်ကို လွှတ်ပေးလိုက်စမ်းပါ။ ဒီမှာ ပြောစရာရှိလို့"

www.burmeseclassic.com

www.burmeseclassic.com



“ကြောင်နဲ့ ဘာဆိုင်လို့လဲ ပြောပါလား”

အရင်ရက်ကတော့ တွေ့လိုက်ရင် မျောက်အိုမလေး ပါးရိုက်ခံထားရတဲ့ရုပ်နဲ့။ ခုကျတော့ ဒီလိုမဟုတ်ပြန်။ အဲဒါကြောင့် ခက်တာပေါ့။ ဒီအရွယ်တွေက အလှတရားကို စိတ်ကစားပြီး ကွယ်ရင် ပျောက်တတ်ကြတာတွေ။ မြင်တုန်းခဏ လှတာကိုမက်ကြတာ။ ဒီတစ်ယောက်မရရင် နောက်တစ်ယောက် မျက်စပစ်ထားချင်ထားမှာ။

ကိုယ်ကျတော့ . . .

အစွဲအလမ်းကြီးလွန်းလို့ ခက်နေတာလေ။ အချစ်ကို ဟိုရှန်ဒီကူးလုပ်လို့ သူ့ကိုချစ်တဲ့အချစ်နဲ့ ညီမျှတဲ့အချစ်တစ်ခုကို ရှာတွေ့မယ်လို့ ထင်ခဲ့တာ။ လက်တွေ့ကျတော့ ရည်းစားများခဲ့တာပဲ အဖတ်တင်ခဲ့သည်လေ။

“ကျွန်တော် မိန်းမမိုးမလို့”

“ဘာကွ”

“အဲဒါ ကျွန်တော့်ကို ဗိုက်ဆံတစ်သိန်းလောက်”

“မပေးဘူးကွာ”

“ကိုကြီး”

“နေစမ်းပါဦး . . . မင်းက ဘယ်မိန်းကလေးနဲ့ ချစ်သူဖြစ်ပြီး ခိုးပြေးဖို့ စဉ်းစားနေတာလဲ”

“ကျွန်တော်ချစ်တဲ့သူပေါ့”





“မင်းချစ်တာက ဟုတ်တယ်လေ၊ ဘယ်သူဘယ်ဝါလဲလို့ မေးနေတာ”

“မမ”

“ဘာ”

အထိတ်တလန့်ပုံစံနှင့် သူကြည့်လိုက်တော့ ပိုင်ပိုင်က ရယ်နေသည်။ ဒီကောင် သူ့ကို စနေတာလား။

“မင်း ဒီနောက်စရာ မဟုတ်ဘူးနော်”

“ဘယ်သူက နောက်လို့လဲ။ ကျွန်တော် အစီအစဉ် အတိအကျချွဲပြီးမှ ကိုကြီးကို ပြောတာ”

တကယ်ကြီးလား။ ဒီကောင် သူလုပ်ချင်ရာ ဖွတ်လုပ်လို့သူ လက်ပိုက်ကြည့်နေရင် မြွေပါလည်းဆုံးသားလည်းဆုံးဖြစ်မှာပါ။ အဖေနဲ့မေမေက ချစ်ကြိုးကို သူနဲ့သာ သဘောတူတာဖြစ်ပြီး ပိုင်ပိုင်နဲ့ကျတော့ လုံးဝသဘောမတူ။ ဒါကို ဖွတ်တိုးလို့ ဘယ်လိုလုပ်ပြီးဖြစ်နိုင်မှာလဲ။

“မင်း . . . မင်းကို ချစ်ကြိုးက ချစ်တယ်တဲ့လား”

“ဘယ်ချစ်မှာလဲ”

“ဒါနဲ့များကွာ”

“မချစ်တာ ဘာဖြစ်လဲ။ နောက်တော့ ချစ်သွားမှာပေါ့”

“ဒါဆို မင်းက”



www.burmeseclassic.com

www.burmeseclassic.com



"ကားတင်ပြေးမှာလေ"

"ဟာ . . . ဟော့ကောင်"

"ဖွးစာဆိုတာ ဦးရာလူရတာ ကိုကြီးရဲ့"

"မင်း အဲဒီလိုမလုပ်နဲ့လေ"

"ညားပြီးမှပဲ ဆက်ပြောတော့"

ပြောပြီး သူကိုဖက်နမ်းကာ နောက်လှည့်ထွက်သွားလေတော့ . .

"ပိုင်ပိုင် . . . ပိုင်ပိုင်"

❋ ❋ ❋



## အခန်း (၂၈)

မိန်းမနိုးမယ်လို့ ပြောပြီးတဲ့နေ့ကတည်းက နေသူ ပိုင်ပိုင့်ကို အလွတ်မပေးရဲပေ။ ချစ်ကြိုးကို ဖွင့်ပြောဖို့လည်း မဖြစ်။ မဖြစ်ဆို ကိုယ်ပြောလို့ အကောင်းထင်မှာမှ မဟုတ်တာ။ ဒါကြောင့် ပိုင်ပိုင် ဆောင်းတဲ့ငွေတစ်သိန်းကိုလည်း သူထုတ်မပေး။ ပေးစရာလား ကိုယ့်နှလုံးသားကို ထုတ်ယူမယ့်ကိစ္စပဲဥစ္စာ။

အင်း . . .

သူ ဒီလိုတွေးလို့ အတွေးဆန်ရာကျနေပြီလား။ ဘာဖြစ်လဲ၊ ကိုယ်က ကိုယ့်ညီဆိုပြီး အရှုံးပေးလိုက်လို့ ဖေဖေနဲ့မေမေက သဘောကျတာမှ မဟုတ်တာ။ ပြီးတော့ ဘယ်နေရာမှ အဆင်ပြေစရာ အကြောင်းမှ မရှိတာ။ ဒီတော့ သူ ဘာလုပ်ရမလဲ။



www.burmeseclassic.com

www.burmeseclassic.com



"ကိုကြီး"

"အမေ့"

အခန်းထဲမှာ ပိုင်ပိုင် ဘာလုပ်နေသလဲလို့ လာချောင်းကြည့်တာ။ နောက်ကခေါ်လိုက်တော့ လန့်သွားသည်။

"ဘာတွေချောင်းကြည့်နေတာလဲ"

"ဘာချောင်းလို့လဲ ဘာမှမချောင်းဘူး"

"ကိုကြီး ခြောင်မလိမ်နဲ့နော်"

"ဘာ"

"လက်ပူးလက်ကြပ်မိနေတာကို ငြင်းချင်သေးတယ်"

"ကဲ ... ချောင်းတယ်ကွာ။ မင်း ဘာလုပ်နေလဲလို့ လာချောင်းတာ ရှင်းပြီလား"

"အဲဒီလို ဝန်ခံမှပေါ့"

"ဒါနဲ့ မင်း မိန်းမခိုးမလို့ဆို"

"ဖြည်းဖြည်းပေါ့ ကိုကြီးရဲ့။ ကိုယ်က ကလိမ်ကကျစ်ကျ ဦးမယ်ဆိုတော့ အချိန်ယူရဦးမှာပေါ့။ ဝင်ဝင်လာတာနဲ့ သုတ်သွားရင် သာမှတ် ... ဟဲ ဟဲ"

ဒီကောင် သူ့အကြံကို ဖျက်မှာစိုးလို့ အေးစက်စက်ပုံစံ လုပ်ပြနေတာပဲဖြစ်မှာ။ မဖြစ်သေးပါဘူး ဒီကောင်ကြံလို့မရအောင် ကိုယ်က လက်ဦးထားမှ။





"ကိုကြီး ကျွန်တော်တောင်းတဲ့ပိုက်ဆံကို မပေးလည်း ကိစ္စမရှိပါဘူး။ ဒါတွေ ... ဒါတွေ ရှိနေတာပဲဥစ္စာ။ ရွှေရှိရင် ငွေရှိတာပဲ ဟုတ်ဘူးလား"

"ဟင်"

ပိုင်ပိုင် ခွဲကြိုးနဲ့ဟန်းချိန်းကိုကိုင်ပြတော့ နေသူ့ခမျာ ဖီးကွက် ပမာနယ်။ ဒီကောင်က ပြောရင်ပြောတဲ့အတိုင်း တကယ်လုပ်မယ့်ကောင်။ သူ့ရဲ့လုပ်သင့်လုပ်ထိုက်တာကိုလုပ်မှ ဖြစ်တော့မယ်ဟု လှည့်ထွက်လာခဲ့တော့သည်။

ကားသော့ကိုယူပြီး သူ ဦးတည်ခဲ့တာ ချစ်ကြိုးဆီကို။ မဟုတ်တမ်းဝါးတွေ လုပ်ရတော့မည့်အဖြစ်ကို ရှက်သလိုရှိပေမယ့် မတတ်နိုင်ဘူးလေ။ ဖြစ်သင့်တာရော ဖြစ်ချင်တာရောက ဒီအတိုင်းပဲဆိုတော့ ..

"ချစ်ကြိုး"

"..........."

"ချစ်ကြိုးရေ"

"..............."

"ချစ်ကြိုး"

"ဟဲ့ ... အော်ကြီးဟစ်ကျယ်နဲ့ ဘယ်သူလဲ"

"ကျွန်တော်ပါ မမနှင်း"

"ဩော် ... နေသူ"



www.burmeseclassic.com

www.burmeseclassic.com



"ချစ်ကြိုးရော မမနှင်း"

"ရှိတယ်လေ၊ ရေးကြီးသုတ်ပြာနဲ့ ဘယ်လိုဖြစ်လာတာလဲ"

"နောက်မှပြောပြမယ် မမနှင်းရေ။ အခု ချစ်ကြိုး ဘယ်မှာလဲ ပဲ ပြောပါ"

"ဟိုမှာ လာပြီ"

"ချစ်ကြိုး"

အပေါ်ထပ်ကနေ ချစ်ကြိုးဆင်းလာတာကိုမြင်နေပါလျက် ကမ္ဘာကြီးခြားနေသလို အောက်ရောက်အောင် မစောင့်နိုင်ဘဲ နေသူ ပြေးတက်သွားတော့၏။

"ချစ်ကြိုး"

"ဘာလဲ"

"အရေးကြီးလို့ မြန်မြန်လာ"

"ဘာလဲ . . . ဘာအရေးကြီးတာလဲ ဖယ်စမ်းပါ"

လက်ကိုဆွဲခေါ်သဖြင့် ချစ်ကြိုးက ရုန်းလေသည်။

"မေးမနေနဲ့ မြန်မြန်လာပါဆို"

"နေသူ နင် ဘာဖြစ်လာတာလဲ။ ငါက ဘယ်ကိုလိုက်ရမှာ လဲ"

"ဟာ . . . လျှာရှည်လိုက်တာ၊ လိုက်မှာသာလိုက်ခဲ့"

လက်ဆွဲပြီး အတင်းခေါ်လို့သာ လိုက်လာရတယ် ဘာ





အရေးကြီးကိစ္စမှန်းလည်း မသိ။ မတည့်ခဲ့ကြတာ တစ်နှစ်, နှစ်နှစ် မဟုတ်လေတော့၊ ခုလို ရေးကြီးသုတ်ပျာနဲ့ လာခေါ်တာသည် တကယ် အရေးကြီးကိစ္စ ရှိလို့ပဲထင်ပြီး လိုက်လာခဲ့တဲ့ချစ်ကြိုး။ ကားတံခါး ဖိတ်လိုက်သည့်လက်က သူမဘာဝကို သိမ်းပိုက်တော့မည်ဆိုတာကို မသိရှာပေ။

"နေသူ"

နေသူ့ လှည့်ကြည့်လေတော့ . . .

"နင် ဘယ်ကိုမောင်းနေတာလဲ"

"ရောက်တော့ သိမှာပေါ့"

"နေစမ်းပါဦး . . . အရေးကြီးလို့ဆိုတော့ အဲဒီအရေးကြီးတဲ့ ကိစ္စ ငါ့ကို ပြောပြဦးလေ"

ချစ်ကြိုးပုံစံက စိတ်လှုပ်ရှားနေသည့်ပုံ။ သူ စိတ်လှုပ်ရှား သလို ကိုယ်လည်း စိတ်လှုပ်ရှားနေတာပါပဲ။

"ဟဲ့ . . . မေးနေတာ ဖြေလေ"

လက်မောင်းကို ရိုက်ပြီးမေးလေတော့ . . .

"ရောက်ရင် နင် အားလုံးသိရမယ်၊ ငါ့ကို နောက်ထပ် ဘာမှမမေးနဲ့"

"ကျွတ်"

"ရောက်တော့မှာပါ"



www.burmeseclassic.com

www.burmeseclassic.com



ထပ်မေးရင် ရန်ဖြစ်ရမှာမို့ ချစ်ကြိုး ထပ်မမေးတော့ပေ။ သူနဲ့ အတိုက်အခံတွေလုပ်ပြီး ရန်မဖြစ်ချင်တော့သလို ပတ်သည်း မပတ်သက်ချင်။ ပတ်သက်ဖူးတဲ့အချိန်ကအကြောင်းတွေကို မေ့နိုင်အောင်လည်း ကြိုးစားခဲ့ပြီးပြီ။ ငယ်ကအချစ် အနှစ်တစ်ရာဆိုပေမယ့် တစ်နှစ်တာကူးပြောင်းသွားတိုင်း စိတ်တို့သည် ရွက်ဟောင်းကြွေလိုက် ရွက်သစ်ဝေလိုက်။

ကြာတော့ . . .

နလုံးသားအပင်အိုကြီးလို သီးအားပွင့်အားတွေ အားယုတ်ပြီး ခြောက်သွေ့ကျိုးပဲ့ကုန်ပါပြီ။

ခြံတစ်ခြံထဲကို ကားကကွေ့ဝင်ပြီး လှပခန့်ညားတဲ့ တိုက်ရှေ့မှာ ရပ်သွားလေသည်။

"လာ ဆင်း"

ချစ်ကြိုး တိုက်ကိုကြည့်ပြီး . . .

"ဒါ . . . ဘယ်သူ့အိမ်လဲ"

"ငါ့အိမ်"

"ဟင်"

"လာပါ"

သူ လက်ဆွဲခေါ်လို့ လိုက်လာခဲ့ပြီး အိမ်တံခါးကို သော့ဖွင့်နေစဉ်မှာ ချစ်ကြိုးမျက်လုံးက အငြိမ်မနေ။ ခြံထဲမှာ ပန်းပင်တွေ





အများကြီးရှိနေတော့ မြင်လိုက်ရသူရင်ထဲမှာ စိတ်က ကြည်နူးသွားသလိုလို။ ဒီပန်းပင်တွေကို နေ့စဉ်ပြုစုဖို့ အလုပ်သမားထားသည်ထင်ပါရဲ့။

ချစ်ကြိုး အိမ်ထဲကို ဝင်လိုက်မိသည်နှင့် သူက တံခါးပြန်ပိတ်သည်။

ဒါလည်း ဘာရည်ရွယ်ချက်နဲ့ဆိုတာ ချစ်ကြိုးမသိ။ တိတ်ဆိတ်တဲ့အိမ်ကြီးထဲမှာ သူနဲ့ချစ်ကြိုး နှစ်ယောက်တည်းရယ်။

"ဒီအိမ်က ငါ မိန်းမရရင် လက်ဖွဲ့ဖို့ ဖေဖေဝယ်ပေးထားတာ"

"ဪ"

"ဒီကို ငါ တစ်ပတ်တစ်ခါ နှစ်ခါလာဖြစ်တော့ စားစရာသောက်စရာတွေ အကုန်ဝယ်ထည့်ထားတယ်။ နင် ဘာသောက်မလဲ အပူလား၊ အအေးလား"

"နေပါစေ၊ နင် ငါ့ကို ဘာကိစ္စနဲ့ ခေါ်လာတာလဲပဲပြော"

နေသူ လွန်နှီခနဲပြုံးလိုက်ပြီး . . .

"နင် ဒီအိမ်ကို ကြိုက်ရဲ့လား"

"နေသူ"

"ပြော"

"ငါမေးတာကိုပဲ နင်ဖြေစမ်းပါ"



www.burmeseclassic.com

www.burmeseclassic.com



"သိပ်သိချင်လား"

"သိချင်လို့ မေးနေတာပေါ့၊ နေသူ နင် ငါ့ကို စိတ်မရှည်အောင် မလုပ်နဲ့နော်"

"ပြီးရင် သိရမယ် ခဏလေး"

နေသူ ဖုန်းကိုထုတ်ယူပြီး နံပါတ်တွေကိုနှိပ်ပြီးနောက် ...

"ဖေဖေလား"

"............"

"သား မိန်းမခိုးထားတယ် ဖေဖေ"

"............"

"ဟုတ်တယ် ဖေဖေ၊ အဲဒါ ဖေဖေ့ကို အသိပေးတာပါ"

"........."

"သူ့ကို ဖေဖေ ရင်းရင်းနှီးနှီး သိပါတယ်"

"..............."

"ချစ်ကြိုး"

"ဟင်"

"ဟင်" ဆိုတာ သူမကို ခေါ်တယ်ထင်ပြီး ချစ်ကြိုးထူးလိုက်တာမဟုတ်။ အံ့သြလို့ ထွက်သွားတဲ့အသံလေး။

"နေသူ"

"ဒါပဲနော် ဖေဖေ"





"........."

"နေသူ"

"ဘာလဲ"

"နင် ဘာတွေပြောနေတာလဲ"

"နင့်ကို ငါ ခိုးလာတဲ့အကြောင်း ပြောပြနေတာလေ"

"ဘာ"

"ပြောစရာရှိတာ ပြီးမှပြော၊ ငါ မမနှင်းဆီ အကြောင်းကြားလိုက်ဦးမယ်"

"နေသူ"

ချစ်ကြိုး သူ့လက်ထဲက ဖုန်းကို လုပေမယ့်မရ။

"ပေးနော်"

"ဘာလို့ပေးရမှာလဲ"

"နင် အဓိပ္ပာယ်မရှိတာတွေ မလုပ်နဲ့ နေသူ"

"ငါ့အတွက်က အဓိပ္ပာယ်ရှိတယ်"

ဖုန်းကို လုမရတဲ့အဆုံး ချစ်ကြိုး သူ့လက်ထဲက အိမ်တံခါးသော့ကို လုယူလိုက်သည်။ သူလုပ်ချင်တာ လုပ်လို့ရမလား။ ချစ်ကြိုးက အရုပ်ကလေးမှ မဟုတ်တာ။

"ချစ်ကြိုး"

"ဖယ်စမ်း"



www.burmeseclassic.com

www.burmeseclassic.com



"နင် ဘာဖြစ်နေတာလဲ။ ငါ နင့်ကို အဆုံးရှုံးမခံနိုင်ဘူး။ သူများလက်ထဲ အပေါ်မခံနိုင်လို့ ခိုးလာတာ။ နင် မပြန်ရဘူး"

"လှုယုတ်မာ"

"ဖြန်း"

ပါးတစ်ဖက် ထူပူသွားပေမယ့် နေသူ ဂရုမစိုက်နိုင်။ ချစ်ကြီး ကိုယ့်လက်ထဲရောက်လာပြီးမှ ပြန်ထွက်သွားလို့မဖြစ်ဘူး။ သူ တကယ် အဆုံးရှုံးမခံနိုင်တာမို့ ရရာနည်းနဲ့ ယူရတာလေ။ အနှစ်နှစ်အလလ ဖိနှိပ်မျိုသိပ်ထားတဲ့အချစ်တွေက ပွင့်ထွက်လာပြီဆိုတော့ ခပ်ကြမ်း ကြမ်း ခပ်ရမ်းရမ်းပါပဲ။

ဒါကြောင့် . . .

အတင်းသော့ဖွင့်ဖို့ ကြိုးစားနေတဲ့ ချစ်ကြီးလက်တွေ ဖိချုပ်ပြီး ကိုယ်လေးကို သူ့ရင်ခွင်ထဲမှာ နစ်မြုပ်သွားအောင် ဖက်ထား လိုက်၏။ ချစ်ကြီးက ရုန်း။ သူက အလွှတ်မပေးနိုင်။ လူပျိုကြီး ကမူးရှူးထိုးအချစ်တွေက အပျိုကြီးပါးပြင်ပေါ်မှာ နေရာစိတ်စိတ် နမ်းခဲ့ဖူးသော ပါးပြင်တွေထဲမှာ ဒီပါးပြင်လေးက အနူးညံ့ဆုံး ရင်ခုန်နှုန်းမြို့အားကို အမြင့်နိုင်ဆုံးပါပဲ။

"လူယုတ်မာ လွှတ်"

"နင့်ကို ငါချစ်တယ်"

"လွှတ်နော်"



"နင် ငါ့ကို မထားခဲ့ပါနဲ့ ချစ်ကြီးရယ်"

"အရှူး"

"နင်နဲ့ငါ လက်ထပ်ကြမယ်"

"မထပ်ဘူး။ နင့်ကိုလည်း ငါမချစ်ဘူး . . . ဖယ်'

"ချစ်ကြီး"

"ကဲ"

"အား"

ရုန်းမရတဲ့အဆုံး ချစ်ကြီး သူ့လက်မောင်းကို ငုံကိုက်ပြီး လွှတ်ထွက်သွားချိန်မှာတော့ . . .

"ဖြန်း"

နာကျင်မှုနှစ်ခုကြောင့် ဘယ်အရာကို ဘယ်လိုလက်နဲ့အုပ် ကိုင်ရမှန်းမသိတော့။ အုံ့ညြိုရိပ်ထင်နေတဲ့အကြည့်ကြားမှာ မျက်ရည် တွေတက်လာ၏။ ဒီလောက်တောင် ရက်စက်တတ်ခဲ့ပြီလား။ ဟိုတုန်းက မုန့်တစ်ခုကို တစ်ယောက်တစ်ပိုင်းစားခဲ့တဲ့ ကြင်နာယုယမှုမှ မထောက် ထား မငဲ့ညှာ။ အဲဒီလောက်တောင် ချစ်ကြီးအသည်းတွေ မာကြော သွားခဲ့ပြီလား။

ကိုယ်ကတော့ . . .

အချစ်ကြီးလို့ အမျက်ကြီးရာမရောက်ဘဲ ဖွဲရင်းရွဲ့ရင်းပဲ သူ့ အပေါ် ချစ်တဲ့အချစ်တွေက ဒီရေလို တိုးလာခဲ့တာ။ သူကျတော့

www.burmeseclassic.com

www.burmeseclassic.com



လုပ်ရက်လိုက်တာလို့ ကြေကွဲသွားရသည်။

"နှင် နှင် လုပ်ရက်လိုက်တာ ချစ်ကြိုးရယ်"

"အဟင့်"

"လုပ်ပါ၊ နှင် မကျေနပ်သေးရင် ငါ့ကို သတ်သွား ချစ်ကြိုး။ ငါ နှင့်ကိုချစ်ခဲ့တာ ဟိုးငယ်ငယ်လေးကတည်းက။ အဲဒါကြောင့် ငါ နှင့်ကို ပိုင်ဆိုင်ရမှုဖြစ်မယ်"

"........."

"အခြားတစ်ယောက်ကို ရင်ခွင်ထဲမှာထည့်ရင်း နှင့်ကိုသတိရနေရတဲ့ရက်တွေကို ငါ မုန်းလာပြီ၊ အဲဒါကြောင့် အချစ်ကို လွတ်လပ်ခွင့်ပေးလိုက်တာ ငါ မှားလား"

ချစ်ကြိုး တံခါးကိုမှီ၍ တသိမ့်သိမ့် ရှိုက်ငိုမိတော့၏။ သူမမှာ တကယ်ပဲ သံမဏိနှလုံးသားတစ်ခု ဖြစ်တည်ခဲ့ပြီလား။

"ချစ်ကြိုး"

"........."

"နှင် ဒီကနေ ထွက်သွားမယ်ဆိုရင် ငါ့ကို သတ်သွားပါ။ မဟုတ်ရင် ငါ့ရင်ခွင်ထဲကနေ ထွက်သွားဖို့စိတ်မကူးနဲ့"

အဲဒီအတွက် မတရားဘူးဆိုရင်လည်း မတတ်နိုင်။ အချစ်နဲ့ စစ်မှာ မတရားဘူးဆိုတာ ရှိမှမရှိပဲလေ။

❋ ❋ ❋



## အခန်း (၂၉)

ချစ်ကြိုး ကိုက်ခွဲတဲ့အနာရှိနိုကြောင့် နေသူ ဖျားချင်သလိုလို ဖြစ်နေသည်။ ဒါပေမဲ့ ခွေအိပ်နေလို့ မဖြစ်သေးပါဘူး။ ချစ်ကြိုး ဗိုက်ထဲမှာဆိုးတာကြောင့်ရယ် ကိုယ့်ကြင်နာယုယမှုတွေကို ပြချင်တာရယ်ကြောင့် ကိုယ်ကိုယ်တိုင် မီးဖိုချောင်ထဲဝင်ပြီး ချက်ပြုတ်ကျွေးဖို့ ထလာခဲ့တော့၏။

ဒီအိမ်မှာ ...

ခြံစောင့်တင်မောင်ဦး ရှိပေမယ့် ခေါ်မခိုင်းချင်ပေ။ သူ အပြင်ကို ထွက်လာတော့ ချစ်ကြိုးက ဆိုဖာကို မှီရင်း အိပ်ပျော်နေသည်ထင်ပါရဲ့။ ဖက်က ခေါက်ကွေးနှင့်မို့ ဖက်နာမှာစိုးပြီး ခေါင်းကိုသည်ပြေးလိုက်စဉ် ...



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

မျက်လုံးတွေ ဖျတ်ခနဲပွင့်လာလေတော့ . . .

"ဆောရီး . . . နှင် ဖက်ခေါက်ကွေးကြီးဖြစ်နေလို့"

"ကွေးကွေးသေသေ"

"ချစ်ကြီး"

"ဘာလဲ"

"နှင် ဗိုက်ဆာနေပြီလား"

"ဆာလည်း မစားဘူး"

"အသေခံမလို့လား"

"ဟုတ်တယ်"

"ကွယ်ရာကျမှတော့ ခိုးမစားနဲ့နော်"

"မစားဘူး စိတ်ချ"

"ငါကိုယ်တိုင် ချက်ကျွေးမလို့ဟာကို"

"မစားပါဘူးဆို . . . သွား"

"နှင်နော် ငါ့ကို မဂျစ်နဲ့"

"ဂျစ်တော့ ဘာဖြစ်လဲ"

"ဘာဖြစ်ရမှာလဲ၊ နှင်က ဂျစ်လေ ငါက ချစ်လေပဲ။ စကားပုံ တောင်ရှိတယ်။ သဒ္ဒါလွန်ရင် တဏှာကျွန်ဖြစ်တယ်တဲ့"

"နှင်နော်"





"မနော်နဲ့ ဒီအိမ်ကြီးထဲမှာ နှင်နဲ့ငါ နှစ်ယောက်တည်း။ ပြီးတော့ နှင့်ကို ငါက ခိုးလာတာ။ နှင် ဘယ်လိုပဲငြင်းငြင်း လက်ထပ်ရမယ့်ဆဲဆဲပဲ"

"တောက်"

ချစ်ကြီး ဒေါသဖြစ်နေသည့်တိုင် နေသူက အပြုံးမပျက်ရှိနေသည်။ ရှိခဲ့ဖူးတဲ့မာနတို့သည် ခုတော့ ဘယ်သောင်တင်ပြီး ဘယ်ကမ်း မျောစီနေကုန်မှန်း မသိတော့။ ချစ်ကြီး မျက်နှာလွှဲသွားတော့ သူက လိုက်ငုံ့ကြည့်တာမရမက။

"ချစ်ကြီး"

". . . . . . . . . ."

"ချစ်ကြီး"

"ဘာလဲ"

"ဖြည်းဖြည်းထူးပါဟ"

"နေသူ နှင့်မျက်နှာကို ငါမကြည့်ချင်ဘူးနော်။ ဝေးဝေးသွားနေစမ်းပါ"

"အေးပါ . . . အေးပါ။ နောက်မှတော့ ဒီမျက်နှာကို မမြင်ရရင် မနေနိုင်ဘူးလို့ မပြောနဲ့"

"တစ်သက်လုံး မပြောဘူး"

"ကြည့်ရသေးတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"နင် သွားစမ်းပါ"

"သွားပြီ"

သူ ဒေါသပိုထွက်လာမှာစိုးတာနှင့် နေသူ ထွက်လာခဲ့တော့သည်။ ရင်ထဲမှာတော့ ကြည်နူးခြင်းတို့နှင့်အတူ အောင့်သက်သက်ကတစ်စွန်းတစ်စ။ ခုမှ ကိုယ့်ကိုယ်ကိုယ် ဆယ့်ခြောက်နှစ်သားလေး ပြန်ဖြစ်သွားသည်ထင်ရ၏။ မိန်းမရတော့မှာကို။ အချစ်ဆိုတာ လူအိုသည့်တိုင် သူက အိုမင်းသွားတယ်မှ မရှိတာ။

အချစ်တဲ့။

ခေါ်ရတာလွယ်သလောက် ရင်ထဲမှာ ခံစားမှုပေါင်းစုံကို ဖြစ်တည်စေတာ။ ကြီးမှ ဝက်သက်ပေါက်တော့ ကုရတာလည်း သိပ်မလွယ်။ ဂျစ်ကန်ကန်လုပ်နေတဲ့ ချစ်ကြိုးကြောင့် စိတ်ကို မနည်းထိန်းချုပ်နေရ၏။

"ဟင်"

နေသူ မီးဖိုချောင်ဘက် ဝင်သွားတော့ ချစ်ကြိုး တစ်ခုရှုံးသတိရသွားပြီး စိုးရိမ်စိတ်လည်း ဖြစ်တည်သွား၏။ သူမှာ ချစ်ကြိုးကိုက်ဆွဲထားတဲ့ဒဏ်ရာနဲ့။ ညှော်တွေ ဘာတွေမိရင် ဒုက္ခ။ မဖြစ်သေးပါဘူး။ ချစ်ကြိုးလိုက်သွားမှ။ သူချက်တာကိုလည်း အခန့်သား ထိုင်မစားချင်ပါဘူး။ ဟုတ်တယ် ... ကိုယ့်ဘာသာပဲ ဝင်ချက်မယ်။

ချစ်ကြိုး ... မီးဖိုချောင်ထဲသို့ လိုက်လာခဲ့ပြီး ...







"ဒီမှာ ... ဒီမှာ"

"ဟင် ... ဘာလဲ"

"နင်မချက်နဲ့ ငါချက်မယ်"

"ဘယ်လို"

"ဒဏ်ရာကို ညှော်မိမှာစိုးလို့ပြောတာ။ ငါ့ကြောင့်ဖြစ်တာ ငါ့မှာတာဝန်ရှိတယ်"

"ရပါတယ် ... ငါ့ဘာသာ လုပ်ပါ့မယ်"

"ဖယ်ဆို"

"ငါက ကိုယ့်မိန်းမ ပင်ပန်းမှာကို မကြည့်ရက်လို့ပါ"

"ဘာ"

"ဘာဖြစ်တာလဲ"

"ဘယ်သူက နင့်မိန်းမလဲ"

"နင်လေ"

"နင် အသားမယူနဲ့"

ပြောရင်း သူ့ကို ပိတ်တွန်းလိုက်၏။ နေသူက တွန်းတဲ့လက်ကို ဖမ်းဆုပ်ထားပြီး ရယ်ကျဲကျဲမျက်နှာနှင့် ...

"ဖြစ်တော့မှာပဲဟာ"

"နင်နော်"

"အား"



www.burmeseclassic.com

www.burmeseclassic.com



အနာကို လက်နှင့်ဖိပြီး နေသူ့မျက်နှာလေး ရှုံ့မဲ့သွားလေတော့ ချစ်ကြီး နောက်ဆုတ်သွားသည်။ သူမ ဒဏ်ရာကိုထိအောင် လုပ်ဖို့ စိတ်ကူးမရှိ၊ မရည်ရွယ်ခဲ့တာအမှန်။ ဒါကို တစ်မျိုးမြင်ရင်တော့ မတတ်နိုင်။

"အား ... နင် ဘယ်လိုလုပ်လိုက်တာလဲဟာ"

"ငါ မရည်ရွယ်ဘူး"

"နင် တော်တော်ရက်စက်တယ် သိလား"

"တမင်လုပ်တာ မဟုတ်ဘူးလို့ ပြောပြီးပြီပဲ။ ကဲ ... သွားတော့"

ချစ်ကြီးက ကျောခိုင်းလိုက်သဖြင့် နေသူ ထွက်လာခဲ့တော့သည်။ စိတ်ကိုတင်းပြီးသာနေရတယ်။ လူက ကိုယ်ထဲ လက်ထဲမှာ နေလို့မကောင်းပေ။ ဒဏ်ရာကကိုက်၊ ပါးကစပ်ဖျဉ်းဖျဉ်းဖြစ်ကာ စိမ့်ခနဲ ဖြန်းခနဲပါပဲ။ သူ နေမကောင်းဖြစ်ရင်တော့ ဒုက္ခ။ အင်း တင်မောင်ဦးရှိနေတာပဲ။

အရေးအကြောင်းဆို ... တင်မောင်ဦးရှိနေတော့ ချစ်ကြီး အတွက် တိုင်ပင်ဖော် တိုင်ပင်ဖက်ရတာပေါ့။

"ဆရာ"

"ဟင်"

"ကျွန်တော် ဘာလုပ်ပေးရဦးမလဲ ဆရာ"





"မင်းလာတာနဲ့ အတော်ပဲ"

"ဟုတ်ကဲ့ ... ပြောပါ ဆရာ"

"မင်းအစ်မကို သွားကူလိုက်ဦး။ သူခိုင်းတာ လုပ်ပေးပေါ့ကွာ"

"ဟုတ်ကဲ့"

"ဒါဆို သွားတော့"

တင်မောင်ဦး ဆရာ့မျက်နှာရဲနေတာကြောင့် ...

"ဆရာ"

"ပြော"

"ဆရာ့မျက်နှာတွေ ရဲနေသလိုပဲ။ ဆရာ နေမကောင်းဘူးလား"

"ရပါတယ်၊ ဆေးသောက်လိုက်ရင် ပျောက်သွားမှာပါ"

"သိပ်မပေါ့နဲ့နော် ဆရာ"

"အေးပါ ... လိုအပ်ရင် ဆေးခန်းသွားရတာပေါ့။ ကဲ ... သွားတော့ ... သွားတော့"

တင်မောင်ဦးထွက်သွားတော့ နေသူလည်း အခန်းထဲဝင်လာပြီး အိပ်ရာထဲမှာ လဲနေလိုက်သည်။ ခဏကြာတော့ မှေးခနဲ အိပ်ပျော်သွားလေတော့၏။

❋ ❋ ❋



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၀)

ချစ်ကြိုး အပေါ်သွားချင်တာနှင့် ဖျတ်ခနဲနိုးလာတော့ ထထိုင်ပြီး မီးဖွင့်လိုက်၏။ စိတ်ထဲမှာ ကြောက်သလိုလိုရှိပေမယ့် အန္တရာယ်ဆိုတာ လွယ်ထားလို့မရဘူးလေ။ မြန်မြန်သွားမှပဲ နေသူ့အခန်းရှေ့က ဖြတ်လျှောက်လာခဲ့တော့ သူမ နေသူကို မဖြစ်မနေ လက်ထပ်ရတော့မှာပဲဟုတွေးရင်း ဆက်လျှောက်လာခဲ့၏။

လူကြီးတွေသိသွားပြီဆိုတော့ . . .

ဒီကိစ္စ ဖြေရှင်းလို့မရတော့ဘူးဆိုတာကို သိသည်။ ဘာပဲဖြစ်ဖြစ် လူကြီးတွေက ပေးစားကြတော့မှာ။ ဒီအရွယ်ကြီးရောက်မှ ရှက်ဖို့ကောင်းလိုက်တာ။ သေနာစုတ်၊ အဲဒါသူ့ကြောင့်။ နိုးပြေးလာတယ်ဆိုမှတော့ ငြင်းလို့ရတော့မလား။ သူမရဲ့အရှက်၊ သူမရဲ့ ဂုဏ်





သိက္ခာအတွက်။

"အင်း ဟင်း ဟင်း ဟင်း"

"ဟင်"

အန္တရာယ်ရှင်းပြီးလို့ပြန်အလာ နေသူ့အခန်းထဲက ညည်းသံကြားသဖြင့် ခြေလှမ်းက ရပ်တန့်သွားသည်။

"အင်း အင်း ဟင်း ဟင်း"

သေချာအောင် တံခါးနားကိုကပ်ပြီး နားထောင်ကြည့်လိုက်တော့ . . .

"အား ကျွတ် ကျွတ်"

ချစ်ကြိုး မျက်မှောင်လေးကြုတ်သွား၏။ သေချာပါပြီ။ ဒါ နေသူ အနာရှိန်နဲ့ ဖျားနေတာပဲဖြစ်မယ်။ ဒီဒဏ်ရာက ကိုယ့်ကြောင့်ရတာဆိုတော့ ကိုယ့်မှာ တာဝန်ရှိသည်။ တံခါးကိုတွန်းကြည့်လိုက်တော့ ပွင့်သွားတာမို့ ဝင်လာခဲ့ပြီး . . .

"နေသူ"

နဖူးကို လက်နှင့်စမ်းကြည့်လိုက်တော့ ကိုယ်တွေက ခြစ်ခြစ်တောက်ပူနေသည်။

"ကိုယ်တွေပူနေပါလား"

"အင်း ဟင်း ဟင်း"

"နေသူ . . . နေသူ"



www.burmeseclassic.com

www.burmeseclassic.com



"အင် ဟင်"

မျက်လုံးတွေ ဖွင့်ကြည့်ပြီး . . .

"ချစ်ကြိုး"

"နင် ဘယ်လိုနေလို့လဲ"

"ချမ်းတယ်"

"ဒါဆို ဆရာဝန်ခေါ်ပေးရမလား"

"မခေါ်နဲ့ ရတယ်"

"မခေါ်လို့ရမလား။ နေဦး ငါ ဟိုလူကို သွားခေါ်လိုက်ဦးမယ်"

"ချစ်ကြိုး"

"ဟင်"

နေသူက ချစ်ကြိုးလက်ကို ဆွဲထားလေ၏။ မျက်လုံးတွေက နီပြီး ရီဝေဝေ။ သူ နေမကောင်းတဲ့အချိန်မို့ ချစ်ကြိုး လက်ကိုမရုန်းဘဲ အလိုက်သင့်ပဲ နေပေးလိုက်သည်။

"နင် နင် ငါ့ကိုမထားခဲ့ပါနဲ့ ချစ်ကြိုးရယ်နော်။ တို့နှစ်ယောက် လက်ထပ်ကြရအောင်"

"အဲဒါတွေ ပြောမနေပါနဲ့။ ငါ ဟိုလူကို သွားခေါ်ဦးမယ်"

"ချစ်ကြိုး"

"အို"





"ငါ နင့်ကို အရမ်းချစ်တယ်"

"နေသူ"

"ချမ်းတယ် ငါ့ကို ဖက်ထားစမ်းပါ"

"နင်နော် လွှတ်"

"ချစ်တယ်"

"နေသူ"

ချစ်ကြိုး နေသူရဲ့ရင်ခွင်ထဲကနေ ရုန်းထွက်လို့မရ။ ချစ်တဲ့စိတ်ကြောင့် အရိုင်းဆန်သောအနမ်းတို့သည် ပါးပြင်ကို ပူနွေးရှုံ့မကပွက်ပွက်နေတာဖြစ်၏။ နေမကောင်းပေမယ့် အချစ်ကပေးသောခွန်အားတို့သည် ချစ်ကြိုးကို ဖက်ထားသောလက်တွေကို သန်မာစေသည်ဆိုလျှင် . . .

ချစ်ကြိုး ရုန်းကန်မရတော့ဘဲ ကြမ်းရှသောအချစ်တို့အောက်မှာ ဘဝကိုပုံအပ်လိုက်ရတော့သည်။ ဟိုတုန်းက ချစ်ခဲ့ဖူးပြီး နာကျင်သောစိတ်နှင့် မုန်းဖို့ကြိုးစားရင်း ခုတော့ ဘဝက အမုန်းရပ်ဌာနေမှာသည်း သောင်မတင်၊ အချစ်ကမ်းမှာလည်း မကပ်။ ဖော်ကန့်လန့် အခြေအနေနှင့်ပဲ ချစ်ကြိုး သူ့ရဲ့ဇနီးမယားအရာသို့ ရောက်ခဲ့ရပြီပေါ့။

"ချစ်ကြိုး"

"မခေါ်နဲ့"

"ချစ်တာကို အပြစ်လို့မမြင်ပါနဲ့ ချစ်ကြိုးရယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



"သွားပြီ … ငါ့ဘဝ သွားပြီ"

"လက်ထပ်မှာပဲဥစ္စာ"

"မသိဘူး … ဖယ်စမ်း"

"ဖယ်စမ်း"

"အား"

ဘာတွေ ဘယ်လိုရောကျင်သွားမှန်းမသိဘဲ နေသူ သတိထား နေသည့်ကြားမှ နောက်သို့ လန်ကျသွားလေလျှင် …

"ဟင်"

ဟန်ဆောင်တာလားဟု ချစ်ကြီးကြည့်နေပြီးမှ နေသူ့ပုံစံက ဟန်ဆောင်တာမဟုတ်မှန်း သိသာသွားတာကြောင့် …

"နေသူ … နေသူ"

"………"

"နေသူ"

"…………"

"ဟာ … ဒုက္ခပါပဲ"

ချစ်ကြီး ရင်ထဲမှာ ဒိန်းခနဲ ဆောင့်ခုန်သွား၏။ ဘုရား … ဘုရား … သူ ဘာမှမဖြစ်ပါစေနဲ့။ အရေးအကြောင်းဆိုတော့လည်း စိုးရိမ်စိတ်က ဘွားခနဲပေါ်လာကာ ဖုံးမရ ဖိမရ။ ချစ်ကြီးဘဝမှာ သူ မရှိလို့ မဖြစ်တော့ဘူးလေ။ ဘဝတစ်ခု ပုံအပ်လိုက်ပြီဆိုကတည်းက





သူရှိနေမှဖြစ်မှာ။

ပြီးတော့ …

ငယ်သံယောဇဉ်က ဓားနဲ့ခုတ်ဖြတ်သလို တိခနဲဖြတ်ပစ်လို့ ရခဲ့တာမှ မဟုတ်တာလေ။ နေသူဆိုတာ သူမရဲ့အချစ်ဦး အချစ်ဟောင်းပါ။

ဒါကြောင့် အခုမှ ခိုဝင်ခွင့်ရတဲ့ သူ့ရင်ခွင်က ကိုယ့်အတွက် ရင်ခွင်သစ်ဖြစ်ပြီး အချစ်ဟောင်းရဲ့ရင်ခွင်သစ်မှာ သူမ …

"ဒီမှာ ဒီမှာ လာပါဦး။ နေသူ ဘာဖြစ်မှန်းမသိလို့ လာပါဦး"

ခေါ်လည်းခေါ် မျက်ရည်တွေလည်းကျ။ ခြံစောင့်နာမည်ကိုလည်း မသိပေ။

"နေသူ့တပည့် ကိုအတ္တ"

"မမလေး ကျွန်တော့်ကို ခေါ်တာလား"

"ဟုတ်တယ် … ရှင့်ကိုခေါ်တာ"

"ဘာဖြစ်လို့လဲ မမလေး"

"နေသူ ဘာဖြစ်သွားမှန်းမသိလို့၊ အဲဒါ လိုက်ကြည့်ပေးပါဦး"

"ဟာ … ဆရာ မနက်ကတည်းက နေမကောင်းဘူး မမလေးရဲ့ … လာ လာ"

ဖိနပ်မပါဘဲ ပြေးဆင်းလာတဲ့ခြေထောက်တွေက ဟိုခလုတ်



www.burmeseclassic.com

www.burmeseclassic.com



တိုက် ဒီခလုတ်ကိုက်။ အရေးကြီးတော့ သွေးစည်းတယ်တဲ့။ အခုချိန်မှာ ချစ်ကြိုး မုန်းဖို့မေ့ဖို့တွေ ဘယ်ရောက်ကုန်မှန်းမသိ။ သူ ခုလိုဖြစ်ရတာ သူ့မကြောင့်။

နေသူ ...

နင် ဘာမှမဖြစ်ပါနဲ့။ နင့်ကိုပေးဖို့ ငါ့ရင်ထဲမှာ အချစ်တွေရှိတယ်။ နင် လက်ခံပေးပါ။ မာနနဲ့ တွန်းဖြတ်ခံရတဲ့ သံယောဇဉ်ကြိုးတွေကို တို့တွေ နိုင်မာအောင် ပြန်ချည်ရမယ်။ အစကတည်းက ငါ နင့်ကို ချစ်ခဲ့ပါတယ် နေသူရယ်။

"နေသူ"

"ဆရာ"

"နေသူရယ်"

"ဟာ ... ကိုယ်တွေက မြိမ်မြိမ်တောက်ပူနေတာပဲ မမလေး"

"ဟင်"

"မမလေး ဆရာ့ကို ရေဖတ်ကပ်ပေးနှင့်။ ကျွန်တော် ဆရာဝန် ပြေးခေါ်လိုက်ဦးမယ်"

"ဒီမှာ"

"ဗျာ"

"မြန်မြန်ပြန်လာခဲ့ဦးနော်"

"ဟုတ်ကဲ့"





သူ့ကို ရေဖတ်ကပ်ပေးဖို့အတွက် ချစ်ကြိုး လှုပ်ရှားရပြန်သည်။ ဖုံးကွယ်လျှို့ဝှက်ထားတဲ့အချစ်တွေက ဒီအချိန်မျိုးမှာ အန်ထွက်လာပြီပေါ့။ ချစ်ကြိုး သူ့ဘေးမှာ ငုပ်တုတ်ထိုင်ရင်း သူ့မျက်နှာကို စေ့စေ့ကြည့်ကာ နောင်တက ရချင်ချင်။ မျက်ရည်တွေကလည်း ထိန်းမရ သိမ်းမရ။

နင့်ဘက်ကသာစပြီး သစ္စာမဖောက်ခဲ့ရင် မာနတွေ တစ်ခေန်းထစရာမလိုဘူး နေသူ။ နင် နွေးချိုကြိုက်တော့ ငါ ဘယ်လောက် ခံစားခဲ့ရလဲ နင်သိရဲ့လား။ နင့်ရှေ့မှာ ငါလည်း နှုတ်ခမ်းရွှဲပြီးတွဲခဲ့ပေမယ့် တစ်ယောက်တည်းရှိတဲ့အချိန်ဆို ကျိတ်ငိုခဲ့ရတာတွေ နင်သိလို့လား။ နောက်မှ ငါ့နှလုံးသားတွေ ဒူပေဒါပေခံပြီး ကျင့်သားရခဲ့တာ။ နင့်ကို ချစ်လို့ ငါ ရည်းစားတွေ အများကြီးထားဖြစ်ခဲ့တာပါ နေသူရယ်။

အခု ...

နင်က ငါ့ကို အဆုံးရှုံးမခံနိုင်ဘူးတဲ့လား။

"ချစ်ကြိုး"

"ဟင်"

"နင့်ကို ငါ ချစ်တယ်၊ နင် ငါ့ကို မထားခဲ့ပါနဲ့"

"နေသူ ... နေသူ"

သူ သတိရပြီလားလို့ လှုပ်နှိုးကြည့်တော့ မရ။ ကယောင်ကတမ်းတွေ လျှောက်ပြောနေတာ။ နင် ငါ့ကိုချစ်တာကို သိပါတယ်



www.burmeseclassic.com

www.burmeseclassic.com



နေသူရယ်။ ငါလည်း နင့်ကို ချစ်နေတယ်ဆိုတာ။

"မမလေး"

"........."

"မမလေး"

"ဟင် ... ကိုအတ္တ"

"ဆရာ ... ဘယ်လိုနေသေးလဲ"

"ဆရာဝန်ရော ပါလား"

"ပါတယ် ... ပါတယ်"

"တော်ပါသေးရဲ့"

ချစ်ကြိုး မျက်လုံးကို စုံမှိတ်ပြီး သက်ပြင်းချလိုက်မိ၏။ ဆရာဝန်က ဆေးထိုးပြီး မှာစရာရှိတာတွေမှာတော့ တင်မောင်ဦးကသာ ခေါင်းတညိတ်ညိတ်။

ချစ်ကြိုးကတော့ ...

ကိုယ့်အတွေးနှင့်ကိုယ် ငြိမ်သက်နေမိသည်။

"ညီမ"

"ရှင်"

"ဆရာ့ကို ပြန်ခွင့်ပြုပါဦး"

"ဟုတ်ကဲ့ရှင့်"

"လူနာက အနားရှိန်နဲ့ ဖျားတာပါ၊ ဘာမှစိတ်မပူပါနဲ့"





"မမလေး ... ကျွန်တော် ဆရာ့ကို လိုက်ပို့လိုက်ဦးမယ်"

တင်မောင်ဦးတို့ ထွက်သွားပြီးနောက် ချစ်ကြိုး သူ့ဘေးနားမှာပဲ ပြန်ထိုင်လိုက်သည်။ နောက် အိပ်ချင်လာတာနှင့် ခုံတစ်လုံးဆွဲယူထိုင်ရင်း ခုတင်ပေါ်မှာ မျက်နှာမှောက်၍ အိပ်ပျော်သွားလေတော့၏။

❋ ❋ ❋



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၀)

"ဟင်"

နေသူ သတိရလာတော့ ငုပ်တုတ်ထထိုင်လိုက်သည်။ တစ်ခန်းလုံး တိတ်ဆိတ်ပြီး မီးတွေလင်းနေပါလား။ သူ ဘာဖြစ်သွားတာလဲ။ လက်ကနာရီကို ငုံ့ကြည့်လိုက်တော့ ငါးနာရီ၊ ဒါဆို မိုးလင်းတော့မှာပေါ့။ ညက ဘာလို့ မီးမပိတ်ခဲ့ကြပါလိမ့်။

ချစ်ကြိုးရော ...

ချစ်ကြိုးရောလို့ တွေးမိတာနှင့် သတိမလစ်ခင်က အဖြစ်ကို တွေးမိပြီး ရင်ထဲမှာ တစ်မျိုးကြီးပါပဲ။ ချစ်ကြိုး ရှက်လို့ သူ့အခန်းကို ပြန်အိပ်တာထင်တယ်လို့ တွေးပြီး ခုတင်ပေါ်က ဆင်းဖို့ စောင်ကိုခွာလိုက်စဉ် ...





"ဟင် ... ချစ်ကြိုး"

ခုတင်ပေါ်ကနေ ဘယ်လိုဆင်းမိသွားမှန်းမသိ။ ခုတင်ပေါ်မှာ မျက်နှာမှောက်အိပ်နေတာ ဘယ်လောက်ကြာပြီလဲ။ သူ့ခများ သူ့ကို စောင့်ရင်း အိပ်ပျော်သွားတာပဲ ဖြစ်မည်။ သူ ချစ်ကြိုးကိုယ်လေးကို အိပ်ရာပေါ်တင်ပေးဖို့ ပွေ့လိုက်စဉ် ...

"ဟင်"

ချစ်ကြိုးက ဖျတ်ခနဲ လန့်နိုးသွားပြီး ...

"ဘာ ... ဘာလုပ်တာလဲ"

"အိပ်ရာပေါ်တင်ပေးမလို့"

"ဟင့်အင်း ... မအိပ်တော့ဘူး"

"အိပ်ပါ"

"မအိပ်ပါဘူးဆို"

"ညက တစ်ညလုံး အိပ်ရေးပျက်ထားတယ် မဟုတ်လား"

"ဒါပေမဲ့"

"မရဘူး ... အိပ်ရမယ်"

"နေသူ နင်နော်"

စကားမဆုံးခင် နေသူက ဇွေ့ခနဲ ပွေ့ချီပြီး အိပ်ရာပေါ်သို့ တင်ပေးလေသည်။ ပြီးတော့ သူပါ ဝင်အိပ်လိုက်ပြီး ချစ်ကြိုးခါးကို က်လိုက်လျှင် ...



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုဖြစ်နေတာလဲ ဖယ်စမ်းပါ"

"ဘာလို့ဖယ်ရမှာလဲ"

"နေသူ"

"ဗျာ"

"လူမမာက လူမမာလိုနေနော်"

"အခု မာသွားပြီ"

"ဖယ်ဆို"

"မိန်းမကလည်းကွာ လင်မယားပဲဖြစ်နေပြီ။ ခါးလေးဖက်တာ တွန့်တိုမနေစမ်းပါနဲ့"

"ဘာမိန်းမလဲ ရှုံ့ဖို့ကောင်းလိုက်တာ။ နားခါးတယ်"

"ချစ်ကြိုး"

"ငါ့ကြောင့် ဒဏ်ရာရထားလို့ အလျှော့ပေးတာကို ရောင်မတက်နဲ့နော်"

"လျှော့လက်စနဲ့ လျှော့လိုက်စမ်းပါ မိန်းမရယ်။ ဒီက ခက်ခဲခဲနဲ့ နိုးလာပြီးမှ"

"ဘာခက်ခဲတာလဲ။ လူကိုညာခေါ်လာပြီးတော့ သိမ်းပိုက်တာ။ နင့်ကို ငါ အရမ်းမုန်းတယ် သိလား"

ပြောပြီး မျက်စောင်းထိုးကာ ချစ်ကြိုးမျက်နှာလွှဲနေလိုက်သည်။ ဒီတော့ နေသူ့ရင်ထဲမှာ နေဆယ်စင်းပေါ့။





"အဲဒီလိုတော့ မပြောပါနဲ့ ချစ်ကြိုးရယ်။ နင့်ကိုငါ မနိုးရင် ပိုင်ပိုင်က နိုးပြေးဖို့ ကြံစည်နေတာဟ"

"ဘာ"

"ငါ နင့်ကို ဆုံးရှုံးရမှာကြောက်လို့ လက်ဦးမှုယူလိုက်တာပါ"

"ဒါဆို နင်တို့ညီအစ်ကိုက ငါ့ကို လွယ်လွယ်ရမယ်လို့ တွက်ထားကြတာပေါ့"

"ဟုတ်ဘူးလေဟာ၊ မလွယ်လို့ပဲ လိမ်ညာပြီး ခက်ခက်ခဲခဲ နိုးလာရတာကို။ နင့်ကိုငါ သိပ်ချစ်လို့ ချစ်ကြိုးရဲ့"

"အေးလေ . . . ခုတော့လည်း ငါက နင့်လက်ခုပ်ထဲကရေ ဖြစ်နေပြီ"

"ချစ်ကြိုး"

ကိုယ်က ချစ်တယ်ဆိုပြီး ချက်ချင်းပဲ မာနကို ခဝါချလိုက်ရင် ဒီကောင်ရောင့်တက်ဖို့ လမ်းဖွင့်ပေးလိုက်သလို ဖြစ်မှာပေါ့။ ဒါကြောင့် အတတ်နိုင်ဆုံး တင်းထားမှ။

ဒါတောင် . . .

ပခုံးကိုဖက်ပြီး မျက်နှာက အနားထိတိုးလာကာ . . .

"နင့်အချစ်တွေ ပြန်ရတဲ့အထိ ငါ ကြိုးစားမှာပါ"

"ဘယ်လိုကြိုးစားမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



“ဒီလိုလေ”

လည်တိုင်ကို ဖျတ်ခနဲ ငုံနမ်းလေတော့ . . .

“နင်”

“ချစ်လို့ပါဆို”

“မချစ်နဲ့”

“ချစ်မယ်”

“ဖယ်စမ်း”

“တော်တော် . . . အကဲပိုတဲ့ကောင်မလေး . . . ကဲ”

ကဲ . . . ဘာတတ်နိုင်သေးလဲ ချစ်ကြိုးမျှင်။ အချစ်က အဲဒီလို အကြမ်းဖက်တတ်တယ်ဆိုတာ မသိတာလည်း မဟုတ်ဘဲနဲ့။

❋ ❋ ❋



## အခန်း (၃၂)

“ရော့ . . . ဒီမှာ ဆန်ပြုတ်ပူပူလေးသောက်လိုက်ဦး”

“ဟာ . . . ဆန်ပြုတ်ကြီး ကိုယ်မသောက်ချင်ဘူး”

“မသောက်ချင်လို့ မရဘူးနော်။ ကလေးလည်းမဟုတ်ဘဲနဲ့ ဂျီမကျနဲ့”

နေသူ ဆန်ပြုတ်ပန်းကန် မျက်နှာရှေ့ရောက်လာတာကိုပဲ ရှုံ့မဲ့နေသည်။ ငယ်ငယ်တုန်းကဆို နေမကောင်းလို့ မေမေ ဆန်ပြုတ်တိုက်ရင် ပတ်ပြေးနေတဲ့ကောင်။ ဖေဖေက ဟော့ကောင်လို့ခေါ်ပြီး ကြိမ်လုံးကိုင်မှ ကြောက်ကြောက်နဲ့ နှစ်ဖျစ်မျိုချတဲ့အခါတွေက မနည်းခဲ့။ သောက်ပြီးဆို အော့ချင်သလိုလို အန်ချင်သလိုလို ဖြစ်တာက ရှိသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



အခု ...

ကိုယ့်ကို ဆန်ပြုတ်တိုက်နေတာ ကိုယ့်မိန်းမဖို့ မေမေ့လို စိတ်ရှည်သည်းခံမှာမှ မဟုတ်တာ။

"နေသူ"

"ဟာ ... မသောက်ချင်ပါဘူးဆိုကွာ"

"မသောက်လို့မရဘူး"

"အဲဒါဆို အပေးအယူလုပ်မယ်"

"ဘာလဲ"

"ဒါပေး"

"နင်နော်"

နေသူက ပါးပြင်ကို လက်ညှိုးထိုးပြလေတော့ ချစ်ကြိုး မျက်နှာလေးရဲသွားသည်။

"အခုထိ ရှက်တုန်းလား"

"နင့်ကို ငါ ထားခဲ့ရမလား"

"အဲဒီလိုတော့ မလုပ်ပါနဲ့ မိန်းမရယ်။ သောက်မယ် သောက်မယ်"

ချစ်ကြိုး မျက်စောင်းထိုးပစ်လိုက်၏။ သူ့ကို ပုပ္ပမှာစိုးလို့ ကလေးလို ချော့တိုက်နည်းသား မှတ်တိုက်နေရတာ။ ဒီလို ယုယမော်တဲ့ သူမကိုယ်သူမ ရှက်မိသလိုလို။





"ပူဦးမယ်"

"မပူပါဘူး။ ဒီမှာ မှုတ်ပေးနေတဲ့ဟာကို"

သူသောက်ဖို့အတွက် ဆန်ပြုတ်ကို မှုတ်ပေးနေတဲ့ ချစ်ကြိုး မျက်နှာလေးကို နေသူ ငေးစိုက်ကြည့်နေမိသည်။ အစကတည်းက မာနတွေ မထားခဲ့ကြရင် ကောင်းသား။ ခုကျတော့ အသက်အရွယ် ရလာမှ ခုလိုအကြမ်းဖက် သိမ်းပိုက်ရတာ ရှက်လည်းရှက်ပါရဲ့။ ရှက်လည်း မရှက်နိုင်ဘူး။

"ချစ်ကြိုး"

"ဘာလဲ"

"နင် ငါ့ကိုချစ်လား"

"ဘာတွေ လာမေးနေတာလဲ"

"ဒါ မေးသင့်ဆုံးအချိန်လေဟာ"

"မချစ်ဘူး"

"နင်မညစ်နဲ့နော် ချစ်ကြိုး"

"ငါက ဘာညစ်လို့လဲ။ နင်သာလူညစ်"

"ငါက ချစ်တာကိုး"

"ဘယ်သူက မချစ်ဘူးပြောလို့လဲ"

"တကယ်"

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



ချစ်ကြိုးစကားပြောလောကြီးသွားတာက သူ့အတွက် အရွှင်းအရေးဖြစ်သွားလေသည်။

"ဒါဆို နင်လည်း ငါ့ကို ချစ်တာပေါ့နော်။ ချစ်တယ်မဟုတ်လား။ ဟင် . . . ချစ်ကြိုး"

"နေသူ . . . နင် လူမမာက လူမမာလိုနေနော်"

"ဒေါက် . . . ဒေါက်"

"ဆရာ . . . ဆရာ"

"ဟင်"

"ဆရာ"

"တင်မောင်ဦး"

"ဟုတ်ပါတယ် ဆရာ"

"အရေးထဲ ဘာလာရှုပ်ပြန်တယ်မသိဘူး"

"ဆရာ့မိဘတွေရောက်နေတယ် ဆရာ။ အဲဒါကြောင့်လာခေါ်တာပါ"

"ဟင်"

မိဘတွေလာတယ်ဆိုတာနှင့် ချစ်ကြိုးမျက်နှာလေးပျက်သွားသည်။ အသက်ကြီးမှ ခိုးရာလိုက်တယ်ဆိုတဲ့အဖြစ်ကို ဘယ်လိုမြင်ကြမလဲ။ ရှက်ဖို့ကောင်းလိုက်တာ။ မျက်နှာကို ဘယ်မှာသွားဖွက်ထားရမှန်းပင်မသိတော့။





"ဘယ်လိုလုပ်ကြမလဲ"

"ဘယ်လိုလုပ်ရမလဲ ထွက်တွေ့ရမှာပေါ့"

"ငါ ရှက်တယ်"

"ရှက်မနေနဲ့ ဒါ . . . လောကမှာတာပဲ ဥစ္စာ။ တို့က ဘယ်သူ့မှ မလုပ်တဲ့ လူ့မှုကျင့်ဝတ်ကို ဖောက်ဖျက်တာမှမဟုတ်တာ။ လူတိုင်းကင်းလို့မရတဲ့ လက်ထပ်ပေါင်းသင်းခြင်း"

"ကဲ . . တော်ပါတော့"

"ဆရာ"

"လာမယ် . . . လာမယ်"

"မြန်မြန်လာခဲ့နော် ဆရာ"

"အေးပါကွာ . . . မင်းက တစ်မျိုး"

စိတ်မရှည်စွာပြန်အော်ပြီး ချစ်ကြိုးဘက်သို့ ပြန်လှည့်လိုက်သည်။ လက်ထဲက ဆန်ပြုတ်ပန်းကန်ကို နေသူ ယူပြီး စားပွဲပေါ်သို့ လှမ်းတင်လိုက်ကာ ချစ်ကြိုး လက်ဖျားလေးကို ဖျစ်ညှစ်ဆုပ်ကိုင်၍ . .

"ချစ်ကြိုး"

"ဟင်"

"သွားရအောင်နော်"

"ငါ မလိုက်ချင်ဘူး"

"မလိုက်လို့ ဘယ်ဖြစ်မှာလဲ။ ခုမှတော့ . . . ရှက်မနေပါနဲ့



www.burmeseclassic.com

www.burmeseclassic.com



တော့ဟာ။ ရှေ့မျက်နှာနောက်ထား ဟုတ်ပြီလား။ လူကြီးတွေရှေ့မှာ ငါ့အပြစ်ကို ငါဝန်ခံမှာပါ"

"နင်က ဘယ်အပြစ်ကို ဝန်ခံမှာလဲ"

"နင့်သဘောမပါဘဲ ငါက အတင်းအဓမ္မခိုးလာတဲ့အပြစ်ကိုပေါ့"

ချစ်ကြိုး စိတ်မောစွာ သက်ပြင်းချလိုက်မိတော့၏။ ခုမှတော့ ရှောင်လွှဲလို့ မရတော့ဘူးလေ။ သူပြောသလို ရှေ့မျက်နှာ နောက်ထား ပြီးပဲ တွေ့ရတော့မှာပေါ့။

"ကဲပါကွာ ... ကိုယ့်မိန်းမက လိမ္မာပါတယ်။ လိုက်ခဲ့နော်"

မတတ်သာတော့ ချစ်ကြိုးလိုက်ခဲ့ရတော့သည်။ မမများ ချစ်ကြိုးကို ဘာပြောဦးမလဲ။ နေသူ့မိဘတွေကရော အပြစ်တင်ကြဦး မလား။ သူမကလည်း ကျန်တဲ့နေရာမှာသာ လူစွာလုပ်ရဲတာ။ ဒီနေရာ မှာတော့ ရှက်တတ်သည်လေ။

ဒါကြောင့် ...

နေသူ့ကိုတောင် ချစ်တယ်လို့ မပြောဖြစ်သေးတာ။ ပြော တော့ ပြောမှာပါ နေသူ။ ငါလည်း ဟိုးအရင်ကတည်းက နင့်ကိုချစ်ခဲ့ တဲ့သူပါ။

"မေမေ"

"ဟော ... သား"

"ဖေဖေ"





"လာ ... ထိုင်ကြ"

"မမနှင်းလည်း ပါလာတာကိုး"

"ပါမလာလို့ ရမလား။ အရေးကြီးလို့ဆိုပြီး ခေါ်သွားလိုက် တာ ငါ့ညီမကို ပြန်မပို့တော့ စိတ်ပူတာပေါ့။ လက်စသတ်တော့ မင်းက အကြံနဲ့ လာခေါ်တာ"

"ပြောတော့ မမနှင်း။ ကျွန်တော် ချစ်ကြိုးကို သူများလက် ထဲ အပါမခံနိုင်လို့ ခုလိုလုပ်လိုက်ရတာပါ"

"ဖြစ်ရမယ်"

နှစ်ယောက်ယှဉ်ထိုင်နေကြရမှာ ချစ်ကြိုးက ခေါင်းလေးငုံ့ ထား၏။ သူမမှာ ပြောစရာစကားတွေအပြည့်နဲ့ပေမယ့် ရေငုံနှုတ်ပိတ် ရှိပဲ နေလိုက်တော့သည်။ ဒီအချိန်မှာပြောရင် ကိုယ်က အရှက်မရှိတဲ့ မိန်းကလေးများ ဖြစ်နေမလားရယ်ပေါ့။

"ကဲ ... သား"

"ဗျာ"

"သားနဲ့ ချစ်ကြိုးကို ဖေဖေတို့က အစကတည်းက သဘော တူပြီးသားဆိုတော့ အဲဒီကိစ္စ ဘာမှ ပြောစရာမရှိပါဘူး။ အခု ဖေဖေ တို့လာခဲ့တာက"

"ဟုတ်ကဲ့ ... ပြောပါ ဖေဖေ"

"သားတို့ လွတ်လွတ်လပ်လပ် သွားလို့လာလို့ရအောင်



www.burmeseclassic.com

www.burmeseclassic.com



မင်္ဂလာရက်ကို အမြန်ဆုံးစီစဉ်ဖို့ပါ။ ဖေဖေတို့ ဘယ်ဟိုတယ်ကို ဒိတ်လုပ်ပေးရမလဲ သား"

ဟိုတယ်အကြောင်းပြောလာတာနှင့် နေသူ ချစ်ကြိုးမျက်နှာလေးကို ငဲ့ကြည့်လိုက်ပြီး . . .

"ချစ်ကြိုး"

"ဟင်"

"ငါက နင့်သဘောဆိုတော့ နင်ပြောလိုက်လေ"

"အံမယ် . . . မင်းက အခုတည်းက သမီးသဘောလား"

"ဒါပေါ့ ဖေဖေရ။ ဖေဖေက ခံစားခဲ့ပြီးပြီဆိုတော့ ကိုယ်ချင်းစာကြည့်စမ်းပါ"

"ဘယ်လိုဖြစ်နေတာလဲ"

ချစ်ကြိုး သူ့ကို မျက်စောင်းထိုးလေတော့ လူကြီးတွေ မျက်နှာက ပြုံးစိစိတွေ။ ချစ်နှင်းက အပျိုကြီးဆိုတော့ ပြုံးတာတောင် မပွင့်တပွင့်။

"ကဲ . . . သမီး"

"ရှင်"

"မေမေတို့ ဘယ်ဟိုတယ်ကို ဒိတ်လုပ်ပေးရမလဲ ပြောလေ"

"ဘယ်မှာပဲဖြစ်ဖြစ် လက်ထပ်တာက လက်ထပ်တာပါပဲ အန်တီ၊ အန်တီတို့ ကြိုက်သလိုစီစဉ်ပါ"





"တော်တော် အတိုင်အဖောက်ညီနေကြတယ်ပေါ့လေ . . . ဟုတ်လား"

"မမကလဲ"

"ကဲပါ . . . သားတို့သမီးတို့ ဒီညနေပဲ အိမ်ကိုပြန်လာခဲ့ကြ ဟုတ်ပြီလား"

"ဟုတ်ကဲ့"

ဦးနေဖြိုး ခေါင်းတဆတ်ဆတ်ညိတ်လေသည်။ အစကတည်းက ဒီကလေးနှစ်ယောက်ကို သဘောတူခဲ့တာ။ နောက်တော့ ဘာတွေ ဘယ်လိုသဘောထားကွဲလွဲကြမှန်းမသိ။ တွေ့လိုက်တာနဲ့ ဖက်ကျက်ကျက် ရန်ဖြစ်နေကြတာ။ ခုတော့လည်း အဆင်ပြေသွားပြီပေါ့လေ။ ကြားထဲမှာ ပိုင်ပိုင်က ညှပ်ပါလိုက်သေးရဲ့။

သားငယ်နဲ့ကျတော့ . . .

မဖြစ်နိုင်ခြင်းအကြောင်းတရားတွေက အများကြီး။ မဖြစ်မနေဆိုရင်တော့ သဘောတူပေးရမှာပေမယ့် ချစ်ကြိုး သားငယ်ကို မချစ်နိုင်ဘူးဆိုတာ သိနေတယ်လေ။

"ဒါဆို ဖေဖေတို့ ပြန်တော့မယ် သား"

"ဟုတ်ကဲ့ ဖေဖေ"

"ဪ . . . သမီး"

"ရှင်"



www.burmeseclassic.com

www.burmeseclassic.com



"ဒီကောင့်ကို သမီးလက်ထဲ အပ်လိုက်ပြီနော်၊ မလိမ္မာရင် အားမနာတမ်းသာ ဆုံးမ"

"ရှင်ကလည်း လေကြောရှည်လိုက်တာ"

ချစ်နှင်းက သူ့ညီမကိုနှုတ်ဆက်ပြီးထွက်သွားတာမို့ . . .

"ကိုယ်ရှည်တာ မင်းအသိဆုံးပဲဥစ္စာ"

"ကဲ . . . လာပါ သွားမယ်"

"သမီး . . . ဖေဖေသွားပြီနော်"

အားလုံး ပြေပြေလည်လည်ပဲမို့ ချစ်ကြိုး ရင်မောတာတွေကို ဖြေချရင်း သက်ပြင်းလုံးက ဟင်းခနဲ။

"ချစ်ကြိုး"

"ဟင်"

သူက ချစ်ကြိုးမျက်နှာကို စိုက်ကြည့်ပြီး ပြုံးနေသည်။ အသက်သုံးဆယ်ဆိုပေမယ့် နုပျိုတဲ့နေသူ့ပုံစံက နှစ်ဆယ်ကျော်လူငယ်လေးအတိုင်းပါပဲ။ ချစ်ကြိုး မျက်လွှာချလိုက်တော့ သူက မေးစေ့ကို ကိုင်ပြီး ချစ်ကြိုးမျက်နှာကိုမော့စေကာ . . .

"အားလုံးအဆင်ပြေသွားပြီဆိုတော့ ကိုယ့်အတွက်လိုတာ တစ်ခုပဲရှိတော့မယ်"

"ဘာလဲ"

"အချစ်"





"နင်ပဲ ငါ့ကို ချစ်တယ်ဆို"

"ငါက ချစ်တယ်လေ"

"ဒါဆို"

"လိုနေတာက နင့်ဆီက အချစ်"

". . . . . . . . . ."

"ချစ်ကြိုး"

"ဟင်"

"နင် ငါ့ကိုချစ်တယ် မဟုတ်လားဟင်"

ဖြေလိုက်ရတော့မလားနေသူ။ ငါ့နှလုံးသားက ပုံရိပ်တွေကို နင် ဘာကြောင့် မြင်အောင်မကြည့်ခဲ့တာလဲ။ ချစ်တယ် အရမ်းချစ်ခဲ့ပါတယ် နေသူ။ ရင်ခွင် ဘယ်နှစ်ခုပဲ ပြောင်းပြောင်း ငါ့နှလုံးသားမှာ နင်တစ်ယောက်တည်းအတွက်ပဲ အချစ်တွေရှိခဲ့တာပါ။ အဲဒါကို နင် အကြွင်းမဲ့ ယုံကြည်ပေးပါ။

နင် ရည်းစားတစ်ယောက်ပြောင်းတိုင်း ငါ လိုက်ပြောင်းခဲ့တာ နင့်ကိုချစ်လို့ ရှဲခဲ့တာပဲပေါ့။ နင်များ သဝန်တိုစိတ်နဲ့ ငါ့ဘက်ကို ပြန်လှည့်လာမလားလို့လည်း မျှော်လင့်ခဲ့မိတယ်။ နင်ကတော့ ရှေ့ကိုပဲ ဆက်တိုးနေခဲ့တာလေ။ ဒါကြောင့် ငါလည်း ရှေ့ဆက်တိုးနေမိခဲ့တာ ပါ။

"ဖြေလေ ချစ်ကြိုးရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"နှင် တကယ်မသိဘူးလား နေသူ"

"နှင်မှမပြောတာ"

"နှင်က ငါ့ရဲ့အချစ်ဦးနဲ့ နောက်ဆုံးချစ်သူပါ နေသူရယ်"

နေသူမျက်နှာ ပြုံးသွားပြီး ...

"နှင် နှင် ... တကယ်ပြောတာလား"

"ညာရင် သတ်ပစ်"

"ငါ ငါ ... ဝမ်းသာလိုက်တာ ချစ်ကြိုးရယ်"

သူ ချစ်ကြိုးကိုယ်လေးကိုဖက်လိုက်တော့ ချစ်ကြိုးက သူ့ကို ပြန်ဖက်ထားလေသည်။ ခုတော့လည်း အရာအားလုံးက လှပစိုပြေခြင်းများနှင့်၊ အချစ်ဆိုတာသာ တူညီမှုရှိမှ ခိုင်မြဲမှာလေ။ သူသာတယ် ငါနာတယ်တွက်နေကြရင် အချစ်ကြိုးက ဆက်ထုံးများမည်သာ။

"ငါ ရည်းစားများခဲ့ပေမယ့် နှင့်ရင်ခွင်က ငါ့အတွက် အသစ်ပါ နေသူရယ်"

"ဒါဆို ... အချစ်ဟောင်းရဲ့ရင်ခွင်သစ်ပေါ့"

"အင်း"

"ချစ်စရာကောင်းလိုက်တဲ့ ကောင်မလေးရယ်"

ခုတော့ ညဟာ လမပါလည်း တင့်တယ်တဏ်သလို အချစ်မှာလည်း ဘာမှ မပါသည့်တိုင်ဦးတော့ သာယာလှပသည်သာ။

❋ ❋ ❋



# အခန်း (၃၃)

"တီတီ တီတီ"

ကားဟွန်းတီးသံကြားတာနှင့် ပိုင်ပိုင်ထရပ်လိုက်သည်။ လက်သီးကိုဆုပ်ပြီးသား ဖြစ်သွားလေတော့ ...

"သားငယ်"

ခြေလှမ်းစလိုက်စဉ်မှာပဲ မေမေက သူ့လက်မောင်းကို ဆွဲထားလေ၏။ ပြီးတော့ စိုးရိမ်တကြီး မျက်လုံးများနှင့် ...

"ပြီးခဲ့တာတွေ ပြီးသွားပြီပဲ သားငယ်ရယ်။ ဒီကိစ္စက ပြန်ပြုပြင်လို့ ရတာမှမဟုတ်ဘဲကွယ်။ သား ... အေးအေးဆေးဆေးနေပေးပါ မေမေ တောင်းပန်ပါတယ်"

"ရမလား မေမေရဲ့။ ဒါ ... ကိုကြီး ကျွန်တော့်အပေါ်



www.burmeseclassic.com

www.burmeseclassic.com



သက်သက်ကြောသွားတာ"

"မဟုတ်ပါဘူး သားငယ်ရယ်"

"မေမေတို့ကရော မမကို သားနဲ့ကျတော့ သဘောမတူဘူး ဆိုပြီး အပြင်းအထန်ကန့်ကွက်ခဲ့တာ။ ကိုကြီးနဲ့ကျတော့ သဘောတူ တယ်ပေါ့လေ ဟုတ်လား။ အဲဒါ သားချင်းအတူတူ မေမေတို့ခွဲခြား တာ။ မတရားလိုက်တာဗျာ"

"အဲဒါအကြောင်းရှိတယ် သားငယ်"

"ဘာအကြောင်းလဲ၊ သားက မွေးစားသားဖြစ်နေလို့လား"

"မဟုတ်ဘူး"

"ဒါဆို ... ဘာလဲပြောပါဦး မေမေရဲ့"

"ချစ်ကြိုးက မင်းကို လုံးဝမချစ်ဘူး။ အဲဒါကို မင်းသိရဲ့ လား။ တစ်နေ့ ... မင်း စိတ်ဆင်းရဲရမှာစိုးလို့ မေမေတို့ကတားနေတာ"

ပိုင်ပိုင် မေမေ့ကို အတန်ကြာစိုက်ကြည့်နေမိ၏။ မေမေပြော တဲ့ စကားတွေက အမှန်တရားတွေပဲလေ။ မမ သူ့ကို ဘယ်လိုမှ ပြန်မချစ်နိုင်ဘူးဆိုတာ သူသိသားပဲ၊ သိသိနဲ့ ဖွတ်တိုးခဲ့တာလည်း ဂယောမဆက်ပဲ ခွေလျက်ရှိနေတဲ့ မြွေပွေးကို တုတ်နဲ့ထိုးပြီး စပေးခြင်း ပဲပေါ့။

"အဲဒါ ... ဘာဖြစ်နေတာလဲ"

"ဟာင်"





နောက်ကရောက်လာတာ ဖေဖေ။

"ကိုဖြိုး"

"လွှတ်ပေးလိုက်စမ်း ... အဲဒီကောင်ကို"

"ဖေဖေ"

"ဘာလဲ"

"မမနဲ့ကျွန်တော့်ကိစ္စမှာ ဖေဖေက ဝိုပြီးတင်းမာခဲ့တာ"

"အဲဒီတော့ မင်းက ဘာလုပ်ချင်လဲ"

"မလုပ်ပါဘူး"

"မလုပ်ရင် မပြောနဲ့"

"ဖေဖေတို့ရဲ့ မေတ္တာတရားက တစ်ဖက်မှာသောင်ထွန်းပြီး တစ်ဖက်ကမ်းပြိုနေတာ သိသာလွန်းလို့ ပြောပြတာ"

"ဘာကွ"

"ကိုဖြိုး"

"ဖေဖေ ကျွန်တော့်ကို ထိုးမလို့လား"

"ဖေဖေ"

"သားကြီး"

နေသူတို့ဝင်လာတာနှင့် ဦးနေဖြိုး သားငယ်ကိုတွန်းလွှတ် လိုက်သည်။ ပိုင်ပိုင်က နေသူ့ကို စူးစူးရဲရဲပုံစံနှင့် ကြည့်ပြီး ...

"ကိုကြီး"



www.burmeseclassic.com

www.burmeseclassic.com



"ညီ"

"ကိုကြီး သိပ်ရက်စက်တယ်ဗျာ"

"ညီ ကိုကြီး"

"မပြောနဲ့ ... ကိုကြီး ကျွန်တော့်ရင်ကိုခွဲတာ"

"ဟော့ကောင်"

ဦးနေဖြိုး သားငယ်ကိုအော်လိုက်ပေမယ့် ...

"ကိုကြီးဗျာ"

"ကိုကြီးတောင်းပန်ပါတယ် ညီ။ ကိုကြီးက ချစ်ကြိုးကို ဟိုးငယ်ငယ်လေးကတည်းက ချစ်ခဲ့ရသူပါကွာ။ အဲဒါကြောင့် ကိုကြီး သူ့ကိုအဆုံးရှုံးမခံနိုင်လို့ပါ"

"မမ"

"ဟင်"

"မမကရော"

"ဘာလဲဟင်"

"ကိုကြီးကို ချစ်လို့လား"

အဲဒါ သူနဲ့ဘာဆိုင်လဲဟု စိတ်တိုသွားကာ ...

"ချစ်လို့ ကြည်ကြည်ဖြူဖြူလိုက်လာတာပေါ့"

"တကယ်"

"ဟုတ်တယ်"





"ဟား ဟား ဟား ဟား"

"ဟင်"

"ဟား ဟား ဟား ဟား"

"ညီ"

"သားငယ်"

မိုက်ကိုနှိပ်ပြီး အူလှိုက်သည်းလှိုက် ရယ်နေတဲ့ပိုင်ပိုင့်ကို ကြည့်ပြီး အားလုံး မျက်လုံးပြူးသွားကြသည်။ အချစ်ကို ဆုံးရှုံးလိုက်ရတဲ့အတွက် နလုံးသည်းခြေပျက်ပြီး ရူးသွပ်သွားသလား။

ဒါမှမဟုတ် ...

မစားရတဲ့အမဲ သဲနဲ့ပက်ဆိုသလို ကောက်ကျစ်စဉ်းလဲစွာ ရယ်မောခြင်းလား။ နှစ်ခုစလုံးတစ်ခုမှ ကောင်းတာမဟုတ်တော့ အားလုံး စိုးရိပ်ပူပန်ကြရသည်သာ။

"ဟား ဟား ဟား ဟား"

"သားငယ်"

"ညီ သတိထားလေ"

နေသူပြောလိုက်တဲ့စကားကြောင့် ...

"ဘာလဲ ကိုကြီးက ကျွန်တော့်ကို ရူးသွားပြီထင်လို့လား"

"မဟုတ်"

"မရူးပါဘူးကိုကြီးရာ။ ကျွန်တော် သရုပ်ဆောင်ကောင်းလို့



www.burmeseclassic.com

www.burmeseclassic.com



မပွင့်လင်းတဲ့ ကိုကြီးတို့ချစ်ခြင်းတရားတွေ ပွင့်အန်ထွက်ကုန်ကြတာကို သဘောကျလို့ပါ . . . ဟား ဟား"

"ဟင်"

"ဘာ"

"အံ့သြနေသလား . . . ကျွန်တော်က မမကို ကိုယ့်အစ်မရင်းလိုပဲ ချစ်တာပါ ကိုကြီးရဲ့၊ ကိုကြီးနဲ့သဘောတူတာလေ။ ကိုကြီးတို့က အသက်သာရလာတယ် မသင့်မြတ်ကြတော့"

"ဒါဆို . . . မင်း"

စပ်ဖြီးဖြီးမျက်နှာနှင့် ခေါင်းညိတ်လိုက်ပြီး . . .

"သေသေချာချာ plan ချပြီးတော့ကို စီစဉ်ခဲ့တာ။ ကိုကြီး စဉ်းစားကြည့်လေ။ ကျွန်တော်သာ မမကို တကယ် ကားတင်ပြေးချင်ရင် ကိုကြီးကို တိုင်ပင်နေပါ့မလား။ ဘယ်သူမှမသိအောင် လစ်သွားမှာပေါ့"

"ဟာ"

"မမအနားကို အခြားကောင်တွေကပ်ရပ် Jealous ဖြစ်တာလည်း ကိုကြီးအတွက်ပဲ"

"တကယ်"

"ဩော် . . . သစ္စာဆိုပြီး မီးပုံထဲ ခုန်ဆင်းပြရဦးမှာလား"

"ညီရာ"





အဲဒါ . . . တကယ်ပါ။ ကိုကြီးက တကယ်သစ္စာဆိုနိုင်းပြီး မီးပုံထဲ ခုန်ဆင်းရမယ်ဆို ပိုင်ပိုင်လုပ်ရဲတာပေါ့။ ကိုကြီးနဲ့မမကို မြန်မြန်လက်ထပ်စေချင်ပေမယ့် သူတို့က တစ်ယောက်နဲ့တစ်ယောက် ရှုံပြီး မတည့်ဖြစ်နေကြတာ။ ချစ်တာကို ချစ်တယ်လို့ မပြောဘဲ မျိုသိပ်ပြီး ခံစားနေကြတော့။

ပိုင်ပိုင် . . .

မဟုတ်မဟပ်ဇာတ်လမ်းတွေထွင်ပြီး မပြောချင်လည်း ပြောရ၊ မလုပ်ချင်လည်း လုပ်ပြခဲ့ရတာလေ။

"ကျေးဇူးတင်ပါတယ် ညီရာ"

နေသူ လှိုက်လှဲသောအသံနှင့် ပိုင်ပိုင်ကို သိမ်းဖက်လိုက်၏။

"ဟာ . . . ကိုကြီး လူမှားနေပြီ"

လို့ ပိုင်ပိုင်က ပြောလေတော့ အားလုံး ဝိုင်းရယ်ကြလေတော့၏။

ဦးနေမြိုးနဲ့ ဒေါ်ပပဇော် သားတွေကိုကြည့်ပြီး ပြုံးကာ ရှောင်ထွက်သွားလေတော့ . . .

ပိုင်ပိုင် အစ်ကိုဖြစ်သူကို လှမ်းချင်းခွာလိုက်ပြီး . . .

"ကိုကြီး"

"ဟေ"

"မမနဲ့ကျွန်တော် ဘယ်သူ့ကို ပိုချစ်လဲ"



www.burmeseclassic.com

www.burmeseclassic.com



နေသူ ချစ်ကြိုးကိုတစ်ဖက် ပိုင်ပိုင့်ကိုတစ်ဖက် ဖက်လိုက်ပြီး နောက် ...

"မယားက မယားအချစ်၊ ညီက ညီအချစ်နဲ့ တစ်မျိုးစီ အတူတူ ချစ်တာပေါ့ကွာ။ နော် ... မိန်းမ"

"ဘာမှန်းမသိဘူး ... သွား"

ခုတော့လည်း မိသားစုဆိုတဲ့ဘဝလေးကို ချစ်ကြိုး တန်ဖိုး ထားတတ်စွာ ပိုင်ဆိုင်ခွင့်ရလိုက်ပါပြီ။ ညီအစ်မနှစ်ယောက်တည်း အထီးကျန်ဆန်ခဲ့သည့် ဘဝသည် ဒီနေ့မှစ၍ နှစ်ဖက်မိသားစုတွေရဲ့ မေတ္တာရေနဲ့ စိုပြေလန်းဆန်းလာတော့မှာပါ။

အချစ်ဟောင်းနဲ့ ရင်ခွင်သစ်မှာ ...

အချစ်တွေနဲ့အတူ ကြင်နာမြတ်နိုး ယုယခြင်းတို့နှင့်။

**ချစ်သူတိုင်း ပေါင်းစည်းခွင့်ကြုံနိုင်ကြပါစေ ...**

**မိုးစက်ပွင့်**



**၂၀၁၄ အောက်တိုဘာလထွက်**

**ဆယ်နိုင်ငံမြို့**

**မမသဒ္ဒါမောင်**

အမုန်း၏ နံရံတစ်ဖက်အခြား

**ကြယ်စင်မှူးဝေ**

တိမ်လွှာထက်က အချစ်နတ်သမီး

**မယ်နိုင်**

မျက်ကွယ်ရာ

**မိုးစက်ပွင့်**

အချစ်ဟောင်းရဲ့ ရင်ခွင်သစ်

**အလင်းသစ်**

မမေ့နိုင်တဲ့ မိုးရာသီ

**လှိုင်းကြာဖြူ (လားရှိုး)**

ချစ်ခြင်းရဲ့ ကွေ့ကောက်မျဉ်း

www.burmeseclassic.com